
www.burmeseclassic.com

# ကိုရွှေတောသား

## စဉ်းစားပြီး ရွှင်နိုင်ပါသဗျ




www.burmeseclassic.com

ကျေးလက်ပျော်ဟာသလုံးချင်းဝတ္ထုသစ်

www.burmeseclassic.com



ဖြစ်တော်မူထသော မောင်မောင်ခေါင်ပွင့်(ဝရော)ပင် ဖြစ်နေလေတော့သတည်း။

ဟော ... ယခု မြန်မာပြည်၏ စာပေလောကကြီးကို စောရ နက္ခတ်နှင့်ယှဉ်ကာ အိုးမည်းသာမက ကတ္တရာစေးပါ သုတ်မည့် ငနဲသားသည် သတ္တိကောင်းစွာဖြင့် ဤလေအန်ကုန်းမြည်သော အရပ်ဒေသို့ လာရုံပါပေစွ။

ကျွန်ုပ်လည်း စိတ်ထဲ အချဉ်ပေါက်သည်နှင့် မကြာခင် ရောက် လာကြမည့် စာပေသမားများ ဝိုင်းဝန်းဘောနိုင်ကြစေရေးအတွက် အချိန် ဆွဲထားရလျှင် ကောင်းလေစွဟုပင် သဘောပေါက်ကာ ၎င်းအား စကား ကြော့ရှည်လိုက်ပါတော့၏။

BURMESE CLASSIC

"နေစမ်းပါဦး မောင်မောင်ခေါင်ပွင့်(ဝရော)ရဲ့။ မင့်နာမည်ရင်း က မောင်ဖွတ်ခေါင်ကနေ ကလောင်နာမည်ရွေးတော့ ဘယ့်နှယ် လုပ် မောင်မောင်ခေါင်ပွင့်(ဝရော) ဆိုပြီး ဖြစ်လာရတာတဲ့လဲ။ စိတ်ဝင်စားစရာ အင်မတန်ကောင်းလွန်လွန်းလို့ လင်းစမ်းပါဦး"

"ဒါလား။ သိပ်တော့လည်း မထူးဆန်းလှပါဘူး ဆရာလေး ရယ်။ ကျွန်တော့်ရဲ့ ကျားကုပ်ကျားခဲ ကြိုးစားအားထုတ်မှုတွေကြောင့် ခေါင်းကြီးတစ်ခုလုံး ပွင့်ထွက်သွားမတတ် အောင်မြင်ရမယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ မောင်မောင်ခေါင်ပွင့်ရယ်လို့ ဖြစ်လာခဲ့ရတာပါ"

"တယ်လည်း အဓိပ္ပာယ် ပြည့်ဝလိုက်ပါဘိ။ ဒါထက် အနောက် ဘက်မှာ ကွင်းစကွင်းပိတ်ထဲ 'ဝရော'ဆိုတာကြီးက"

"ဟား ... သိပ်အဓိပ္ပာယ်ရှိတဲ့ စကားလုံးပေါ့ ဆရာလေးရယ်။ ဆိုင်ကယ်တွေ 'ဝရော'လို့ အသံမြည်ပြီး ထွက်သွားတာများ ဘယ့်ကလောက် မြန်လိုက်သလဲ။ အဲသလိုမျိုး ကျွန်တော့်ရဲ့ အနုပညာလုပ်ငန်းတွေမှန်သမျှ မြန်မြန်ဆန်ဆန် အောင်မြင်မှုရရှိစေဖို့ 'ဝရော'ဆိုတဲ့ မြည်သံစွဲစကားလုံးကို ထည့်လိုက်တာပါ ဆရာလေးရယ်"

"မှတ်သားလောက်ပါပေတယ်ဗျာ။ တကယ့်ကို မှတ်သား လောက်ပါပေတယ်။ အခု လက်ထဲ ကိုင်ထားတာ ဘာစာအုပ်ပါလိမ့်"

"ဒီလထုတ် ပူမဇ္ဈမဂ္ဂဇင်းလေ။ အဲဒီမှာ ဆေးမြီးတိုတွေ ကျွန်တော်ရေးနေတယ်"

"ဟာ ... လောကကြီးတစ်ခုလုံးတော့ မင်းရဲ့ ဆေးမြီးတိုတွေ ဖတ်မိပြီး ကိစ္စများကုန်တော့မှာပဲကွယ်။ ကိုင်း ... ဒါဖြင့် ဆေးရုံရောဦး ငါ့မိတ်ဆွေတစ်ယောက် ကိုယ်ပူရှိန်တွေတက်ပြီး အများတက်နေ



www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၈၀၀၄၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၅၂၀၀၅၁၀

စီစဉ်သူ

ကိုမြိုး

ထုတ်ဝေသူ

ဦးချစ်ညွန့် (ဇင်ရတနာစာပေ)

၂၀၅/က၊ မြို့သစ်၊ အင်းစိန်။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ

ဦးကျော်စိန် (ကျောက်စိမ်းပုံနှိပ်တိုက်)

၁၇၁၊ ၃၃-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊

ရန်ကုန်။

ထုတ်ဝေခြင်း

၂၀၁၀ ခုနှစ်၊ ဇွန်လ၊ ပထမအကြိမ်

အုပ်ရေ - ၅၀၀၊ တန်ဖိုး (၁၅၀၀) ကျပ်

ဓ၉၅. ၈၃

ရွှေတောသား၊ ကို

စဉ်းစားပြီးရှင်နိုင်ပါသဗျ/ကိုရွှေတောသား။ - ရန်ကုန်။

ဇင်ရတနာစာပေ၊ ၂၀၁၀ ။

၁၅၂ - စာ ၊ ၁၃. ၂၁ × ၂၀. ၈၃ စင်တီ။

(၁) စဉ်းစားပြီးရှင်နိုင်ပါသဗျ

www.burmeseclassic.com

www.burmeseclassic.com

အချင်းမများပါနဲ့
စဉ်းစားပြီး ရှင်ဖို့ရာ

စာပေနယ် ဇာတ်ဆောင်အပေါင်းကိုလ
နာစေကွယ် မှတ်အောင် မထောင်းပါဘု
ဟောင်းမြည့်တိုင် မေ့မပျောက်ဖို့
ပြောင်နောက်မိတာ။

ဖွဲ့သဗျို့ လွန်တာရှိလျှင်ဖြင့်
တကယ့်ကို ဝန္ဒာမိပါခင်ဗျ
ဘဝင်ချလို့ ဦးနှိမ်ကာ
ခွင့်လွှတ်ပါ အာစရိ။

မဟုတ်မမှန်တာကိုဖြင့်
လုပ်ကြံကာ ဇာတ်လမ်းဆင်လို့
ရယ်စေချင် စိတ်ဓာတ်ထား
ရေးသားပါ၏။

မြို့မေတ္တာခံယူမယ့်
**ကိုရွှေတော်သား**
(၁၉.၈.၂၀၀၉)



www.burmeseclassic.com

www.burmeseclassic.com


အ

ဖြစ်

ဟောင်း

ဆို

တာ . . .

လူတိုင်းကိုယ်စီ ရှိကြသည်

www.burmeseclassic.com

www.burmeseclassic.com



## ကျွန်ုပ်မောင်တေမိနှင့်

စွပ်ပရား။ စွပ်ပရားနှင့် ကျွန်ုပ်မောင်တေမိတို့၏ ခင်မင်ရင်းနှီးမှု အတိုင်းအတာကိုဖြင့် ကျွန်ုပ် အလွန်တရာမှ မြင်ပြင်းကတ်တော်မူလှစွာသော ကိုရွှေတောသား၏ "ခဏ ခဏ မကြာမကြာ တီးဦးပါမယ်" ကဏ္ဍကို ဖတ်ဖူးသူတို့ သဘောပေါက်ကြလိမ့်မည် ထင်ပါ၏။

စွပ်ပရားသည် ကိုရွှေတောသားနှင့် ၎င်း၏ တပည့်ကျော် ပလာယာတို့၏ အလုပ်ရှင်ဖြစ်၏။ အိစ်ကွားလားသည် ကျွန်ုပ်၏ အလုပ်ရှင် ဖြစ်၏။ စွပ်ပရားနှင့် အိစ်ကွားလားတို့မှာ ဒေသိယဘာသာ စကားချင်း၊ အစား အသောက်ချင်း ထပ်တူပြု၍ မရသော်လည်း ဘာညာဘာညာကိစ္စများ၌ အကြိုက်ညီကြသူချင်းမို့ လည်ပင်းဖက်မျှ ခင်မင်ကြ၏။ အလုပ်ရှင်ချင်း ခင်ခင်မင်မင် လက်ရည်တစ်ပြင်တည်း ဖြစ်ကြသလောက် အလုပ်သမားများ ဖြစ်ကြသော ကိုရွှေတောသားတို့ ဆရာတပည့်နှင့် ကျွန်ုပ်မှာ တဖောင်းစေးနှင့် မျက်ချေးသဖွယ် ဖြစ်ကြရသည်ကား လောကျစ်သမားတို့အဖို့ ဦးနှောက်စားကြလိမ့်မည် ထင်ပါ၏။

သူတော်ချင်းချင်း သတေင်းလွေ့လွေ့ဆိုသည့် စကားအတိုင်း ကျွန်ုပ်ထံသို့ ဆဌဂံငါးစင်ရိုင်း၊ ပန်းခွေလှိုင်၊ မည်းပြောင်မြေခွေးတို့ ပေါင်းစည်းလာသည့်အခါဝယ် ကျွန်ုပ်မှာ အင်အားတွေ ပြည့်ဝလေပြီကောဟူသော အတွေးဖြင့် လက်ခမောင်းပင် ထခတ်မိပါသေး၏။ ၎င်းတို့သည် ကိုရွှေတောသားတို့ ဆရာတပည့်အား ကြည့်၍ရသူတွေ မဟုတ်ကြရကား ကိုရွှေ...သား၏ ခြေလှမ်းမှားမည့် အကွက်ကိုပဲ စောင့်နေကြလေတော့၏။ ချောက်ကျမည့် အကွက်ကိုပဲ စောင့်ကြည့်နေကြလေတော့၏။ သို့သော်ငြား ကိုရွှေတောသားတို့ ဆရာတပည့်မှာ ခြေလှမ်းမမှားဘဲ ကျွန်ုပ်၏ ရဲဘော်များသာ ခြေလှမ်းမှားသည်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကိုရွှေတောသားတို့ ဆရာတပည့် ချောက်မကျဘဲ ကျွန်ုပ်နှင့်တကွ ကျွန်ုပ်၏ ရဲဘော်များသာ ချောက်ကျခဲ့ရသည့် အကြောင်းတို့ကိုလည်း စာဖတ်ပရိသတ်ကြီးများအနေဖြင့် သိတော်မူကြပြီး ဖြစ်ပေလိမ့်မည်။

သည့်အတွက် ကျွန်ုပ်သည် အားကိုးအားထား တစ်ခုခုကို ရှာဖွေမှ သင့်လိမ့်မည်ဟု တွေးဆလိုက်မိချေ၏။ သည်ခဏ ကျွန်ုပ်၏ အတွေးထဲသို့ ဝင်ရောက်လာသူကား 'ဂန္ဓာရီမုတ်ဆိတ်'ဆိုသော ပုဂ္ဂိုလ်ကြီးဖြစ်၏။ ဂန္ဓာရီမုတ်ဆိတ်ဟူ၍ ဗေဒင်လောက၊ လက္ခဏာလောက၊ ဂမ္ဘီရလောကထဲ ဟိုးဟိုးမကျော်ခဲ့စဉ် သာမန်ဘဝတုန်းက ကျွန်ုပ်နှင့် ခင်ခင်မင်မင် ရှိခဲ့ဖူး၏။ ထိုသို့ ခင်ခင်မင်မင်ရှိစဉ် ၎င်းသည် ကျွန်ုပ်၏ ညာဘက်လက်အားဆွဲယူ၍ လက္ခဏာ ဖတ်ပေးခဲ့ဖူးရာ ထိုစဉ်က ၎င်းအား အထင်ကြီးစိတ်မရှိသဖြင့် ပေါ့ပေါ့တန်တန် သဘောထားခဲ့ဖူး၏။

"ဟလို... ကိုတေမိ...

ခင်ဗျားရဲ့ လက်ဖဝါးပြင်မှာ သောကြာဂြိုဟ်ခုံကြီးက မို့နေ မောက်နေလိုက်တာဗျာ။ ဒီတော့ သိပ်ပြီး မလိုက်စားနဲ့။ ကုမရတဲ့ ရောဂါဆိုးနဲ့ တိုးတတ်တယ်။ ဉာဏ်လမ်းကြောင်းကတော့ ဖြူးဖြူး ဖြောင့်ဖြောင့်ကြီးပါလား။ အင်း... အကြံအဖန်ကတော့ အတော်ကြီး ဖြစ်မယ့် လက္ခဏာပဲ။ ဒါပေမဲ့ ကြာကြာဝါးမယ့် သွားဆိုတာ အရိုးကြည့်ပြီး ရှောင်တတ်ဖို့ လိုသဗျို့။ ခင်ဗျား နာမည်ကြီးလိမ့်မယ်။ အတိုက်အခိုက်တွေကတော့ ဝန်းရံနေတယ်။ သတိထားရမယ်။ စားရက်ကြံခါနီးမှ မမျှော်လင့်တာတွေလည်း ဖြစ်လာလိမ့်ဦးမယ်"

သို့ကလို ဆိုခဲ့သော စကားများသည် ယခုတော့လည်း ဒက်ထိဆိုသလို မှန်နေပါပေကောဟု ကျွန်ုပ် သတိပြုလိုက်မိ၏။ ဘယ်သူမပြု မိမိမှုဆိုသော စကားအရ ကျွန်ုပ်အဖို့ ဆီးလမ်းကြောင်းနှင့်ဆိုင်သော ဝေဒနာကို မကြာခဏ ဆိုသလို ခံစားနေရရာ စထရင်၊ ကီးမိုင်၊ ပင်နီဆီလင် ဆယ်သိန်းအား၊ လာ့ဆစ် စသော ဆေးဝါးများကို မပြတ်တမ်း မှီဝဲနေရချေ၏။ သို့ဖြစ်၍ မို့မောက်သော သောကြာဂြိုဟ်ခုံကြီးအား ထုံဆေးပေးပြီး လှီးပစ်လိုက်ရကောင်းလေမည်လားဟု အတွေးဝင်ခဲ့မိပါသေး၏။

နောက်... အိစက်ကွားလား ထုတ်ဝေသော ဘူးသီးပုံကျာနယ် တစ်စောင် လုံး၌ ပေါက်တတ်ကရ ကလောင်နာမည် အမျိုးမျိုးဖြင့် စာမူခ ထုတ်ယူခြင်း၊ တစ်ပါးသူ၏ ဆောင်းပါးခကိုကြားမှ ဖြတ်အုပ်ခြင်းတို့အတွက် အကြံအဖန်များစွာ



www.burmeseclassic.com

www.burmeseclassic.com



ရခဲ့ပါ၏။ ကျွန်ုပ်၏ နာမည်လည်း (ကွန်ပျူတာစာလုံးဖွဲ့ပိုင်ကို ကြီးသဖြင့်) ကြီးပါချေ၏။ သို့သော် ကျွန်ုပ်၏ လုပ်ရပ်များကို ဘယ်ကဘယ်လို သိနေသလော မပြောတတ်။ ကိုရွှေတောသားတို့ ဆရာတပည့်မှ လိုက်လိုက်ဖွနေသဖြင့် ကျွန်ုပ်၏အဖြစ်မှာ 'ရန်စွယ်တွေကြား ရွှေမင်းသား' သဖွယ် ဖြစ်ရချေတော့သည်တမုံ့။

"တောက်. . . မှန်လိုက်တဲ့ ဟောချက်တွေကွာ။ ဒါကြောင့်လည်း ခုချိန်ခုခါမှာ 'ဂန္ဓာရီမှတ်ဆိတ် ဂန္ဓာရီမှတ်ဆိတ်' ဆိုပြီး ဗေဒင်လက္ခဏာနဲ့ ဂမ္ဘီရလောကမှာ ဆရာကြီးတစ်ဆူ ဖြစ်နေတော့တာကိုး"

အောင့်အည်း မထားနိုင်တော့သဖြင့် ကျွန်ုပ်၏ နှုတ်မှလွှတ်ခနဲ ထွက်သွားသည့်စကားကို ဂျာနယ်တိုက်အဝ ခွေးကတက်၍ထိုင်ရင်း ခြေသလုံးမွေးများအား နှိုးဖျားနှင့် ခြစ်နေသော ဆဌ္ဌဂံငါးစင်ရိုင်း ကြားသွားဟန်တူ၏။

"ဘယ့်နှယ်ပြောလိုက်တာလဲ အာစရိရယ်။ ဂန္ဓာရီမှတ်ဆိတ်ဆိုတာ နှယ်နှယ်ရရ ပုဂ္ဂိုလ်မှ မဟုတ်ဘဲဟာ။ ဒီကနေ့ ဗီဒီယို၊ ရုပ်ရှင်နဲ့ ကြော်ငြာလောကမှာ စူပါ့စူပါ စူပါစတား ဖြစ်နေတဲ့ မင်းသမီး 'ဒန့်သလွန်ဒူး' ဆိုတဲ့ နာမည်ကို သူပဲ ပေးခဲ့တာခင်ဗျ။ အဲဒီမင်းသမီး 'ဗုံလုံခင်' ဆိုတဲ့ နာမည်နဲ့ ဇာတ်ကားတွေ စရိုက် တုန်းက ဘယ်သူမှ သိခဲ့တာမဟုတ်ဘူး။ 'ဒန့်သလွန်ဒူး' လို့ နာမည်ပြောင်းလိုက်မှ ဟုန်းခနဲ နာမည်ကြီးတော့တာပဲ"

"ဟေ . . . ဟုတ်လား၊ နိပ်သဟ။ ငါလည်း ခုတစ်လော မျက်ခုံးတွေ တလှုပ်လှုပ်နဲ့။ ရှေ့ဘာတွေ ဖြစ်မယ်မသိဘူး။ မင်းသိတဲ့အတိုင်း ငါတို့အုပ်စုကို ဟိုနှစ်ကောင်က တွယ်ဖို့ ချောင်းချောင်းနေတာ မြင်တယ်မဟုတ်လား ငါးစင်ရိုင်း"

"မြင်တယ် အာစရိ"

"ဒီတော့ ငါ့အနေနဲ့ မိုးကြိုးပစ်မှ ထန်းလက်နဲ့ ထကာရတာမျိုး မလုပ်ချင်ဘူး။ ရှောင်စရာရှိတာရှောင်၊ ဆောင်စရာရှိတာ ဆောင်ရအောင် ငါနဲ့ တစ်ချိန်က မိတ်ဆွေဖြစ်ခဲ့ဖူးတဲ့ ဂန္ဓာရီမှတ်ဆိတ်ရှိတဲ့ တွံတေးမာလကာခြံကိုသွားပြီး ဇာတာလေး ဘာလေး စစ်ကြည့်ရင် ကောင်းမယ်ထင်သကွာ"

"သိပ်ကောင်းတာပေါ့ အာစရိရယ်။ အာစရိ ဘယ်နေ့သွားမလဲ ပြော။ သွားမယ့်နေ့ကျရင် တပည့်လည်း လိုက်ခဲ့မယ်။ အခက်ရတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ ဟုတ်တယ်ဟုတ်။ အဲ... အပြန်ကျရင်တော့ ထုံးစံအတိုင်း"

"အေးပါ ငါးစင်ရိုင်းရယ်... အေးပါ။ ပုလင်းကြီးနဲ့ တစ်ဝကို တိုက်ပါ့မယ် တကတည်းမှပဲ"

သို့ဖြင့် ကျွန်ုပ်နှင့် ငါးစင်ရိုင်းလည်း ဂန္ဓာရီမှတ်ဆိတ်ထံ သွားရောက်ဖို့ နေ့ကောင်းရက်သာကို ရွေးချယ်လိုက်ကြတော့၏။

Y Y Y

ကျွန်ုပ်သည် ဖနီးသည် ဒေစီဘုတ်ဆုံအား ဆရာကြီး ဂန္ဓာရီမှတ်ဆိတ် စီမံပေးလိုက်သည့် 'အထက်ဆောင်ပန်း အောက်နင်းကြမ်း' ယတြာကို သေသေချာချာ စီမံပြုလုပ်ထားရှိရန် ညွှန်ကြားသမျှ ပြုလိုက်ချေတော့၏။

"အဲဒီယတြာကို သေသေချာချာ လုပ်စမ်းပါ ကိုတေမိ။ ခင်ဗျား တွေ့နေကြုံနေရတဲ့ အခက်အခဲတွေဆိုတာ ချိုနဲ့လားလို့ မေးရလောက် အောင် ဖြစ်သွားမယ်။ ခင်ဗျားကို ဝန်းရံနေတဲ့ အတိုက်အခိုက်တွေ ဆိုတာ ရှုခနဲဖြစ်သွားရမယ်။ အဲဒီနောက် ခင်ဗျားဟာ စာနယ်ဇင်း လောကမှာ ဘယ်သူနဲ့မှမတူတဲ့ ရှောမ ပုဂ္ဂိုလ်ကြီး ဖြစ်သွားလိမ့်မယ်။ ကျုပ်ပြောတာ သဘောပေါက်တယ်နော်"

"ပေါက်ပါတယ် ဆရာကြီး... ပေါက်ပါတယ်"

တစ်ချိန်က သူလို ကိုယ်လို နေခဲ့သော ပုဂ္ဂိုလ်တစ်ဦးအား ယခု အချိန်ဝယ် ကျွန်ုပ်သည် သူလိုကိုယ်လိုဟူ၍ သဘောမထားနိုင်တော့။ နံဘေး၌ တပည့်ကျော် ဆဌဂံငါးစင်ရိုင်း ရှိနေပါလားဆိုသည့်ကိုပင် စဉ်းစား တွေးတောခြင်း မပြုနိုင်တော့ဘဲ ပုဆိန်ပေါက် ကန်တော့မိလေတော့၏။ ဆရာကြီးပေးသော အစီအရင်ဖြင့် ကျွန်ုပ်သည် စာနယ်ဇင်းလောက၌ ငါနှင့် ငါသာ နိုင်းစရာ အဖြစ်ကို ဖန်တီးရလေတော့မည်တကား။

"ကဲ... ကိုကိုတေရေ။ ဒေစီ အားလုံး စီစဉ်ပြီးပြီ။ (၉)နာရီ (၄၅)လည်း ရောက်တော့မယ်။ လာတော့... လာတော့"

"အိုကေ... ဒေစီ။ ကိုကိုတေ လာပြီဟေ့"

သည်လိုနှင့် ကျွန်ုပ်လည်း ဒေစီဘုတ်ဆုံ အဆင်သင့် ဖန်တီး ပေးထားရာ နေရာသို့သွားပြီး ဆောင်ရမည့်ပန်းကို ကိုင်လိုက်၏။ ကိုးနာရီမှ (၉း၄၅)နာရီ တိတိရောက်လေသော် ခင်းထားသည့် အရွက်များကို နင်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com


ပြီးသော် ကျွန်ုပ်၏နှုတ်မှ 'အောင်ပြီ အောင်ပြီ အောင်ပြီ ကွ'ဟု အားပါးတရ ဟစ်ကြွေးလိုက်လေတော့သတည်း။

Y Y Y

ထုံးစံအတိုင်း ဟိုလက်ဖက်ရည်ဆိုင် ဝင်ခွေလိုက်၊ သည်လက်ဖက်ရည်ဆိုင် ဝင်ခွေလိုက်နှင့် မွန်းတည့်လောက်မှပင် ကျွန်ုပ် အယ်ဒီတာချုပ်လုပ်ရာ 'ဘူးသီးပုံဂျာနယ်တိုက်'သို့ ရောက်ဖြစ်လေတော့၏။ တိုက်သို့ ရောက်လေသော် မျက်စိမျက်နှာ ပျက်နေသော ဆဋ္ဌဂံငါးစင်ရှိန်းကို တွေ့လိုက်ရချေ၏။

"ဟော့ကောင်... တိုက်ဝမှာ လင်းတလို ဘာဖြစ်လို့ မှိုင်နေရတာတုံး"

"ဘာဖြစ်ရမလဲ။ စောစောက အိစံကွားလား လာသွားတယ် အာစရိ"

"လာတာ ဘာဖြစ်လဲကွ။ ပင်တိုင်ဆောင်းပါးရှင် မောင်ကြွား အတွက် စာမူခ လာပေးတာ ဖြစ်မှာပေါ့။ သူလာပေးလေ ဖြတ်ခတ်လို့ ကောင်းလေပဲဥစ္စာ။ မင်းလည်း အသိသားနဲ့။ သူက တစ်ပုဒ်ကို နှစ်ထောင် သတ်မှတ်ပေမဲ့ ငါက တစ်ပုဒ်ကို တစ်ထောင်ဆိုပြီး ဖြတ်ခတ်နေတာ တစ်နှစ်တောင် ပြည့်တော့မယ်"

"သူလာတာ စာမူခ လာပေးတာ မဟုတ်ဘူး အာစရိရဲ့။ အာစရိ အတွက် စာလာပေးတာခင်ဗျ.. စာ.. စာ"

"ဟေ... စာဟုတ်လား။ ဘာစာများပါလိမ့်၊ မှန်း... မှန်းစမ်း"

ကျွန်ုပ်လည်း ကသောကမျောဖြင့် ဆဋ္ဌဂံငါးစင်ရှိန်းထံမှ စာကို အလျင်စလို ဆွဲယူဖွင့်ဖတ်လိုက်လေရာ...

ကိုတေမိ....

ခင်ဗျားရဲ့ လုပ်ရပ်အားလုံးကို ကျုပ်သိလိုက်ရပြီ။ မနက်က ဆရာမောင်ကြွားနဲ့တွေ့လို့ ခင်ဗျားရဲ့ မသမာမှုတွေ နောက် ကျုပ်ရဲ့ ဘူးသီးပုံဂျာနယ် တစ်စောင်လုံးအပေါ် လုပ်စားတာတွေ၊ အို... ခင်ဗျားရဲ့ အမူအကျင့်တွေ သိလိုက်ရပြီမို့ ခင်ဗျားအနေနဲ့ ကိုယ့် သဘောနဲ့ကိုယ်


www.burmeseclassic.com

www.burmeseclassic.com



ဒီဂျာနယ်က နုတ်ထွက်မလား၊ ဒါမှမဟုတ် ကျုပ်ကပဲ ဖြုတ်ရမလားဆိုတာ စဉ်းစားပါ။

ကျုပ်ပြောချင်တာ ဒါပါပဲ။ နက်ဖြန်ကစပြီး ကျုပ် ဂျာနယ်တိုက်မှာ ခင်ဗျားကို မတွေ့ချင်တော့ဘူး။

အိစ်ကွားလား

ဟူ၍ တွေ့ရလေသဖြင့် ကျွန်ုပ်လည်း ထူပူသွားမိသည့် သကာလ ချက်ချင်းပင် ဆရာကြီး ဂန္ဓာရီမုတ်ဆိတ်ထံ သွားရောက်လျက် လည်ပင်း ညှစ်လိုစိတ်များ တဖွားဖွားပေါ်ပေါက်လာခဲ့လေတော့၏။

Y Y Y

"နေပါဦး ကိုတေမိ။ ခင်ဗျား ကျုပ်ကို စော်ကားချင်စော်ကား၊ ကျုပ်ပညာရပ်ကို မစော်ကားနဲ့"

"ဘာပညာရပ်လဲ။ ခင်ဗျားပေးခဲ့တဲ့ နည်းအတိုင်း သေသေချာချာ လုပ်တာ။ အဲသလိုလုပ်မှ ဒီလို ဖြစ်ရတာ"

"ဒါဖြင့် မေးမယ်။ ခင်ဗျားလက်ထဲ ကိုင်တာ ဘာလဲ၊ နင်းတာ ဘာလဲ"

"လက်ထဲမှာ ကုက္ကိုရွက်ကိုင်တယ်၊ ခြေထောက်နဲ့ ခေါင်းရမ်း ပန်းကို နင်းတယ်"

"သွားပြီ... သွားပြီ"

"ဘာသွားတာလဲ"

"ဘာသွားရမလဲ။ ခင်ဗျားလုပ်တာ ပြောင်းပြန်ကြီးဗျ။ ကိုင်ရမှာ ခေါင်းရမ်းပန်း၊ နင်းရမှာ ကုက္ကိုရွက်"

"အယ်..."

"အယ်မနေနဲ့။ ကျုပ်လုပ်ခိုင်းသလို မလုပ်ဘဲ ကပြောင်းတိ ကပြောင်းပြန် လုပ်တဲ့သူ အလုပ်ပြုတ်တာတောင် နည်းသေး။ ကိုယ်ကလည်း မဟုတ်တာ လုပ်သေး၊ ကျုပ်ပညာကို လာစော် ကားတဲ့သူ သိကြသေးတာပေါ့။ တပည့်တို့ရေ..."

"ဗျာ.. ဆရာကြီး"

ဆရာကြီးဂန္ဓာရီမုတ်ဆိတ်၏ အသံကြောင့် ၎င်း၏ တပည့် တပန်းများ



www.burmeseclassic.com

www.burmeseclassic.com


ဝိုင်းရံလာကြကုန်၏။

"ဆရာကြီးရဲ့ပညာကို လာစော်ကားတဲ့ ငတိ။ မှတ်လောက်သားလောက်ရှိအောင်... ကဲ... သဘောပေါက်တယ်နော်"

"ပေါက်ပါတယ် ဆရာကြီး"

ပြောပြောဆိုဆို ကျွန်ုပ်အား မှတ်လောက်သားလောက်အောင် ဘောထည့်လိုက်ကြမည့် ဆရာကြီး၏ တပည့်များကိုကြည့်ရင်း ကြောက်သေးတွေ ဖျန်းဖျန်းထွက်လာကြ၏။ ထိုအနံ့ဆိုးကြောင့် ဆရာကြီး၏ တပည့်များ နှာခေါင်းပိတ်၍ အနောက်သို့ ဆုတ်လိုက်သည့် ဇာဒဂ်ဝယ် ကျွန်ုပ်လည်း 'နောက်ကျတဲ့ခြေထောက် သစ္စာဖောက်'ဟု ငယ်သံပါအောင် အော်ဟစ်ရင်း တွံတေးမာလကာခြံထဲမှနေ၍ ဖဝါးနှင့် တင်ပါးတစ်သားတည်းကျအောင် လုံကွင်းကိုသိုင်းလျက် အမြန်ဆုံး ပြေးထွက်ခဲ့ပါတော့သတည်း။


www.burmeseclassic.com

www.burmeseclassic.com


# "ဆား" ကြောက်သူများ


www.burmeseclassic.com

www.burmeseclassic.com



**ဩကာသ** ဘုရားရှိခိုး ကန်တော့ချီးလာ အဆိုးရွားဆုံး 'ကပ်သုံးပါး'အနက် ကျွန်ုပ် ဘူးသီးပုံအယ်ဒီတာချုပ် ရာထူးပြုတ် မောင်တေမိ အဖို့ ရောဂါဘယ ထူပြောလှစွာသော 'ရောဂန္တရကပ်'ကို အကြောက်ဆုံး ဖြစ်ပါ၏။

ယခုလည်း ရောက်လာပြန်ပါချေပြီ။ 'ဆား'ရောဂါခိုပါကလား။

သည်ရောဂါ၏ မူလဘူတသည် ကျွန်ုပ် မောင်တေမိတို့ တိုင်းပြည်မှမဟုတ်။ အိမ်နီးချင်း နိုင်ငံတစ်နိုင်ငံမှ စတင်ဖြစ်ပွားခဲ့ပြီး ဗိုင်းရပ်စ် ရောဂါပိုးဟာ တစ်ဦးမှတစ်ဦးသို့ အလျင်အမြန် ကူးစက်ခြင်း၊ ကူးစက်ခံရပြီး သီတင်းတစ်ပတ်ခန့်အကြာ၌ လောကကြီးကို ထာဝရနှုတ်ဆက်သွားခဲ့ခြင်း တို့ကြောင့် သည်လောကီဘုံဝလေ၌ အိမ်ထောင်သားမွေးရုံမျှသာ မဟုတ်။ ပျော်စရာ၊ ဖော်သဟာများနဲ့ လော်မာရသည်ကို သဘောအကျကြီး ကျနေ မိသည့် ကျွန်ုပ် မောင်ခတေမိအဖို့ 'ဆား'ဆိုတာကြီးကို ကြောက်ပါသည်။

"ပြည်ပနိုင်ငံတွေမှာ ကူးစက်ပြန့်ပွားနေပြီ အာစရိရဲ့။ ဆေးသိပ္ပံပညာရှင်တွေလည်း အဲဒီဗိုင်းရပ်စ်ရောဂါပိုးကို နှိမ်နင်းဖို့ အတွက် နည်းလမ်းရှာနေတာ ဒေါင်းတောက်တော့မယ်"

"ဘယ့်နှယ်... တွေ့ပြီတဲ့လား ဆဌဂံငါးစင်ရိုင်း"

"နိုး... နိုး... လုံးဝ မတွေ့သေးဘူး အာစရိ။ အဲဒါကြောင့် ပြဿနာ တက်နေတာ။ နိုင်ငံတကာ ကမ္ဘာလေဆိပ်တွေမှာ ကိုယ့်နိုင်ငံသားမဟုတ်တဲ့ ဆားရောဂါသည်ဆိုရင် နိုင်ငံတွင်းကို အဝင်မခံဘူး။ ချက်ချင်းပြန်လွှတ်တယ်တဲ့ အာစရိရဲ့"

"ထိရောက်တဲ့ လုပ်ဆောင်ချက်ပေါ့ကွယ်"

"ဆားရောဂါ ဝေဒနာရှင်ဟာ တခြားနိုင်ငံက မဟုတ်ဘဲ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com


နိုင်ငံသား ဖြစ်နေတယ်ဆိုရင် ဘယ်လိုလုပ်တယ် ထင်သလဲ''

''လုပ်စမ်းပါဦးကွာ။ မင်းက ခြေသလုံး ပလွေရိုးနဲ့ နေရာတကာ သဝေထိုးနေတဲ့ကောင်ဆိုတော့ သတင်းပေါင်းစုံ ကြားနေရတာပေ့ါ။ တော်တဲ့ ငါ့တပည့်။ မင်းတော်တယ်''

''အဟီး ... တပည့်တော်တာ ခုမှပဲ သိရလား ဆရာရယ်။ ဆရာနဲ့ ပတ်သက်လာရင် အရာရာကို ရင်ဆိုင်ခဲ့တဲ့ တပည့်ပါ''

''အိမ်း.. အိမ်း... ဟုတ်ပါ့သကွာ။ မှန်ပါ့သကွာ။ ကဲ... စကားတွေ လမ်းချော်မသွားအောင် ပြင်တည့်လိုက်စမ်းပါဦး''

''အဟမ်း.. အဟမ်း... ဆားရောဂါဝေဒနာရှင်ဟာ ကိုယ့်နိုင်ငံသား ဖြစ်နေတယ်ဆိုရင်ဖြင့် အရေးပေါ်လူနာတင်ယာဥ်နဲ့ ကူးစက်ရောဂါကုဆေးရုံကို တန်းပို့တော့တာပဲ။ အဲဒီမှာ တစ်ပတ်လောက် စောင့်ကြည့်တယ်။ 'ဘာမှ မဖြစ်ရင် ဘာမှမဖြစ်ဘူး' လို့ဆိုတဲ့ မဟုတ်လား။ တစ်ပတ်လောက်နေလို့ ဘာမှ အကြောင်းထူးမလာဘူးဆိုရင် ဒါဟာ ဆား ရောဂါမဟုတ်ဘဲ တခြားရောဂါ တစ်ခုခုဖြစ်မယ်လို့ ဆုံးဖြတ်လိုက်ကြတယ်''

''အင်း ... သေသေချာချာ တွေးကြည့်တော့ ကြက်သီးထစရာကြီးပါလားကွနော်။ ဒါ ... ကပ်သုံးပါးရှိတဲ့အနက် ရောဂန္တရ ကပ်လို့ ခေါ်သကွယ့်''

''မှတ်သားထားပါ့မယ် အာစရိ''

''နို ... နေစမ်းပါဦး။ ဆားရဲ့ ရောဂါလက္ခဏာက ဘယ်လိုများလဲ''

''အမိကကတော့ ဖျားတာပါပဲ။ ချောင်းဆိုးမယ်။ အပူရှိန်မကျဘဲ တက်နေမယ်။ မျက်လုံးမျက်ထောက် နီမယ်။ ချွေးဒီးဒီးကျတဲ့တိုင် အဖျားက ... သွားဘူး ခင်ဗျ။ နောက် ... ဦးနှောက်မြေးထဲ ရောဂါပိုးဝင်ပြီး ကိစ္စချောတော့တာပါပဲ''

''ပြဿနာပဲနော်။ ဘယ်လို ကူးစက်သလဲ''

''ကူးစက်တာကလည်း မြန်မှမြန်။ ချောင်းဆိုးတဲ့အခါ လေထုထဲကတစ်ဆင့် ကူးတယ်။ ဟပ်ထုတ်လိုက်တဲ့ ချွဲသလိပ် တွေမှာလည်း အဲဒီ ပိုးရှိနေတာပါပဲ။ ယုတ်စွအဆုံး ရောဂါရှင်ရဲ့ ကိုယ်ကထွက်တဲ့ ချွေးဟာလည်း ဆားရောဂါကို ကူးစက်ပြန့် ပွားစေနိုင်ပါသတဲ့''



www.burmeseclassic.com

www.burmeseclassic.com


"အား.. ရို.. ရို... ဘယ်ဟာမှ မသက်သာပါလား ဆဋ္ဌဂံ ငါးစင်ရှိုင်းရယ်"

"ဒီတော့ အာစရိတို့ တပည့်တို့ အနေနဲ့ ရောဂါဖြစ်လာမှ သေ ကောင်ပေါင်းလဲ ကုသခြင်းထက် တကယ့် စာနယ်ဇင်းအသိ ပညာရှင် တွေပိပိ ကြိုတင်ကာကွယ်ထားကြရင် မကောင်းဘူးလား ဟင်"

"ဟာ... ဘယ့်နှယ်ပြောလိုက်တာပါလိမ့်ကွယ်။ ကဲ... ဘယ်လိုကာကွယ်ကြမှာလဲ။ ပြော... ပြောစမ်း"

"အထက်အညာရပ်က မန္တလေးရွှေမြို့တော်ကြီးမှာတော့ ရွှေမန်းသူ ရွှေမန်းသားတို့ဆိုတာ လမ်းထွက်လျှောက်ရင်ပဲဖြစ်ဖြစ်၊ ကိုယ့်အကြောင်းနဲ့ကိုယ် သွားကြလာကြရင်ပဲဖြစ်ဖြစ် စက်ဘီးတို့ ဆိုင်ကယ်တို့၊ ကိုယ်ပိုင်ကားတို့ စီးနင်းသွားလာကြရင်ပဲဖြစ်ဖြစ် နှာခေါင်းနဲ့ပါးစပ်ကို အဝတ်စနဲ့ ပတ်ထားကြသတဲ့။ ကိုယ့်ဆီကလည်း ရောဂါမပြန့်နိုင်သလို ပတ်ဝန်းကျင်က ရောဂါတွေလည်း မဝင်လာနိုင် အောင် တားဆီးထားတဲ့ သဘောပေါ့လေ"

"အဲဒီနည်းက အကောင်းသားပဲ။ မန္တလေးရွှေမြို့တော်ကြီးမှာ စနေပြီဆိုတော့ ငါတို့ မဟာရန်ကုန်မှာကော ဒီနည်းတွေ စလာပြီလား"

"စလာပြီ အာစရိ၊ စလာပြီ။ အဲလိုစတာ ဘယ်သူတွေ မှတ် သတုံး"

"နိုး... အိုင်ဒုန့်... ဘယ်သူများပါလိမ့်"

"ဘယ်သူဖြစ်ရမှာတဲ့လဲ အာစရိ။ အာစရိနဲ့ ကျွန်တော်တို့ တပည့်အပေါင်းရဲ့ မေတ္တာတုံးကြီးတွေပေါ့"

"ဒါဆို မဖြစ်ညစ်ကျယ်ဂျာနယ်တိုက်က ကိုရွှေတောသားနဲ့ သူ့တပည့် ပလာယာတို့ ဖြစ်မယ်"

"သေချာတပေါ့ အာစရိရယ်"

"နဂိုကတည်းက သင်းတို့ ဆရာတပည့်နှစ်ယောက်ရဲ့ ရှုပ နိသင်တွေက ခပ်ဆိုးဆိုးဖြစ်နေတဲ့ဥစ္စာ။ ခုလို နှာခေါင်းနဲ့ ပါးစပ် ကို အဝတ်စတွေ စည်းလိုက်တော့ တစ်ခါတည်းကို ဆိုမာလီ စားပြပုံ ပေါက်သွားတော့တာပါပဲ အာစရိရယ်"

"ဟား.. ဟား.. ဟား.. ဟုတ်မယ်.. ဟုတ်မယ် စိတ် ကူးထဲကနေ ပုံဖော်ကြည့်တာနဲ့တင် ငါ့တပည့်ပြောတဲ့အတိုင်း


www.burmeseclassic.com

www.burmeseclassic.com



ရုပ်လက္ခဏာက တန်းနေတာပဲ။ ကဲ.. ကဲ... သတင်းပလင်းလေးတွေ ပြောနေဆိုနေတာနဲ့ မွန်းတောင် တည့်တော့မယ်။ ခုထိ အိမ်က ဘာမှ စားမလာခဲ့ရသေးဘူးကွယ့်"

"မမဘုတ်က အာစရိအတွက် အဆင်ပြေအောင် မစီမံပေးဘူးလားဟင်။ အရင်တုန်းကဆို ဆရာ့ကိုတွေ့တာနဲ့ ဘေးပတ်ဝန်းကျင်ကိုတောင် ဂရုမထားဘဲ 'ကိုကိုတေ' 'ကိုကိုတေ'နဲ့ တစ်တေလည်း တေနေတော့တာကလား"

"ဩော်... အဲဒီတုန်းက ငါ့အနေနဲ့ သူ့လိုအပ်ချက် မှန်သမျှကို ဘာတစ်ခုမှ လစ်ဟာမှုမရှိအောင် ဖြည့်ဆည်းပေးခဲ့နိုင်တယ် မဟုတ်လား။ ခုတော့ ကြာကြာဝါးမယ့်သွား အရိုးကြည့် မရှောင်နိုင်တော့ အာခေါင်စူး ပြီး လမ်းဘေးမှာ ပန်းပဲရောင်းရမလို ဖြစ်နေတယ်"

"ဒါကြောင့်လည်း ရှင်ဥတ္တမကျော်က သူ့ရဲ့ 'မဃဒေဝလင်္ကာကြီး'မှာ 'မိန်းမဟူသမီ၊ ထိုက္ကတ္တိကား၊ မရှိမကောင်း၊ ရှိမကောင်းတည့်၊ မပေါင်းလည်းခက်၊ ပေါင်းလည်းခက်၏'လို့ ရေးထားတယ် မဟုတ်လား"

"ဟာ... ဒါဆို အာစရိမှားနေပြီ။ အဲဒီ မဃဒေဝလင်္ကာ ကြီးကို ရေးတာ လယ်တီပဏ္ဍိတဦးမောင်ကြီး ဖြစ်လိမ့်မယ်"

"ထွတ်... တော်စမ်း... မင်းက ဆရာလား၊ ငါက ဆရာလား။ ငါ ရမ်းတုတ်တာ မဟုတ်ဘူး။ အင်တာဗျူးတစ်ခုထဲမှာ စာရေးဆရာ မောင်ပွေကြီး(ကတောင်း)က အဲသလိုမျိုး ပုံနှိပ်အကွာရာ တင်ထားလို့ ပြောနိုင်တာကွ။ မင်း.. ငါ့လို သက်သေ အထောက်အထား ရှိလို့လား"

"ထားလိုက်ပါတော့ ဆရာရယ်။ ဆရာက ဆရာပါပဲ ဆရာရယ်နော် ဆရာ"

"အေး... အေး.. အဲသလိုမျိုး ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးမှပေါ့"

"အာစရိမှာ နွမ်းပါးနေတာ တပည့် သိတယ်။ ဒီတော့ တပည့် ထုတ်ဝေသူ အိစံကွားလား မသိအောင် ဂျာနယ်ဖလင်ချောင်း တော်တော်များများ လိပ်ထားတာရှိတယ်။ အာစရိ အဲဒါကို ရွှေနားက ဘော်တယ်ဆိုင်မှာ သွားဖျော်ပြီး လေအုံ ကုန်းဘက်



www.burmeseclassic.com

www.burmeseclassic.com



သွားထိုင်ကြတာပေါ့"

"ဘာကွ။ လေအန်ကုန်းဟုတ်လား။ မကြားဖူးပေါင်ကွာ။ လေထန်ကုန်းပဲ ရှိတယ်မဟုတ်လား"

"အဲဒါတွေကြောင့် အာစရိတစ်ယောက် ကားရင့်တွေ အောက်နေပြီလို့ ပြောရင် တပည့်ကို နားဘန်ကျင်းဦးမယ်။ နေ့စဉ်၊ အပတ်စဉ်၊ လစဉ် ထွက်ရှိနေတဲ့ စာနယ်ဇင်းတွေကို လေ့လာမှပေါ့။ နို့မဟုတ်ရင် အောက်သွားမယ်"

"ဝယ်စရာ ပိုက်ဆံ[illegible] တပည့်ရယ်။ ဘယ်လို လုပ် ဝယ်နိုင်မလဲ"

"ဟီး .. ! [illegible]တော့ မပြောပါနဲ့ အာစရိရယ်။ တ[illegible]တို့ရဲ့ လက်ဦးဆရာဟာ မောင်တေမိပါ။ ဒီတော့ အာစရိ မောင်တေမိကို တပည့်[illegible]စ်မထားပါဘူး"

"ဒါဆိုရင် မင်းပြောတဲ့ လေအန်ကုန်းမှာ လက်ဖက်ရည် ရသလား"

"ရတယ် အာစရိ၊ လမ်းသွားလမ်းလာ မဒီအရွယ်အစား အမျိုးမျိုး တွေကိုလည်း အာစရိရဲ့ မျက်မှန်နက်ကြီးအောက်ကနေ ခေါ်တော့ရှုနိုင်ပါသေးတယ် အာစရိ"

"ကောင်းပြီ ကြိုက်သွားပြီ။ ဒါဆို ခု နေ့လယ်ဘက် လေအန် ကုန်း ချီတက်မယ်။ ညနေရောက်ရင် လေးဆယ့်နှစ်လမ်းကို ချီတက်မယ်"

"ဩော်... ဒါတွေကို အာစရိ မမေ့သေးဘူးနော်"

"ကမ္ဘာတည် ရာသီတွေ ရွေ့စေဦးတော့ ဘယ်မေ့နိုင်မှာ တဲ့လဲ တပည့်ရယ်"

သို့ဖြင့် ကျွန်ုပ်တို့ ဆရာတပည့်လည်း လေအန်ကုန်းဟု အမည် သညာရှိပေထသော စာပေဗိမာန်နှင့် (၃၈)လမ်းကြား၊ ကုန်သည်လမ်းပေါ် တွင် မေးတင်ထားသော ဇင်မင်းမောင် အမည်ရှိ လက်ဖက်ရည်ဆိုင် ကလေးသို့ ရောက်ရှိခဲ့လေ၏။ လက်ဖက်ရည်ကား သင့်တင့်ကောင်းမွန်သည်ဟု ဆိုနိုင် ဘောင်း၏။

"အာစရိ... ဟို.. ဟိုမှာ ကြည့်လိုက်စမ်း"

"ဟင်... ကို.. ကိုရွှေတောသားတို့ ဆရာတပည့်"



www.burmeseclassic.com

www.burmeseclassic.com



မှန်၏။ ကိုရွှေတောသားတို့ ဆရာတပည့်သည် 'ကျန်းမာရေး အသိကြွယ်ဝသူများပေတကား' ဟူသော ကြွားလုံးကို ထုတ်ချင်၍ထင့်။ နှစ်ဦးသား နှာခေါင်းနှင့် ပါးစပ်ဝယ် လုတပတ အဝတ်စကလေးများစည်းလျက် စာပေဗိမာန်စာအုပ်အရောင်းဆိုင်အတွင်းသို့ ဝင်သွားကြလေ၏။

"ဟောဒီနေရာက ခုဆို စာပေသမားတွေ တော်တော်ဆုံကြတဲ့ နေရာကလေး ဖြစ်နေပြီ အာစရိရဲ့။ မနက်နဲ့ နေ့လယ်ဆို လေအန်ကုန်း လူစည်သလို ညနေပိုင်းကျတော့လည်း လေထန်ကုန်းမှာ လူစည်ပြန်တာပဲ"

"လုပ်ငန်းနှင့် သဟဇာတဖြစ်အောင် လှုပ်ရှားနေထိုင်ကြရတာ ဖြစ်မှာပေါ့ကွယ်"

သို့... ဆရာတပည့်နှစ်ယောက် လက်ဖက်ရည်ကျိုက်ပြီး စီးကရက်ကိုယ်စီခဲကာ ရေနွေးကြမ်းအိုးဖြင့် စိမ်ကျနေစဉ် လေအန်ကုန်းရှိရာသို့ စာပေသမားတွေ တဖွဲဖွဲ ရောက်လာပြီး ဝိုင်းဖွဲ့ထိုင်ကြပါချေ၏။

မုဒုံသူအဖြစ်မှ သန်လျင်သူ ဖြစ်လာသော စာရေးဆရာမလေး ကြည်ပွေ့အိမ်၊ တွံတေးမှ ကူးလာသော စာရေးဆရာမလေး ဘလာဖြူ၊ ဘာသာပြန်စာရေးဆရာ မောင်တင်ချွန်၊ ပြဇာတ်စာရေးဆရာ မောင်စွင့်ကား(ဘိုကလေး)၊ အယ်ဒီတာကြီး မောင်ငြိမ်းတူ(ကြို့ပင်ကောက်)၊ ကဗျာဆရာဖြိုးပိန်၊ ဗုဒ္ဓဝင်ဝတ္ထုရေးဆရာ မောင်ရန်စ(လယ်မနီး)တို့ ဝိုင်းဖွဲ့နေကြသည်တို့ ကျွန်ုပ်တွေ့လိုက်ရရာ ကျွန်ုပ်တို့ ဆရာတပည့်နှစ်ယောက်အဖို့ ခေတ်အနောက်ကျဆုံး လူသားတွေ ဖြစ်မှန်းမသိ ဖြစ်သွားကြလေ၏။

ဘာကြောင့်ဆို အထက်ဖော်ပြပါ ဆရာတွေ၊ ဆရာမတွေ ကိုယ်စီသည် ကျန်းမာရေးအသိကြောင့်ပဲဆိုဆို၊ ဖက်ရှင်သဘောဟုပဲပြောပြော အဝတ်စည်းလေးတွေ ကိုယ်စီနှင့် ခွဲစိတ်ခန်းဝင်ကြတော့မည့် ကျန်းမာရေး လုပ်သားတွေအလား ကြည့်ရှု၍ မဝနိုင်တော့။

ထိုခဏ ၎င်းတို့ဝိုင်း ရှိရာသို့ မင်းလှမှ ကဗျာဆရာ 'တောသားကြီးဖူလိုင်' ရောက်လာ၏။ အံမယ်... အထုပ်အပိုးတွေ ပါလိုက်သေး။ ဟောဗျာ.. အဲသည် ဆရာလည်း ၎င်း၏ နှာခေါင်းနှင့် ပါးစပ်မှာ အဝတ်တွေ စည်းထားလို့ပါကလား။ ထိုခဏ ဆရာမ အိုးခြမ်းခွဲ(ရာမည) ရောက်လာ၏။

"စပါကလင် တစ်လုံးဟေ့"

"ခါတိုင်းလို 'ဆား' နည်းနည်း ပူခွဲရမလား ဆရာမ"



www.burmeseclassic.com

www.burmeseclassic.com



"မယူခဲ့နဲ့.. မယူခဲ့နဲ့။ 'သား'ဆိုတဲ့စကားကို လေသံတောင် မကြားချင်တော့ဘူး"

အသံက ပီပီသသ ပြတ်ပြတ်သားသား မဟုတ်။ ဗလုံးဗထွေး။ ထုံးပေမပေါ့။ ထွေးပေမပေါ့။ ၎င်းသည် နှာခေါင်းနှင့် ပါးစပ်ကို အဝတ်စည်းလျက် ဘာသာဗေဒ သဒ္ဒဗေဒတွေကို ထုတ်လွှင့်နေရပေသကိုး။

သည်လို မြင်ကွင်းမျိုးတွေကို တွေ့ရကြုံရတော့ ကျွန်ုပ် မောင်တေမိ၏ ရင်ထဲဝယ် ကျလိကျလိ ဖြစ်လာချေ၏။ သူပြောင်လျှင် ခေါင်းကွန့်လို့၊ ကြောင်ဝံ့တဲ့သူပါဟု ကျွန်ုပ် ဟစ်ကြွေးရလေမည်လား။

ရင်ထဲမှာတော့ တေးမှတ်ထားတာတွေက တစ်ပုံတစ်ပင်။

Y Y Y

နောက်တစ်ရက်သို့ ရောက်လေသော် ကျွန်ုပ်မောင်တေမိလည်း ဘာမျှ မလုပ်မရှိဘဲ မြို့ထဲသို့ ထွက်ခဲ့ပါချေ၏။ ဦးစွာ လေအန်ကုန်းမှာ ထိုင်မည်။ နောက်... တပည့်ကျော်တို့ရှိရာ သွားမည်ဟု အစီအစဉ် ချထားလိုက်လေ၏။ အကယ်စင်စစ်မူ ကျွန်ုပ်မောင်တေမိအဖို့ မဖြစ်မနေ သွားကိုသွားရမည့် ကိစ္စဟူ၍ မရှိပါ။ သို့ရာတွင် ကျွန်ုပ်သည် ကိုယ်တိုင်လက်ဖြစ် အဝတ်စတစ်ခုကို တတ်ကြေးဖြင့်ညှပ်၍ နှာခေါင်းနှင့် ပါးစပ်စည်းရန် ဖန်တီးခဲ့သည်။

ထိုသို့ ဖန်တီးပြီးသည်နှင့် ကျွန်ုပ်မောင်တေမိလည်း 'ခေသူ မဟုတ်' ဆိုခြင်းကို စာပေလောကသားများ သိကြစေရန် အလို့ငှာ အိမ်၌ နားနားနေနေ မနေနိုင်ဘဲ ထွက်လာခဲ့ခြင်း ဖြစ်ချေ၏။

"ဟာ.. အာစရိ.. ခေတ်မီလာပြီဗျို့"

"မိတယ်... အာစရိ. သိပ်မိတာပဲ"

"အဲဒီစတိုင်နဲ့ ဓာတ်ပုံတစ်ပုံ ရိုက်မယ်"

တပည့်ကျော်များ ဖြစ်ကြသည့် ဆဋ္ဌဂံငါးစင်ရိုင်း၊ ပန်းခွေလှိုင်း၊ ညီးပြောင်မြေခွေးတို့က နှာခေါင်းနှင့် ပါးစပ်အား အဝတ်စည်းနှောင်ထားသော ကျွန်ုပ်အား ဂါရဝတရားရှေ့ထားလျက် ကျွေးမွေးကြကုန်၏။ [illegible] ကုန်၏။ ထို့ပြင်တစ်ဝ အပြန်ခရီး၌...

"ကားကို ခါတိုင်းလို ခိုမစီးနဲ့နော်။ တပည့်တို့ သိ[illegible]တယ်



www.burmeseclassic.com

www.burmeseclassic.com



အာစရိ"

ဟုဆိုလျက် ကားခ တစ်ရာနှင့် တစ်မတ်ကို ပေး၏။ တစ်ရာက ကားခဖြစ်သော်လည်း တစ်မတ်က ဘာကြောင့် အပိုပါလာရသနည်း။

"ဆောင်ထားပါ အာစရိရယ်။ အာစရိအရေးကြုံရင် ဒုက္ခ မရောက်အောင်လို့ပါ"

သို့ဆိုသောကြောင့် ကျွန်ုပ်လည်း မသိနိုးနားနှင့် ပိုက်ဆံတစ်မတ် စေ့ကို သေသေချာချာ သိမ်းဆည်းထားလိုက်ပါချေ၏။ သို့ဖြင့် အကာလ ညသို့ ရောက်လေသော် ကျွန်ုပ်လည်း အိမ်ခန်းတံခါးကို ဖြည်းညင်းစွာ ခေါက်လိုက်လေသည်။

"ဩော်... ရှင် ပြန်လာသေးတယ်နော်"

"ပြန်လာရမှာပေါ့ ဘုတ်ဘုတ်ရယ်။ မပြန်လို့ ဘယ်ဖြစ်မလဲ"

"ဒါထက် ရှင့်နှာခေါင်းနဲ့ ပါးစပ်က ဘာဖြစ်တာလဲ"

"ဆား... ဆားရောဂါကြောက်လို့ ကာကွယ်တဲ့အနေနဲ့"

"ကဲ.. ဟယ်..."

"ဒေါက်"

"အား..."

ကျွန်ုပ်၏ ဦးခေါင်းတစ်ခုလုံး ထူထူပူပူ။

"ဒီမှာကြည့်စမ်း။ ရှင့်နှာခေါင်းနဲ့ ပါးစပ်ကို စည်းဖို့အတွက် ဖြတ်ထုတ်လိုက်တဲ့ အဝတ်စ"

"ဟင်.. ဟာ... သွားပါပြီကွယ်"

သည်ခဏ ကျွန်ုပ် မောင်တေမိအဖို့ ကိုယ့်နဖူးပြောင်ကို ကိုယ် ပြန်ရိုက်ရုံမှတစ်ပါး အခြားမရှိတော့။ အကြောင်းမူ ကျွန်ုပ်ကတ်ကြေးဖြင့် ဖြတ်ယူကာ စည်းနှောင်မိခဲ့သော အဝတ်စသည် ဒေဝီဘုတ်ဆုံ အတွင်းခံ ဝတ်သည့် စကတ်ကဲ့သို့သော စပန့်ရေယွန်းစ ဖြစ်နေသောကြောင့်ပါတည်း။

www.burmeseclassic.com

www.burmeseclassic.com



# ကိုက်ရှိုက်

# အင်တာများ

www.burmeseclassic.com

www.burmeseclassic.com



## တစ်နေ့သ၌

ဘူးသီးပုံဂျာနယ်အယ်ဒီတာပြုတ် ကျွန်ုပ်မောင်တေမိထံသို့ ပုဂ္ဂိုလ်တစ်ဦး ရောက်ရှိလာလေ၏။

"ဆရာမောင်တေမိ ဟုတ်ပါတယ်နော်"

"ရေမရောပါဘူး မိတ်ဆွေ။ ကျွန်ုပ်မောင်တေမိမှ မောင်တေမိ အစစ်ပါ"

"စိတ်မရှိပါနဲ့ဆရာ၊ တစ်ဆက်တည်းဆိုသလိုပဲ ဆရာ့အမြဲ တမ်းလက်ကိုင်ပြုနေကျ ဆောင်ပုဒ်ကလေးကို သိရပါစေ"

"မည်သူမဆို ကိုယ့်ဝက်ခြံကိုယ်ညှစ်၊ ကိုယ့်လက်ကျန်ကိုယ် ကစ်ဆိုတာလား"

"ဒီလောက်ဆို ရှေ့ဆက်စရာ ဘာမှမလိုလောက်အောင် ပြည့်စုံပါပြီဆရာ။ ခုလို လေကြောရှည်ပြီး မေးမြန်းရတာကလည်း လောကမှာ လူတွေနာမည်တူတွေက အများကြီး မဟုတ်လား ဆရာရဲ့"

"မှန်တာပေါ့ မိတ်ဆွေ။ ကိုယ်ကသာ လောကကြီးထဲ ကိုယ့်ဥပမိရုပ်ဟာ ဒီတစ်ခုပဲ ရှိလိမ့်မယ်ထင်တာ။ တကယ့်တကယ်တော့ ဘယ်ဟုတ်လို့လဲဗျာ။ ရာဇာနေဝင်းကိုပဲကြည့်။ သူနဲ့တူတဲ့လူတွေဆိုတာ မနည်းမနောပါဘဲလား"

"ဒါကြောင့်လည်း ဆရာမောင်တေမိ အစစ် ဟုတ်မဟုတ် မေးမြန်းရတာပေါ့ ဆရာ။ ခုလာတဲ့ကိစ္စက တခြားမဟုတ်ပါဘူး။ City FM Star Online ကို သိတယ်မဟုတ်လား"

"ရန်ကုန်မြို့တော်က ထုတ်လွှင့်တဲ့ ပရိသတ်နဲ့ အနုပညာရှင်တို့ တယ်လီဖုန်းစကားပြောတဲ့ အစီအစဉ်ပဲ။ စနေနေ့ မနက် (၁၀)နာရီဆို ထုတ်လွှင့်နေကျလေ"

"မှန်တာပေါ့ဆရာရယ်။ ဆရာက ဂျာနယ်လစ်စစ် တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်လို့ မပြောရဘူး။ အင်မတန်မှ လေ့လာမှုအားကောင်းပြီး ဗဟုသုတလည်း ကြွယ်ဝပေသကိုး"

"ဟီး. . ဟီး. . ဟီး. . ဟဲ. . ဟဲဟဲ"

"ခု ကျွန်တော်လာတဲ့ ကိစ္စက ကျွန်တော်တို့ သီးခြားစီစဉ်တဲ့ Country ရေဒီယိုက Star online ကနေပြီး ထင်ရှားကျော်ကြားတဲ့ ဂျာနယ်လစ်တွေ၊ အယ်ဒီတာပြုတ်တွေနဲ့ ပရိသတ်ကို တိုက်ရိုက် တယ်လီဖုန်း စကားပြောကြတဲ့ အစီအစဉ်ကလေး လုပ်မလို့ ဆရာ"

"ဟား. . . ကောင်းတယ်. . ကောင်းတယ်"

"အဲဒါ အဲဒီအစီအစဉ်ကလေးကို ဆရာနဲ့ စဖွင့်ရင် ကောင်းမယ်လို့ ကျွန်တော်တို့ မင်းဆာလကြီးတွေ အစည်းအဝေးထိုင်၊ ဆုံးဖြတ်ပြီး ဆရာ့ကို လာရောက်ကမ်းလှမ်းခေါ်ယူတာပါဆရာ။ အဲဒီအတွက်လည်း ဆရာ့ကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုလက်ဆောင်တွေ၊ မှတ်တမ်းတွေနဲ့ ချီးမြှင့်ပါဦးမယ် ဆရာရယ်"

"ကောင်းပြီလေ။ ခုလို တကူးတက ရောက်လာတယ် ဆိုတော့လည်း ကျွန်တော့်အနေနဲ့ ငြင်းပယ်ဖို့ မကောင်းတော့ဘူး။ မအားမလပ်တဲ့ကြားကနေ ကူညီရတော့မှာပဲ"

စင်စစ် ကျွန်ုပ်မောင်တေမိမှာ လောလောလတ်လတ် ဟိုအလုပ် ရှိုး၊ သည်အလုပ်ရှိုးဖြင့် လွယ်အိတ်လွယ်၊ ထီးကိုင်ကာ လိုက်လံရှာဖွေနေသည့် သမယဖြစ်၏။ သည့်အတွက် အဘယ်မှာလျှင် မအားမလပ်ဟူ၍ ရှိနိုင်ပါအံ့နည်း။ ဒါသည်ပင် ကျွန်ုပ် မောင်တေမိသုံးနေကျ အိုက်တင်ဖြစ်၏။ ဤအချိန် ဤကာလ၌ ကျွန်ုပ်အဖို့ လက်ဆောင်ကောင်းကောင်း ရမည့်အလုပ်၊ အကြံအဖန် ဝေဝေစည်မည့် အလုပ်များရှိပါက ခေါင်းကို မော့၊ ရင်ကိုကော့လျက် မလျှော့သော ဖွဲလုံ့လဖြင့် ရင်ဆိုင်ရန် အသင့်ရှိချေ၏။

"ကိုင်း. . . ဆရာမောင်တေမိရေ။ ကျွန်တော် သွားတော့မယ်။ လာမယ့် တနင်္ဂနွေ မနက်စောစော ဆရာ့ကိုလာခေါ်မယ်။ အဆင်သင့် ပြင်ပြီး စောင့်နေပါ။ ဟိုရောက်မှ စားသောက်မယ်။ ကဲ. . . ဂိုးပြီ"

"အိုကေ"

အဆိုပါ ပုဂ္ဂိုလ် နှုတ်ဆက်ပြန်သွားတော့ ကျွန်ုပ်မောင်တေမိသည် လက်တပြပြ၊ အူတရွှင်ရွှင်ဖြင့် ရင်ခုန်စွာ ကျန်ရစ်ခဲ့ချေတော့၏။

Y Y Y



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် တစ်ရက်ပြီးတစ်ရက် ကုန်စင်ပြီးနောက် ကျွန်ုပ်မောင်တေမိ ရင်ဖိုစွာ စောင့်စားနေခဲ့သော ဆန်းဒေးခေါ် တနင်္ဂနွေနေ့သို့ ရောက်ရှိလာခဲ့ချေသည် တစ်မုံ့။

တာဝန်ရှိ ပုဂ္ဂိုလ်က ကတိတည်တည် အချိန်တိကျစွာဖြင့် လာရောက်ခေါ်ဆောင်သဖြင့် ကျွန်ုပ်မောင်တေမိလည်း တစ်ခါမျှ မရောက်ဖူးသည့် Country ရေဒီယို၏ အသံသွင်းခန်းမတွင်းသို့ နံနက်စာ လက်ဖက်ရည် သုံးဆောင်ပြီးသည့် နောက်ပိုင်း ရောက်ရှိသွားချေတော့၏။ Country ရေဒီယို အစီအစဉ်သစ် Star Online ကို စတော့မည်ဟု အသံဖမ်း အင်ဂျင်နီယာမှ မီးရောင်ကလေးဖြင့် အချက်ပြလေရာ ကနဦး၌ ကျွန်ုပ် မောင်တေမိအဖို့ ရင်တဖိုဖို ဖြစ်ရချေသေး၏။ သို့ရာတွင် ခဏကလေးအကြာ၌ ကျွန်ုပ်မောင်တေမိ၏ ရင်ခုန်သံစည်းချက်များသည် ငြိမ်ကျသွားလေတော့၏။ သည်အစီအစဉ် မချောမော၍ မဖြစ်။ ချောမောမှလည်း အပြန်၌ ဂုဏ်ပြုလက်ဆောင်တွေ ပွေ့ပိုက်ရမည် မဟုတ်ပါလော။

ကျွန်ုပ်မောင်တေမိအဖို့ အားအားရှိတိုင်း City FM ရေဒီယိုကို ဖွင့်နေကျမို့ တုန်လှုပ်မှုမရှိတာ သေချာခဲ့ပါပြီ။ သည်ခဏမှာပင် အစီအစဉ်ကို စလိုက်ကြပေတော့သတည်း။

Y Y Y

(၁)

"ဟဲလို... မောင်တေမိနဲ့ ပြောချင်လို့ပါ"

"ဟုတ်ကဲ့။ ကျွန်တော် မောင်တေမိပါ"

"ဟယ်.. မောင်တေမိ။ ကြည့်... သူများကို မမှတ်မိဘူးလား"

"အင်း... ဘယ်မှာများ တွေ့ဖူးပါလိမ့်"

"ပြီးခဲ့တဲ့လတုန်းက ဝဇီရာရုံအောက်မှာ ဆုံကြတာလေ"

"ဒါ... ဒါဆို စောအာပလာပေါ့"

"ဒီလိုတော့လည်း မှတ်မိသားပဲ"

"ကဲ... စောအာပလာ။ သည်ပွဲဖြင့် လူတွေကိုလည်း အလှည့်ပေးရမှာမို့ ဘာစကားများ ပြောချင်သေးလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုပဲ ပြောချင်တယ်"

"ဆို. . . "

"သိပ်. . . သိပ် မကဲနဲ့လို့"

Y Y Y

(၂)

"ဦးဦးတေလား"

"ဝုတ်. . အဲ. . ဟုတ်"

"သမီးက တိမ်ယံနီလာတဲ့"

"လုလိုက်တဲ့ နာမည်လေးပါလားကွယ်။ အခု ဘာလုပ်နေလဲ"

"ရေခဲရေ ရောင်းတယ်လေ။ ခု သမီးက သမီးသူငယ်ချင်း ဘဲဥပြုတ်၊ ကြက်ဥပြုတ်၊ ငုံးဥပြုတ်တို့ရောင်းတဲ့ အာကာကြယ်စင်နဲ့ ပြိုင်ပွဲလုပ်ထားတယ် ဦးတေရဲ့"

"ဘာပြိုင်ပွဲလဲ"

"ဦးတေကို ဖုန်းဆက်ပြိုင်မလို့"

"ဒါဆိုရင် သမီးနိုင်သွားပြီ။ အာကာကြယ်စင် ခုထိ ဦးဆီ ဖုန်းမဆက်သေးဘူး"

"ဒါဆို ကောင်မ ဘဲဥပြုတ်၊ ကြက်ဥပြုတ်၊ ငုံးဥပြုတ်ဗန်း ကို စည်ပင်ဆွဲသွားလို့ ဖုန်းဖိုးတောင် မရှိဘူးဖြစ်မယ်။ ဒါပဲနော်. . . ဦးတေ၊ ဂွဒ်ဘိုင်. . . "

"ဘိုင်"

Y Y Y

(၃)

"မောင်တေမိလားဟော့"

"ဟုတ်. . . ဟုတ်ပါတယ်ခင်ဗျာ့"

"အမေကြီးနာမည်က မုတ္တမခင်တဲ့"

"ဟာ. . . နာမည်ကျော်ဆရာမကြီးပဲ။ ခု. . . မုတ္တမာ ဆေး ဆက်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကလာ။ ရန်ကုန်ရောက်နေတာ။ ခု ဟက်ပီးဝေါ် မှာ သရဲရထားစီးမလို့။ ကလေးတွေနဲ့ တန်းစီနေတုန်း ဆဲလ်ဖုန်း နဲ့ ဆက်ကြည့်တာ။ မင်း အယ်ဒီတာချုပ်လုပ်ခဲ့တဲ့ ဘူးသီးပုံဂျာနယ်တွေ အိမ်ကမြေး ပိသာချိန်နဲ့ ဝယ်လာလို့ ဖတ်ရတယ်။ တယ်ပြီးတော့ အရည်မရ၊ အဖတ်မရတွေက များသကိုးကွယ့်။ အဲဒါနဲ့ မင်း စီးပွားတော်တော် ဖြစ်ခဲ့ရဲ့လား"

"အင်း... မီးဖိုချောင် အဖီကလေး ဆွဲနိုင်ပြီး ရေလောင်းအိမ်သာ ကလေးတစ်လုံးတော့ ဆောက်ဖြစ်နိုင်ခဲ့တာပဲ။ ကျန်တာတွေကတော့ မိန်းမလက်ထဲ အပ်ရင်းနဲ့ ပျောက်သွားတာပေါ့ အမေကြီးရယ်"

"ဒါပဲပေါ့လေ။ မည်သူမဆို ကိုယ့်ဝက်ခြံ ကိုယ်ညှစ်ရစမြဲ မဟုတ်လား။ အေး... အမေကြီးပြောချင်တာ ဒါပဲ။ နောက်ဆို ကြာကြာဝါးမယ့် သွားဆိုတာ အရိုးကို ရှောင်တတ်ဖို့ လိုတယ်။ ဆင်ခြင်ကွယ့်... ဆင်ခြင်"

"ဟုတ်... ဟုတ်ကဲ့"

Y Y Y

(၄)

"ဟလို... ပြောပါ၊ ကျွန်တော် မောင်တေမိပါ"

"ဆရာ တပည့်ကို မမှတ်မိဘူးလား"

"အင်း... နားက တစ်ချီတစ်ချီ လေထွက်ချင်နေတော့ ဝေဝေဝါးဝါးပဲ။ ဘယ်သူများပါလိမ့်။ စိတ်မရှိပါနဲ့နော်"

"အဝေးကို ရောက်နေတဲ့ ဆရာ့တပည့် မည်းပြောင်မြေခွေးပါ ဆရာ"

"ဟယ်... မင်းနှယ်ကွာ။ နေနိုင်လိုက်တာ။ ငါ ဘူးသီးပုံကို အပိုင်စားရစဉ်က ငါ့အပါး တဝုန်းဝုန်း တရုန်းရုန်းနဲ့။ ငါလည်း ဘူးသီးပုံက ပြုတ်ရော အပါးမှာ တစ်ယောက်မှ မရှိကြတော့ဘူး"

"ဆရာရယ်... တပည့်ကို ပန်းခွေလှိုင်တို့ အစားထဲ မထည့်ပါနဲ့။ တပည့်ရဲ့ စိတ်ထဲမှာ ဆရာက ဆရာပါပဲ ဆရာရယ်နော် ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ... များလိုက်တဲ့ ဆရာတွေ"

"ဒါတွေအသာထား ဆရာ။ ကျွန်တော် အခု ဆရာ့အတွက် ဟိုဆေးရလာတယ်။ အဲဒါ ကျွန်တော် လာရင် ယူလာခဲ့မယ် ဆရာ"

"ဒါဆို မြန်မြန်လုပ်ကွယ်။ သုံးပုံသုံးနည်းလည်း ပြောနော်"

"ဒါက နှစ်ကိုယ်ကြား လေသံတိုးတိုးလေးနဲ့ ပြောရမှာ ဆရာရဲ့"

"အေးကွယ်... ဆရာ လောကြီးသွားတယ်"

"ဒါပဲနော် ဆရာ"

"အိုကေ"

Y Y Y

(၅)

"ဟဲလို... ခဏလေးကိုင်ထားနော်"

(ယောက်ျားသံ ပေါ်ထွက်လာပြီးနောက် တစ်အောင့်အကြာ၌ မိန်းမသံ ထွက်ပေါ်လာ၏။)

"အခုပြောနေတာ ဘူးသီးပုံပြုတ် မောင်တေမိ သေချာပါတယ်နော်"

"သေချာပါတယ် ခင်ဗျ"

"ဒါဆို လိုရင်းကိုပဲ ပြောမှ ဖြစ်တော့မယ်"

"ပြောပါ"

"ရှင်နဲ့ရှင့်အဖွဲ့ ကျွန်မဆိုင်မှာ လွှင့်ခဲ့တဲ့တစ်လလောက်က မျိုဆို သွားတဲ့အကြွေး ဒီရက်အတွင်း လာရှင်းမလား၊ မရှင်းဘူးလားပြော"

"ဟာ.. သောက်တာက ကျွန်တော်တစ်ယောက်တည်း မဟုတ်ဘူးလေ"

"တစ်ယောက်တည်းမဟုတ်ပေမဲ့ ရှင်က အဲဒီဝိုင်းမှာ အာစရိ ချင်း မိုးမွှန်အောင် အခေါ်ခံရတဲ့ ခေါင်းဆောင်။ ဒီတော့ ဘာပဲ ဖြစ်ဖြစ် ရှင့်မှာ တာဝန်ရှိတယ်"

"ခင်ဗျား အဲလိုတော့ အကျပ်မကိုင်နဲ့ ဒေါ်မာမား"

"ဒီလိုလား ရတယ်လေ၊ ရတယ်။ ရှင်မပေးချင်ရင်လည်း ရတယ်။ ခုတလော ကျွန်မတို့ဆိုင်မှာ ဖောက်သည်နှစ်ဦး တိုးလာတယ်။ အဲဒါ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူတွေလဲ သိချင်လား။ သိချင်ရင် ပြောရမှာပလေ။ အဲဒါ မဖြစ်ညစ်ကျယ်ဂျာနယ်က ရှင့်လို အယ်ဒီတာပြုတ် မဟုတ်တဲ့ ကိုရွှေတောသားနဲ့ သူ့တပည့် ပလာယာ''

"ဟာ. . . ''

"ဟုတ်တယ်။ သူတို့ကို ဒီသတင်း ဖောက်သည်ချလိုက်ရင် ရှင် ကိုယ့်လက်ကျန် ကိုယ်မကာစ်ရဘဲ ကိုယ့်ဝက်ခြံ ကိုယ်ညှစ်သွားရမယ်။ ဟင်း. . . ဟင်း. . . ဟင်း''

"အဲ. . . အဲသလိုတော့ မရက်စက်လိုက်ပါနဲ့ မာမားရယ်။ ကျွန် . . . ကျွန်တော် ဒီညနေ ဆက်ဆက်လာဆပ်ပါ့မယ်။ နော်. . နော်''

"အဲသလို လိမ္မာမှပေါ့ရှင်။ ဒါပဲနော်။ ကတိမတည်ရင် သိတယ် မဟုတ်လား''

"သိ. . . သိပါတယ်ဗျာ''

Y Y Y

(၆)

"ဟဲလို. . ဦးတေမိလား''

"ဟုတ်ပါတယ်။ ခုဆက်နေတာ ဘယ်သူလဲဟင်''

"များပါ''

"ဘယ်က များလဲ''

"မိမန်းလေးလေ''

"အဲ. . သိပြီ. . သိပြီ. . ကဲ. . . ပြော''

"အင်း. . . ရေခံမြေခံကောင်းကောင်းနဲ့ ထူးချွန်ပြောင် မြောက်ပြီး စာနယ်ဇင်းလောကမှာ နာမည်တစ်လုံး ထူထောင်နိုင်တဲ့ ဦးတေမိကို ချီးကျူးပါတယ်။ တကယ်. . . တကယ်''

"ခွပ်'' (ဖုန်းချသံ)

Y Y Y



www.burmeseclassic.com

www.burmeseclassic.com



(၇)

"ခု ဘာလုပ်နေလဲ ကိုကိုတေ"

"ဝဲကုပ်နေ.. အဲ.. အဲ... ဖုန်းဆက်နေတယ်လေ။ ဒါထက် ခုဖုန်းပြောနေတာ"

"နာမည်က အရေးမကြီးပါဘူး ကိုကိုတေရယ်။ ပညတ်နဲ့ ပရမတ်သဘောတွေပါ။ ဖုန်းမပြောခင်က ကိုကိုတေ ဘာတွေလုပ်လဲ"

"ကော်ဖီမစ်ပလိန်းနဲ့ ခုနစ်လွှာပေါက်စီ စားတယ်"

"ကြိုက်လား"

"မဆိုးပါဘူး"

"ညနေဘက်ဆို ဟိုအရည်တွေ သောက်တယ်ဆို"

"နည်းနည်းပါးပါးပါ။ နာမည်ပျက်ရုံဆိုကလေးလောက်ပါပဲ"

"အရက်ထဲမှာ ကိုကိုတေ ဘာအရက်ကြိုက်သလဲဟင်"

"မြွေအရက်"

"ဟယ်.. တစ်မျိုးကြီးပါလား။ ဈေးကြီးမှာပေါ့နော်"

"ကြီးတာပေါ့။ သူက အဆိပ်ရှိတဲ့ မြွေတွေအားလုံးနဲ့ စိမ် ထားတာ။ တစ်ပက်ကို တစ်ရှူးငါးဆယ်လောက် ပေးရတယ်"

"အရသာနဲ့ အာနိသင်ကောဟင်"

"အရသာက လည်ချောင်းထဲဝင်ရင် မီးစနဲ့ ထိုးလိုက်သလိုမျိုး တယ်လည်းပြင်းသကိုး။ အာနိသင်ကတော့ ကျွန်တော်တို့လို အရွယ် တော် တစ်ဆိတ်ဟိုင်းပြီဖြစ်တဲ့ ပုဂ္ဂိုလ်တွေအတွက်... အဟီး... တကယ့်ကို အားကိုးထိုက်တဲ့ လက်ရုံးကြီးပဲလေ"

"အမြည်းထဲမှာကောဟင်။ ဘာအမြည်းကို ကိုကိုတေ အကြိုက် ဆုံးလဲ"

"ဖားကင်"

"ဟယ်... အဲသလို ပေါက်ပေါက်ရှာရှာရောင်းတဲ့ ဆိုင်မျိုး ရှိသတဲ့လား"

"ရှိပါသော်ကောဗျာ။ ကျွန်တော်တို့ ငွေရှင်ရင်ထိုင်တဲ့ ဆိုင် တစ်ဆိုင် ရှိတယ်ဗျ။ 'ရွှေရတီစားတော်ဆက်' တဲ့။ အဲဒီဆိုင်က စားဖိုမှူး မာမီပိန်ဆိုတာ ဖားကို ရှယ်ကင်တဲ့နေရာမှာ ပထမတန်း။ သူ့ဖားကင် ပေးသမျှ မြည်းရတဲ့ လူအဖို့ အင်မတန့်ကို စည်းစိမ်ကြီးရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com


"ဆိုင်က ပြန်လာကြတော့ကောဟင်"

"ငွေယားကလေးတွေ ရှိသေးရင် ကေတီဗွီဆိုင်သွားတယ်။ နောက် သူ့ကိုကိုယ်ဖို့၊ ကိုယ့်ကိုသူ့ဖို့လုပ်ရင်း မနက်မိုးလင်းသွား ပါလေရော"

"အဓိပ္ပာယ်ရှိစွာနဲ့ ဘဝကို ဖြတ်သန်းခြင်းတစ်မျိုးပေါ့"

"ခွပ်" (ဖုန်းချသံ)

Y Y Y

(၈)

"မောင်တေမိလားဟေ့"

"ဟုတ်ပါတယ်ခင်ဗျာ . . . ဟုတ်ပါတယ်။ အခုဆက်နေတာ ဘယ်သူပါလဲ ခင်ဗျာ"

"နယ်ကရောက်လာတဲ့ မင့်ယောက္ခမလေ . . . မင့်ယောက္ခမ၊ မင့်မယား ဒေစီဘုတ်ဆုံရဲ့ အမေ"

"ဟား . . . အမေကြီး။ ကန်တော့ . . . ကန်တော့"

"ဘာကန်တော့လဲ။ မင်း အခု အိမ်ကိုပြန်ခဲ့။ အိမ်မှာ ဒေစီ ဘုတ်ဆုံ ဝုန်းဒိုင်းကြဲနေပြီ"

"ဘာဖြစ်လို့လဲ အမေ . . . ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ။ မင်း အခု ရေဒီယိုထဲကနေ ကိုယ့်အထုပ် မှန်သမျှ ရှက်မရှိဘဲ ဖြေပြနေလို့ဟေ့။ ကွာရှင်းစာချုပ် တွေလည်း အဆင်သင့်လုပ်ပြီးနေပြီ။ မင်းလာတာနဲ့ ရပ်ကွက်ရုံးကို တစ်ခါတည်း တန်းသွားမတဲ့"

"ဒုက္ခပါပဲ အမေရယ်။ ကန်တော့ပါတယ်၊ သူမရှိရင် ကျွန်တော် မနေတတ်ဘူး။ ချော့မော့ပြောထားပါ အမေရယ် . . . နော် . . . နော်။ ကျွန်တော် ပြန်လာရင် အမေ့ကို နင်းပေးပါ့မယ်ဗျာ"

"အေး ကူလီကူမာတော့ မများနဲ့နော်။ မင်း အခုလို ယောင်တောင် ပေါင်တောင် လုပ်မနေနဲ့။ ဘာမှလည်း အိမ်ကိုထွေထွေရာရာ မလုပ်နိုင်ဘူး။ ငါအခု လယ်နှစ်ကွက်ရောင်းလာတယ်။ မင်းအတွက် ဆိုက်ကားတစ်စီး ကြည့်ထားတယ်။ မင်း ဆိုက်ကားနင်းရမယ်။ ကြားလား မောင်တေမိ"


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်. . . ဟုတ်ကဲ့"

"ခွပ်" (ဖုန်းချသံ)

သို့ဆိုခဲ့ပြီးသည့် သကာလ ကျွန်ုပ်မောင်တေမိလည်း အသံသွင်း ရေဒီယိုခန်းမှနေ၍ တာဝန်ရှိပုဂ္ဂိုလ်များကို 'ရှုံ့ရှဲ'လုပ်ကာ ၎င်းတို့လက်ဆောင်ပေးလိုက်သော ချက်အရက်တစ်ပုံးကိုဆွဲ၍ အိမ်သို့ သုတ်ခြေတင်ခဲ့ပါတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com


# မဖြစ်ညစ်ကျယ်သို့ . . .

# ပေးစာများ


www.burmeseclassic.com

www.burmeseclassic.com


## "အာစရိ"

"ဆို… ပလာယာ"

"တပည့် တစ်ခု စဉ်းစားမိတယ် အာစရိ"

"ဘာများပါလိမ့်ကွယ်"

"ခုတစ်လော တပည့်တို့ရဲ့ မဖြစ်ညစ်ကျယ်ဂျာနယ်နဲ့ ပတ်သက်ပြီး အနယ်နယ်အရပ်ရပ်က ပေးစာတွေ ရောက်ရောက်လာတယ် အာစရိ"

"အလေးချိန် တော်တော်ရရင်လည်း ဘော်တယ်ဆိုင်ကို ပို့ကွယ်။ အသုံးအစွဲလေး ဘာလေး ရတာပေါ့"

"ဟာ… အာစရိကလည်းဗျာ။ ဘော်တယ်ကိစ္စကို အာစရိ မပြောလည်း တပည့်က နပ်နေပြီးသားပါ။ ခုဟာက ပေးစာတွေနဲ့ ပတ်သက်ပြီး မဖြစ်ညစ်ကျယ်ဂျာနယ် အထူးထုတ်မှာ တစ်ခုခုလုပ်စား ရရင် ကောင်းမလားလို့"

"ဟယ်… လုပ်တော့မစားပါနဲ့ကွယ်"

"ဒါဖြင့် အထူးထုတ်အတွက် အာစရိမှာ ဘာအိုင်ဒီယာ ရှိသလဲ။ ရှိရင်လည်း တပည့် လုပ်မစားတော့ပါဘူး"

စင်စစ် ကျွန်ုပ် ကိုရွှေတောသားအနေဖြင့် တကယ့်တကယ်တမ်း ဆိုတော့ တပည့်ကျော်ပလာယာလောက် ဉာဏ်သွားသူ မဟုတ်ပါ။ လေ့ကြီးထိုး မြို့သမားသာ ဖြစ်သည်မို့ တကယ့်တကယ်တမ်းကျတော့ ပလာယာကသာ ရှေ့ ဆောင်အဖြစ် လှုတပတ လုပ်သွားခဲ့သည် သာတည်း။

"ကဲပါ… တပည့်ရယ်။ မင်းရဲ့ အိုင်ဒီယာကို အာစရိ အားတိုး


www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ တပည့် ဂွဒ်မယ်ထင်ရင် ဒူးသာဒူး။ အာစရိတပည့်နဲ့ ဘယ်တော့မှ ကွန်ဖရန်တေးရှင်း မလုပ်ဘူး။ ဟုတ် တယ်ဟုတ်''

သည်လိုမျိုး ကျွန်ုပ်တို့ ဆရာတပည့်မှာ တစ်ဦးနှင့်တစ်ဦး ငြူငြူ စူ မရှိ။ ပုလင်းတူဘူးဆို့ ပီသစွာ အပေးအယူ ညီမျှလေရကား 'ညီညွတ် ခြင်းသည် အင်အား' ဆိုသောစကားနှင့်အညီ ကျွန်ုပ်တို့ ဆရာတပည့်အဖို့ အားလုံးကိ ကျော်ဖြတ်နိုင်ခဲ့ကြသည်ကို ပရိသတ်ကြီးအနေဖြင့် သိနိုင်ကြလိမ့်မည်ဟု ထင်ရေ

''ပေးစာတွေထဲက တပည့်တို့ ဂျာနယ်အပေါ် မြှောက်ထိုး ပင့်ကော်လုပ်တဲ့စာ၊ တပည့်တို့ မကြည်တဲ့သူတွေကို ချဲလင်း လုပ်တဲ့စာ၊ ပွဲဆူအောင် လုပ်တဲ့စာတွေကို ရွေးချယ် တည်းဖြတ်ပြီး ထည့်မယ် အာစရိ၊ လိုအပ်ရင် ပေးစာတွေထဲက နငယ်အမြီး တပ်သင့်ရင်လည်း တပ်ပေးရမယ် အာစရိ။ သည်တော့ အထူးထုတ်ဟာ တခြားဂျာနယ် တွေနဲ့ မတူဘဲ ပျံလန်သွားလိမ့်မယ်လို့ တပည့်ထင်တယ် အာစရိ''

''ဒါဆို ဂွဒ်တာပေ့ါ ပလာယာရဲ့။ ဒါထက် အဲဒီပေးစာရှင်တွေကို ဂျာနယ်ထဲ သူတို့စာပါလာရင် စာမူခတွေ ဘာတွေ ပေးရဦးမလား''

''နိုး... နိုး... ဘယ်တော့မှ မပေးရဘူး အာစရိ၊ မပေးရဘူး။ စာမူခမပြောနဲ့ ဂျာနယ်လက်ဆောင်လေးတောင်မှ ပေးစရာမလိုဘူး''

''မျက်နှာပူစရာ ကောင်းလိုက်ပါဘိကွယ်''

''ငါးပိ င်ပြာရည် မသိအသာနေစမ်းပါ အာစရိရယ်၊ အဲဒီ ပေးစာ ရေးတဲ့သူတွေထဲမှာ တချို့က ပိုးခင်ဗျ၊ ပိုး.. ပိုး။ တချို့ဆိုရင် မရေးရရင် မနေနိုင်လို့ အိမ်သာထဲပြေးပြီး နံရံမှာ တစ်ခုခု ရေးတတ်ကြတာခင်ဗျ''

''ဒီလောက်တောင် အသေးစိတ် သိတယ်ဆိုတော့ ဈေးအိမ်သာ တွေ၊ အများသုံးအိမ်သာတွေရဲ့ နံရံက လက်ရေးတွေ မင်းလက်ချက်နဲ့ တူတယ်''

''ဟာ... အာစရိရယ်။ တပည့် ဒီလောက် စည်းကမ်း မမဲ့ ပါဘူးဗျာ။ တစ်လောက ဂျာနယ်တစ်စောင်မှာ အာစရိတို့ တပည့်တို့ရဲ့ အချစ်တော်ကြီး မောင်တေမိကို ဗျူးထားတာ ဖတ်ရတယ်။ သူ့ စာရေး ဝါသနာကြီးလွန်းလို့ ကျောင်းသားဘဝကတည်းက ကျောင်း အိမ်သာထဲမှာ လက်စွမ်းပြခဲ့တဲ့အကြောင်း၊ စာ၊ ကဗျာဆိုသာမက ပန်းချီပါ နည်းနည်းရလို့ စကက်တွေဘာတွေ ခြစ်ခဲ့တဲ့အကြောင်း



www.burmeseclassic.com

www.burmeseclassic.com


သူ့မှီ မရှက်မကြောက် အဖျူးခံတယ် အာစရိရယ်။ အံ့ရော... အံ့ရော"

"ပြောမနေပါနဲ့ တပည့်ရာ။ လွှတ်သာထားလိုက်စမ်းပါကွာ။ ငါတော့ ဒီကောင်ကြီးကို ဘေးမဲ့ပေးထားတယ်။ ကဲ.. ပေးစာကိစ္စတွေ ဆက်စမ်းပါဦး"

"ပေးစာရှင် တချို့ဆိုတာ သူတို့ရေးတဲ့ စာကလေး၊ သူတို့နာမည်ကလေး ပုံနှိပ်စာလုံးနဲ့ ဖော်ပြခံရရင် ထီသိန်း(၃၀၀)ပေါက်တဲ့ လူလောက်ကို ဝမ်းသာတာကလား။ ပါလာပြီဆိုရင် ကိုယ့် အပိုင် ဝယ်သိမ်းဖို့ ဝယ်ရုံမက နီးစပ်ရာကို ဝါရ ကြွားရအောင် အရေအတွက် မနည်းမနော ဝယ်တတ်တာကလား။ ဒါလည်း စောင်ရေတိုးမြှင့်နည်း တစ်မျိုးပဲပေါ့ အာစရိ။ ဆရာကိုပဲကြော် ဦးစီးတဲ့ 'ခတ်ထွင်ကောင်ပံ မဂ္ဂဇင်း'တို့၊ ဆရာဒေါက်တာနွမ်းခွေ တည်းဖြတ်တဲ့ 'ကားရပ်ရှောင် မဂ္ဂဇင်း'တို့ဆို အဲဒီပေးစာကဏ္ဍနဲ့ စာဖတ်ပရိသတ်ကို အပီအပြင် ထိန်းနေတာ အာစရိရဲ့"

"ဟ... ဒါဆို ပေးစာကဏ္ဍဟာ နှယ်နှယ်ရရ မဟုတ်ပါဘဲကလား"

"ဒါပေါ့ အာစရိရယ်။ အလေးအနက် ထားရမယ့်ကဏ္ဍ အာစရိရဲ့။ တချို့ဆို ပေးစာထဲက လိပ်စာကိုကြည့်ပြီး မိတ်ဆက်စာတွေ ဘာတွေ ရေးတတ်ကြတာကလား"

"ဟယ်.. အကျိုးနည်း"

"ဩော်... ပုထုဇနော ဥမ္မတကောပဲ မဟုတ်လား အာစရိရယ်။ ကဲ... ခုလောက်ဆို အာစရိအနေနဲ့ ပေးစာရဲ့ အနေ အထားကို သဘောပေါက်ပြီမို့.. ရော... ဟောဒီမှာ ပေးစာတွေ။ အာစရိ တစ်ဝက်၊ တပည့်လည်းတစ်ဝက် ဖတ်မယ်။ သင့်တာကို ရွေးမယ်၊ ဖြတ်သင့်တာ ဖြတ်မယ်။ ဖြည့်သင့်တာ ဖြည့်မယ်"

သည်လိုနှင့် ဆရာတပည့်နှစ်ယောက်လည်း တိုက်သို့ ရောက်ရှိလာသော ပေးစာများကို ခွဲဝေဖတ်ရှု ရွေးချယ်တည်းဖြတ်ပြီး သကာလ သင့်တော်သည်ဟု ယူဆရသော ပေးစာများကို 'မဖြစ်ညစ်ကျယ်ဂျာနယ်' အထူးထုတ်တွင် အောက်ပါအတိုင်း စုစည်းတင်ပြလိုက်ပါသတည်း။

Y Y Y


www.burmeseclassic.com

www.burmeseclassic.com



*မဖြစ်ညစ်ကျယ် ဝိုင်းတော်သားအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်ခင်ဗျား . . . ။*

ဆရာကိုရွှေတောသားနဲ့ ဆရာပလာယာတို့အပြင် ဆရာတို့ အယ်ဒီတာအဖွဲ့ကို အုပ်ချုပ်နေတဲ့ မိုးမြင့်အာကာယံ (ခေါ်) စွပ်ပရားတို့ ဆားရောဂါ ကင်းဝေးပြီး တုပ်ကွေးအန္တရာယ်မှ လွတ်မြောက်ပါစေကြောင်း ဦးစွာ ဆုတောင်းလိုက်ပါတယ်။

ကျွန်တော် ဘုညိုညို(ကျုံတနိး)ကိုတော့ ဆရာတို့ သိကြလိမ့်မယ် ထင်ပါတယ်။ ဘာကြောင့်ဆို ကျွန်တော် ဘုညိုညို(ကျုံတနိး)ရဲ့ စာရေးသက်ဟာ ဆရာတို့ထက် အများကြီး စောလို့ပါပဲ။ ကျွန်တော် ဘုညိုညို(ကျုံတနိး)ဟာ မြန်မာကဗျာနဲ့ ပတ်သက်ရင် ဒိုးလိုမွှေပြီး ရေလိုနှောက်နိုင်တဲ့သူပါ။ လေးလုံးစပ်၊ ဒွေးချိုး၊ တြိချိုး၊ လေးချိုး၊ တေးထပ်၊ တျာချင်း၊ လူးတား၊ အဲချင်း၊ ရတု၊ ရကာန်၊ နှယ်သာကီသံပြတ်၊ ဝဲရိုက်ဝဲ သွင်း၊ မျောက်မင်းအူသံ၊ ကြိုက်ရာပုံစံကို စပ်နိုင်းစမ်း။ တခ်ဏပွတ္တိဉာဏ်နဲ့ ရေးစပ်နိုင်တဲ့သူမို့ ကျုံတနိးပတ်ဝန်းကျင် မှာတော့ ကျွန်တော် ဘုညို ညို(ကျုံတနိး)ရဲ့ ဂုဏ်သတင်းဟာ မွှေးပျံ့လျက်ပါ ဆရာ။ ပတ်ဝန်းကျင်မှာ ဘုန်းကြီးပျံပွဲတွေရှိရင် အလုအယက်ဆိုသလို ငယ်ငင်ကျူးဖို့ သီချင်းတွေ၊ ပိုဒ်စုံရတုတွေ ရေးဖွဲ့ပေးနေရတဲ့ စုပါတစ်ယောက် ပေါ့ဗျာ။ ဆရာတို့ အရပ်ဒေသမှာ ဘုန်းကြီးပျံကိစ္စ ပေါ်လာခဲ့ရင် အားမနာပါနဲ့ ဆရာ။ တတ်သည့်ပညာ မနေသာဆိုသလို ကျွန်တော် ဘုညိုညို(ကျုံတနိး)ကို အကြောင်းကြားလိုက်ပါ။ ရှယ်တင်ကမပါဘူး။ ထူးရှယ် ရေးစပ်ပေးလိုက်ပါ့မယ် ဆရာ။

ကျွန်တော် ဘုညိုညို(ကျုံတနိး)ဟာ မအားလပ်တဲ့ကြားကနေ ခုလို စာရေးလိုက်တာကတော့ ဈေးထုပ်တဲ့ စက္ကူဟာ ဆရာတို့ရဲ့ မဖြစ်ညစ်ကျယ် ဂျာနယ် ဖြစ်နေလို့ ဂျာနယ်ဖတ်ပြီး လိပ်စာတွေ့တာနဲ့ စေတနာရှေ့ထားပြီး ရေးလိုက်ရတာပါ ဆရာ။ ဆရာတို့ ဂျာနယ်ကို အစအဆုံး ဖတ်ကြည့်လိုက်တော့ စတ်ကြည့်ပြီးတာနဲ့ ကောက်ချက်ချလို့ ရသွားပါပြီ ဆရာ။ ကျွန်တော် ဘုညိုညို(ကျုံတနိး) အနေနဲ့ ဆရာတို့ မဖြစ်ညစ်ကျယ် ဂျာနယ်ကို မညာတမ်း ဝေဖန်ရမယ်ဆိုရင် ငွေပေါ်ပြီး ထုတ်ဝေတဲ့ ဂျာနယ်လို့ ဆိုရပါလိမ့်မယ်။ အဲဒီမှာ ဖော်ပြထားတဲ့ သတင်းတွေဆိုတာ ဘာမှ စိတ်ဝင်စားစရာ မကောင်းသလို ဖတ်တဲ့သူကိုလည်း ဘယ်လိုမှ အကျိုး မပြုပါဘူး။ တစ်စောင်လုံးနီးပါးဟာ မိုးမြင့်အာကာယံ(ခေါ်) စွပ်ပရားနဲ့ ပတ်သက်တဲ့ စီးပွားရေးလုပ်ငန်းကြော်ငြာတွေ



www.burmeseclassic.com

www.burmeseclassic.com



ပေါက်တတ်ကရ ကလောင်တွေ၊ မဟုတ်မဟာ လုပ်ဇာတ်ခင်းထားတဲ့ သတင်းဆောင်းပါးတွေ၊ မျက်စိ နောက်စရာကောင်းတဲ့ အဆင်အပြင်တွေ၊ ညှံ့လိုက်တဲ့ မင်ကျမင်နတွေ၊ အပေါ်စား စက္ကူ သုံးထားတာတွေ၊ အို... အားလုံး ခြုံလိုက်ရင် ဂျာနယ်အမည်နဲ့ လိုက်ဖက်ညီလှပါပေရဲ့"

အဲဒီအတွက် ပြင်ဆင်စရာရှိတာ ပြင်ဆင်ဖို့ ကျွန်တော် ဘုညိုညို (ကျုံ့တနီး)က စေတနာရှေ့ထားပြီး ဝေဖန်သမှု ပြုလိုက်ရပါတယ် ဆရာ။ ကျွန်တော် ဘုညိုညို(ကျုံ့တနီး)အနေနဲ့ ကိုယ့်နာမည်၊ ကိုယ့်လိပ်စာ ဖော် ပြပေးတဲ့ စာနယ်ဇင်းမှန်သမျှကို အခုလို ပေးစာတွေ လှမ်းလှမ်းရေးရတာ သိပ် ဝါသနာကြီးပါတယ် ဆရာ။ အထူးသဖြင့် ကိုယ့်လိပ်စာကိုတွေ့တော့ ကိုယ့်ကို လာမိတ်ဆက်ကြမယ်မဟုတ်လား။ အထူးသဖြင့် ကောင်မလေးတွေ မိတ်ဆက် လာရင် သိပ်ဝမ်းသာတာမို့ မဖြစ်ညစ်ကျယ်မှာ ကျွန်တော် ဘုညိုညို(ကျုံ့တနီး)ရဲ့ ဟောဒီ ပေးစာနဲ့တကွ လိပ်စာကလေးပါ ဖော်ပြပေးပါခင်ဗျား။

*အားကိုးကြီးစွာဖြင့်*
*ဘုညိုညို(ကျုံ့တနီး)*
*ဆင်ပျံကြီးဆေးပေါ့လိပ်ခုံ၊*
*ကျုံ့တနီးမြို့။*

P.S

ကျွန်တော် ဘုညိုညို(ကျုံ့တနီး)ရဲ့ ပေးစာပါလာရင် မဖြစ်ညစ်ကျယ် ဂျာနယ်ကို အလေးချိန် ငါးဆယ်သားလောက် ချိန်ပြီး ပို့လိုက်စေ လိုပါတယ်။

Y Y Y

သို့...

*အယ်ဒီတာချုပ်*

*ကိုရွှေတောသား*

ဘွားနာမည်က ဒေါ်ဂေါ်ဇီလာပါ။ နာမည်က ဆန်းနေလို့ အံ့အား သင့်သွားမယ်လို့ ဘွားထင်ရဲ့။ တကယ်တော့ ဘွားတို့ခေတ်က ဆရာမြို့မငြိမ်းရဲ့ 'ယဉ်တစ်ကိုယ်မယ်' သီချင်းက အတော်ကလေး ခေတ်စားတာကလား။ "သန်မာထွားကျိုင်းပြီး ... ကမ္ဘာတစ်ခွင်အလယ် ... လျှောက်သွားမယ် ... သုံးတောင်ဝတ် အားမငယ်"ဆိုတာလေ။ ဘွားက ငယ်ငယ်တုန်းက တကယ့်နှထွားကြီး။ ကိုယ်လုံးအဆစ်အပေါက်ကလည်း ထွားကျိုင်းကျိုင်းမို့



www.burmeseclassic.com

www.burmeseclassic.com



ဝေါ်ဇီလာရယ်လို့ အမည်တွင်ခဲ့ရတာပါ။ အသက်ကတော့ လေးဆယ်နှစ်လီ လောက် ဆိုပါတော့။ ဘွားရဲ့ အမျိုးသားက ကွယ်လွန်သွားပါပြီ။ အငြိမ်းစား မြို့ပိုင်ကြီးပါ။ ဘွားရဲ့ သားတွေ၊ သမီးတွေဆိုတာ အရာရှိကြီးတွေ၊ ဆရာဝန်ကြီး တွေပါ။ မြေးတွေထဲက တချို့ဆိုရင် နိုင်ငံခြားမှာပါ။ ကြွားတာမဟုတ်ဘူးနော်။ ဘွားအဖို့ စားဝတ်နေရေး ကိစ္စဆိုတာ ဘာမှပူဖို့ မလိုပါဘူး။ ဒီတော့ အားနေတဲ့အခါမျိုးမှာ တရားအလုပ် လုပ်စရာလေးတွေ လုပ်ပြီးပြီဆိုရင် မဂ္ဂဇင်းတချို့ဆီ ပေးစာလေးတွေရေးရင်း ကိုယ်ရေးတာပါလာတဲ့ ပေးစာလေးတွေဖတ်ရင်း ဘဝကို ပျော်ရွှင်စွာ ဖြတ်သန်းနေတာပါ။

တကယ်တော့ ဘွားက ဖတ်သာ ဖတ်တတ်တာပါ။ စာဖတ်သူ တွေ ဖတ်လို့ချောအောင်မျိုး ဘွားမရေးတတ်ပါဘူး။ ရေးတတ်သလောက် ရေးပြီး ပေးစာထည့်တဲ့ မဂ္ဂဇင်းတွေဆီ ပို့ပါတယ်။ ခုလည်း မဖြစ်ညစ် ကျယ် ဂျာနယ်အနေနဲ့ ဘွားရဲ့ ပေးစာကလေးများ အသုံးပြုလေမလားဆို ပြီး လှမ်းပို့လိုက်မိတာပါပဲ။ မဖြစ်ညစ်ကျယ်ဂျာနယ် အနေနဲ့ လိုအပ်ချက် ရှိတာလေးတွေ ဝေဖန်ရရင် ဘွားတို့လို ပေးစာရှင်တွေရဲ့ ဝေဖန်စာ၊ ကိုယ်ရည်သွေးစာ၊ ဘဝင်မကျသူတွေကို နှက်တဲ့စာတွေကို ပေးစာအဖြစ် ကဏ္ဍတစ်ရပ် ဖွင့်လှစ်ပြီး ထည့်သင့်တယ် ဆိုတာပါပဲ။

ကိုရွှေတောသားတို့၊ တာဝန်ခံအယ်ဒီတာ ပလာယာတို့၊ ပြီးတော့ အုပ်ချုပ်သူ စွပ်ပရားတို့ကိုလည်း မြှင့်ဖူးချင်ပါတယ်။ ဘွားအိမ်က မြေးတွေ ဆိုတာ ဘောလုံးပွဲသွားတိုင်း ဖင်ခုထိုင်ဖို့ဆိုပြီး မဖြစ်ညစ်ကျယ်ဂျာနယ်ကို ဝယ်နေကျတဲ့။ အဲသလိုမျိုး ပဋ္ဌာန်းဆက်ရှိတာမို့ ဘွားအနေနဲ့ ဆရာတို့ ရှုပနိသင်ကို တွေ့မြင်ချင်ရေးငယ်နှင့်ဆိုသလို ခံစားနေရတယ်ဆိုရင် ယုံမလားတော့ မသိဘူး။ မဖြစ်ညစ်ကျယ်ဂျာနယ်မှာ အုပ်ချုပ်သူ စွပ်ပရားရဲ့ ကြော်ငြာတွေသာ များနေတယ်။ ပြီးတော့လည်း ယောကျ်ားအားတိုး ဆေး ကြော်ငြာတွေချည်းပဲ။ ကြည့်လည်း လုပ်ကြပါဦးနော်။

မဖြစ်ညစ်ကျယ်ဂျာနယ် ဖွချင်ရင် မောင်ပွေကြီး(ကတောင်း)ဆို တဲ့ စာရေးဆရာကို အင်တာဗျူးကဏ္ဍ တာဝန်ပေးလိုက်ပါလား။ အဦးဆုံး သူ့ကို ဘူးသီးပုံအယ်ဒီတာချုပ်ရာထူးပြုတ် မောင်တေမိဆီလွှတ်ပြီး ဗျူးခိုင်းကြည့်။ မဖြစ်ညစ်ကျယ်ဂျာနယ်ဟာ တစ်ခုခု ဖြစ်လာမှာ သေချာတယ်။ ဘာဖြစ်ဖြစ် ဘွားတို့လို ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတဲ့သူတွေ ရေးနေကြတဲ့ ပေးစာတွေရယ်၊ ဘွားအကြံပြုသလို ကဏ္ဍသစ်ကလေးတွေတိုးချဲ့လိုက်မယ်

www.burmeseclassic.com



ဆိုရင် ရမ်းကောင်းလေ ရမ်းကောင်း၊ ဖတ်သူတွေ ခံတွင်းပျက်... အဲ.. ခံတွင်းတွေ့မှာ သေချာတယ်။

လေးစားစွာဖြင့်
ဘွားဘွားဒေါ်ဂေါ်ဇီလာ
အမှတ်(၀၀၇)၊ ၂၁ လွှာ၊
သံတံတားမပုလမ်း၊
ရန်ကုန်မြို့။

Y Y Y

သို့...

*မဖြစ်ညစ်ကျယ်*
*အယ်ဒီတာအဖွဲ့ ခင်ဗျား...*

စက္ကူဈေး၊ ဖလင်ဈေး၊ ပုံနှိပ်မင်ဈေး၊ စာရိုက်ခတွေကလည်း မြင့်မားနေတဲ့ကာလ စီးပွားရေးကြော်ငြာ လုပ်ငန်းရှင်တွေကလည်း ဂျာနယ်တွေမှာ ကြော်ငြာထည့်ဖို့ တွန့်ဆုတ်နေကြတဲ့ ဂျာနယ်ကပ်ကာလထဲမှာ ဆရာတို့ မဖြစ်ညစ်ကျယ်ဂျာနယ်ကတော့ ပုံမှန်ချိတက်နေတာ တွေ့မြင် နေရတဲ့အတွက် အံ့အားသင့်ရပါတယ် ခင်ဗျ။

ကျွန်တော်တို့ ပဲခူးမြို့က ဆေးပေါ့လိပ်အစီခံလုံးရုံတွေကတော့ မဖြစ်ညစ်ကျယ်ဂျာနယ်နဲ့ မဟာမိတ်ဖွဲ့ပြီးသားလို့ သိရပါတယ်။ ဒါကြောင့် လည်း ဆရာတို့ရဲ့ မဖြစ်ညစ်ကျယ်ဂျာနယ်က စောင်ရေ သိန်းနဲ့ချီပြီး ရှိနေတာကိုး။ တချို့က ဘူးသီးပုံဂျာနယ်၊ တချို့က သတင်းဖျန်းဂျာနယ် စသဖြင့် အကြိုက်တွေ တစ်မျိုးစီရှိကြပေမဲ့ ကျွန်တော်ကတော့ ဆရာတို့ မဖြစ်ညစ်ကျယ်မှ မဖြစ်ညစ်ကျယ်ပါပဲခင်ဗျာ။ အဲဒီမှာ ရတနာမြေကြီးဆိုတဲ့ ကလောင်ရှင်ရဲ့ ဟာလသားတို့အကြိုက် အခန်းဆက် ဆောင်းပါးက တော့ ရှယ်မှရှယ်ပါပဲခင်ဗျ။ ကျွန်တော်တို့က 'ရတနာ'ဆိုတဲ့ ကလောင်ပါရင် မဖတ်မီက ကြိုက်နှင့်သည် ဆိုတာမျိုးပေါ့ဆရာ။

ဒါ့ထက် မိကျောင်းမင်းကို ရေခင်းပြတယ်လို့လည်း မှတ်ပါနဲ့။ ဆရာတို့ မဖြစ်ညစ်ကျယ်ကို အကြံပေးလိုတာက ခုလိုမျိုး ကျွန်တော်တို့ ဟာလသားတွေ စိတ်ကြိုက်ဖြစ်စေတဲ့ ဆောင်းပါးမျိုးတွေ ထည့်သထို



www.burmeseclassic.com

www.burmeseclassic.com



တိုင်းရင်းဆေးကဏ္ဍ၊ ဟင်းချက်နည်း၊ အိမ်တွင်းမှု အချုပ်အလုပ်၊ မျက်နှာ အလှပြင်နည်း၊ ကိုယ်ကာယလေ့ကျင့်ခန်း၊ မှခင်းနဲ့ ပတ်သက်ရင်လည်း များများပေါ့လေ။ အဲဒါတွေကို ဖြည့်စွက်လိုက်မယ် ဆိုရင်ဖြင့် မဖြစ်ညစ် ကျယ်ဂျာနယ်ဆိုတာ ကောက်လှန်လိုက်တာနဲ့ ဟင်းအမယ်စုံလှတဲ့ စား သောက်ပွဲကို ထိုင်လိုက်ရသလို ဖြစ်မှာ သေချာတာပေါ့ဆရာ။ ဒါဟာ ကဏ္ဍစုံတဲ့အကျိုးလို့ ဆိုရမှာပါ။

ကဲ ... ဆရာရေ့။ ကိုယ့်နာမည်ကလေး ပုံနှိပ်စာလုံးနဲ့ ပါချင် လွန်းအားကြီးလို့ ပေးစာ၊ အကြံပြုစာအဖြစ် ရေးထည့်လိုက်တာပါ။ ပါလာ ရင်တော့ လိုက်ဝေရအောင် အစောင်(၂၀)လောက် ဝယ်ပြီးသား။ ဒီတော့ ဆရာကို့ဂျာနယ် အစောင်(၂၀)ရောင်းအား တက်ချင်ရင်တော့ ကျွန်တော် အခုရေးပေးတာကို ထည့်သာ ထည့်ပေရော့။ ဟုတ်တယ်နော်။

*အပြုန်အလှန်မေတ္တာဖြင့်*
*ကြီးရင့်မှိုင်(လိပ်ပြာကန်)*
*ပဲခူးမြို့။*

**မင်္ဂလာ့ မင်္ဂလာပါရှင့် ...**

အယ်ဒီတာအဖွဲ့အနေနဲ့ ကျွန်မရဲ့ ကလောင်နာမည်ကို ကြားသိ လိုက်တာနဲ့ နည်းနည်းတော့ ဖြူသွားလိမ့်မယ် ထင်ပါတယ်။

Please, Hello, I am Moattamakhin.

ကျွန်မနာမည် မုတ္တမခင်ပါရှင့်။

ကျွန်မအား 'တွံတေးမျက်ပြူး'အမည်ရှိ ဂန္ထဝင်ကဗျာဂုရုကြီးက လှပသော နဘေကလေး ထပ်သွားဖူးသည်ကို ဖော်ပြရပါစေရှင့်။ ဘာတဲ့

အဟုတ်ပ ယဉ်
ကနုတ်အလှ ဆင်
ကျွန်ုပ်နှမ အသွင်
တဖုသာအမြင်မှာတော့
ဟာ... ဟ

မုတ္တမခင် ဟူ၍ ဖြစ်ပါတယ်။ ဂုရုကြီးက အသံကို အဲကြီးထား၍ ဖွဲ့လိုက်တာ မှန်ပေမဲ့ ကျွန်မက ဂန္ထဝင်ဥခွံဟောင်းထဲက ဖအေနဲ့ ပေါက်ပြီး ထွက်လာခဲ့တာမို့ နည်းနည်းတော့ ဖီးလ်ငုပ်တာ အမှန်ပါပဲရှင့်။ ကျွန်မက



www.burmeseclassic.com

www.burmeseclassic.com


ကာရန်နဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ကို ကြောက်ပြီး ဖရီးဗာ့စ်၊ လွတ်လပ်တဲ့ သံစဉ်တွေနဲ့ မော်ဒန်ကျကျ ကဗျာတွေ စီးမျောနေတာပါ။ ဒီတော့ ဆရာတို့ မဖြစ်ညစ်ကျယ် ဂျာနယ်မှာ ကျွန်မရဲ့ မော်ဒန်ကဗျာတွေ ထည့်ပေးနိုင်မလား။ ကျွန်မကဗျာတွေ ပါလို့ကတော့ ဆရာတို့ဂျာနယ် မပေါက်မှာ မပူနဲ့။ စက္ကူကတော့ ဘားပြာနဲ့ပဲ ရိုက်ပေါ့နော်။ ကျိန်းသေပေါက်ပြီးသားပဲရှင့်။ ကျွန်မ နမူနာ ရေးစပ်ပြပါ့မယ်။

> သီးထပ်သီးညပ်တွေနဲ့
> ဇီးလုံးဝမကာပ်
> ဟော... မီးလုံးဝပြတ်သွားတဲ့ည
> အဲသည်ည၊ အဲသည်ကာလမှာ
> ဂိုထောင်နံဘေး၊ ချိုထောင်သွေး
> ပွင့်ဖတ်အကြွေတွေ ဖွေးဖွေးလှုပ်
> ပဟေဠိဆန်တဲ့ ပုစ္ဆာတစ်ပုဒ်။

အဲသည်လိုမျိုး နိမိတ်ပုံတွေ၊ သင်္ကေတတွေ ထုံမွှမ်းနေတဲ့ ကျွန်မ ကဗျာတွေကိုသာ များများ အသုံးပြုစမ်းပါရှင်။ ဂျာနယ်ဟာ အန်းဒိတ် မဟုတ်တော့ဘူး။ အမြဲမော်ဒန်နိုက်စ် ဖြစ်နေမှာ ကျိန်းသေတယ်။ ကျွန်မ ကဗျာတွေ သုံးပေးလို့ကတော့ ကဗျာပါတိုင်း အစောင်(၅၀)အားပေးမယ်။ အဖွဲ့သားအားလုံးအတွက် ပုလင်းကြီးတစ်လုံးနဲ့ ပုဆိုးတစ်ထည်စီ မုန့် ဖိုးပိုပေးမယ်။

ကျွန်မ ကဗျာတွေ ပို့လိုက်ပြီ။ ဟောဒီပေးစာနဲ့အတူ ပူးတွဲလို့ ပေါ့။ ဆရာတို့ သဘောထားကို စောင့်ကြည့်နေပါ့မယ်။

ဇိုးသားပွင့်လင်းစွာဖြင့်
မုတ္တမခင်
ခေတ္တ သီရိမင်္ဂလာဈေး
ရန်ကုန်မြို့။

Y Y Y


www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ကိုရွှေတောသားနှင့် ပလာယာကား စွန့်စားခြင်းကြီးစွာ ဖြင့် မည်သည့်ဂျာနယ်မှ မလုပ်ဖူးသေးသော ပေးစာကဏ္ဍတစ်ခုကို 'မဖြစ်ညစ်ကျယ်'ဂျာနယ်၌ စတင်ဖွင့်လှစ်မိပေပြီ။

ကျွန်ုပ်တို့ ဆရာတပည့်ကလည်း ကိုယ့်ဂျာနယ် စောင်ရေတက် ရန်၊ စာမူခ သက်သာသည်ထက် သက်သာရန်၊ ခွင်ဖန်၍ ရနိုင်သမျှ ရရန် ဂျွန်ဆားချက်ခြင်းဖြစ်၏။ ထို့အတူ ယခု ထည့်သွင်းဖော်ပြဖြစ် သောပေးစာရှင်များကလည်း ၎င်းတို့၏ အမည်နာမတစ်လုံး ထင်ရှားပြူ ထွက်ရန်ဗျူဟာတစ်ရပ်ကို ခင်းကျင်းလိုက်ခြင်း ဖြစ်၏။ နှစ်ဦးနှစ်ဖက် မှာတော့ အပေးအယူတွေ ရှိနေသည်။

ဘယ်သူကသာ၍ ဘယ်သူက နာမည်ဆိုတာကတော့ အချိန်က ဆုံးဖြတ်ပေးလိမ့်မည်သာ ဖြစ်တော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com


ရှယ်

ချင်

ရှာ

တော့

# ကောင်းပါသည်


www.burmeseclassic.com

www.burmeseclassic.com



# တစ်နေ့သ၌

ကျွန်ုပ်ကိုရွှေတောသားနှင့် တပည့်ကျေ ပလာယာတို့ထံ ဖုန်းဝင်လာ၏။ ဖုန်းက မဖြစ်ညစ်ကျယ် ဂျာနယ်တိုက် တွင်မ အောက်ဘက်ရှိ လက်ဖက်ရည်ဆိုင်မှ ဖုန်းဖြင့် ဆက်သွယ်ခြင်း ဖြစ် ဘယ်သူများပါလိမ့်။ ဘာကိစ္စများရှိလို့ နှစ်ယောက်စလုံးထံ အဆက် အသွယ်ပြုပါလိမ့်စသဖြင့် တလိမ့်လိမ့်ဖြစ်ရင်း ဖုန်းခွက်ကို ကောက်ကို လိုက်တော့ ကျွန်ုပ်တို့ ဂျာနယ်၏ ထုတ်ဝေသူ မိုးမြင့်အာကာယံခေါ် စွ ပရားဖြစ်နေလေသတည်း။

ဖုန်းထဲမှ ၎င်း၏အသံကား လွှန်မင်းစွာ အညှိုကဲလှသည့် ဆိ သားပေါ် အုပ်ထား၍ ခပ်ထားသည့် မဆလာနံ့သင်းနေလေရာ ၎င်းသ ကိုရွှေတောသားတို့ကဲ့သို့ မြန်မာပြည်သား စစ်စစ်မဟုတ်ကြောင်း စာဖ ပရိသတ်ကြီးအနေဖြင့် နားလည်လိမ့်မည်ဟု ယူဆပါ၏။ ၎င်းပြောသော စကားသံများကို ၎င်း၏ မူရင်းသဒ္ဒအသံအတိုင်း စာလုံးတွေရေးချပါက ဖတ်ရှုရသူအပေါင်း ဘူးလုံးနားမထွင်းဖြစ်မည်မို့ ဖတ်ရှုရသူအပေါင်း အဆ ပြေစေခြင်းငှာ မြန်မာစာရေးထုံးမှန်ဖြင့်ပင် ရေးသားလိုက်ရပါတော့အံ့။ ကိစ္စ သည်ကနေ့ ညနေ သူ ဂျာနယ်တိုက်သို့ လာခဲ့မည်ဖြစ်၍ စောင့်စာ နေစေလိုကြောင်း၊ ညနေဘက် တာဝန်ကို သူယူမည့်အကြောင်း၊ လုပ်ငန် ကိုင်ငန်းနှင့် ပတ်သက်၍ တိုင်ပင်စရာရှိ၍ ဖြစ်ကြောင်း အသံစူးစူးဝါးဝါး ဖြ ပြောနေလေရာ ကျွန်ုပ်လည်း ပလာယာကို ဘေးတွင်ထားလျက် 'ဟုတ်ကဲ့' ချင 'အိုး.. ရက်စ်' ချင်း၊ 'သတ်စ်ရိုက်' ချင်း မိုးမွှန်အောင် တုံ့ပြန်စကား ဆိုရ တော့၏။ အကြောင်းရင်းမှန်ကိုသိတော့ ပလာယာက ဤသို့ဤနှုတ်ဆို၏။

"အခြားကိစ္စတော့ သိပ်စိတ်မဝင်စားဘူး အာစရိ။ တပည့် စိတ်ဝင်စားတာက တပည့်တို့ရဲ့ ညနေကိစ္စကို သူကတာဝန်ယူမယ်



www.burmeseclassic.com

www.burmeseclassic.com


ဆိုတာကိုပဲ စိတ်ဝင်စားတယ်''

တပည့်ကျော် ပလာယာကား စားရသောက်ရမည့်ကိစ္စကို အမြဲ လိုပင် ရှေ့တန်းတင်သူ ဖြစ်၏။ တစ်ခုတော့ ရှိသည်။ သူ့အနေနှင့် အစားကောင်းကလေးများရှိလျှင် ကျွန်ုပ်အား မမေ့။ သံယောဇဉ်တင်းသူ ဖြစ်လေရာ ကျွန်ုပ်နှင့် ပလာယာတို့သည် နှစ်ပြားဂဟေဆက်ဘိသည့်အလား ဤရွှေ့ဤမျှထိ ယက်တွဲမှု သံသရာရှည်နေကြခြင်း ဖြစ်လေ၏။ ညနေစောင်းသို့ ရောက်လေသော် မိုးမြင့်အာကာယံ(ခေါ်) စွပ်ပရားသည် ကျွန်ုပ်တို့ ဆရာတပည့်နှစ်ယောက် ကုပ်ချောင်းကုပ်ချောင်းဖြင့် အလုပ်လုပ်ကြရာ ခေါင်းချင်းဆိုင် တိုင်ပင်လေ့ရှိကြသော မဖြစ်ညစ်ကျယ် ဂျာနယ်ရုံးခန်းသို့ ဩတ်နင်းသံဖြင့် ဝင်ရောက်လာလေရာ စွပ်ပရားလာမည်မှန်း ရုတ်တရက်[illegible]သော တော်ရော့၏။ သို့မဟုတ်မူ ဘယ်က အိမ်သာ ကျင်းတူးတဲ့တေ တက်လာပါလိမ့်ဟု ပိုင်း၍ သမလိုက်မည်သာ ဖြစ်၏။ ဤ[illegible] ဘော့စ်၏ ဆင်းလျှာရုပ်သွင်က တင့်တယ်ရှုမောလှပေသတတ်။

စွပ်ပရား၏ အသားတော်ကား မီး ခဲမို့ မည်းသကိုးတည်း။ အရုပ်အမောင်းကား တော်သလင်းလရာသီ၌ မြူးကြ၊ ကဲကြ၊ တွဲကြ၊ ခဲကြကုန်သော သုနက္ခာ သတ္တဝါတို့ကို ပစ်သည့် တုတ်လောက်ပဲ ရှိမည်။ ခန္ဓာကိုယ်ဖွဲ့စည်းမှု ဘော်ဒီစထပ်ချာကား ရင်အုပ်နှင့် ခါးသည် ကပ်နေ၏။ သက်မောင်းအစုံသည် ကြာရိုးနှင့်မခြား ထွားကျိုင်း၏။ ခြေသလုံးအစုံမှာ လည်းဝလွှရိုးက အဘခေါ်လောက်၏။ ကောက်တွန့်သော ဆံပင်၊ မောက်လှစွာသော နဖူး၊ ပြူးလှစွာသော မျက်စိ၊ ထူထဲ၍ ကွမ်းသွေးများဖြင့် အမြဲလိုရဲနေသော နှုတ်ခမ်း၊ ဝက်ခြံပုန်းတွေ လဲလျောင်းစတည်းချရာ ပါးပြင် စသည်စသည်တို့က ၎င်း၏ ကြီးကျယ်ခမ်းနားလှစွာသော ဥပဓိရုပ်အား ဖော်ပြနေကြလေသတည်း။ အနီးပုဂ္ဂိုလ်သည် ဘယ်ရှေးကံ ဖန်လာလေသည် မသိ။ ပစ္စုပ္ပန်၊ လတ်တလော၊ ယခု မျက်မှောက်လက်ရှိ အခြေအနေ၌ ကျွန်ုပ်တို့ ဆရာတပည့်အား တွန်ထရီးလ်လုပ်နေသူ ဖြစ်ချေ၏။

ဘာရယ်ညာရယ်မဟုတ်။ ၎င်းသည် 'လူရှိန်တာပေါ့'ဆိုကာ ယောက်ျားရင့်မကြီးတန်မဲ့နှင့် လက်နှစ်ဖက်ရှိ လက်ကောက်ဝတ်များ၌ ဟန်[illegible] ဝတ်၏။ လက်မတစ်ချောင်းစီမှလွဲ၍ ကျန်လက်ချောင်းစလုံး၌ လက်[illegible] ဆင်မြန်းထား၏။ လည်ပင်းမှာလည်း အုန်းဆံကြိုး.. အဲ.. ရွှေ[illegible] ဆွဲထား၏။ အာခံတွင်းထဲရှိ လျှာနှင့်အမြဲလို ထိတွေ့နေရသည့် သွားတွေ


www.burmeseclassic.com

www.burmeseclassic.com


မှာလည်း ရှေ့တွေကွပ်ထားသေးတော့ရာ ၎င်းကိုမှ လူ့ အဖိုးတန်ဟု မဆိုရလျှင် အဘယ်သူအား လူ့အဖိုးတန်ဟု ဆိုရပါမည်နည်း။

"ကိုင်း... လာကြဗျာ။ ကျုပ်မှာ ကားပါလာတယ်"

"ဒါဆို အဆင်ပြေတာပေါ့"

သို့ဖြင့် ကျွန်ုပ်နှင့် ပလာယာလည်း ဘာမျှ သိမ်းဆည်းစရာမရှိသည့် ပစ္စည်းပစ္စယတို့အား အလောသုံးဆယ် သိမ်းဆည်းဟန်ပြုပြီးသည့် နောက် ဒကာတော် ရေမြေရှင် နောက်တော်ပါးသို့ လိုက်ချသွားကြလေတော့၏ ကျွန်ုပ်တို့ ဘောစိ၏ ကားမှာ လွန်စွာမှ စုတ်ချာလွန်းလှပါဘိတော့။ ကားတံခါးကို ကွပ်ထားသော လိုင်နာများ ကွာကျနေရာ ၎င်းလည်း အိုးဖာသည့်ကုလား၏ ဩရသပုတ္တပ်သစွာ လိုင်နာတို့ ကွာမကျစေရန် ရှေ့ဉာဏ်တော်စူးရောက်လျက် အိုးဖာတိပ်များဖြင့် ဝါးပေါင်းကွပ် ထားလေ၏။ ကားထိုင်ခုံကူရှင်တွေကလည်း အပေါက်ပေါက် အပြဲပြဲ။ ဘီးလေးဘီးပါ၍ လိုရာခရီးကို လက်ကိုင်ငွေလှည့်ကာ သယ်ယူပို့ဆောင် ပေးနိုင်သဖြင့် မော်တော်ကားဟု ဆိုရသော်ငြား တကယ်တော့ အနှီကားသည် နွားသတ်လိုင်စင်ရသူ၏ လက်ထဲ အော်တိုမက်တစ် ရောက်ရှိသွားသည့် သနားစရာ နွားအိုသတ္တဝါနှင့် ဘာမျှမခြား။

"ကိုင်း... ရောက်ပြီ။ ကျုပ် အခုတစ်လော ဓာတ်ကျနေတဲ့ ဆိုင် ရောက်ပြီ"

ကားထိုးရပ်တော့ ကျွန်ုပ်တို့ ဆရာတပည့်လည်း ကားပေါ်မှ ဆင်းလိုက်ကြသည်။ ၎င်းဓာတ်ကျသော ဆိုင်ကား အင်မတိအင်မတန် အင်မတန်အင်မတိ စုတ်ချာလွန်းလှဘိကတား။ ပုံသဏ္ဌာန်က တကယ့် တဲကြီးတစ်တဲ။ တဲအတွင်း ခေါင်မိုးဝယ် မှိုင်းကြပ်ခိုးတွေက အထပ်ထပ် အလိမ်းလိမ်း။ ပင့်ကူအိမ်တွေဆိုသည်မှာလည်း တွဲရရွဲ။ စားပွဲခုံတွေက ကြေးညှော်တွေ သုတ်လိမ်းထားသည့်အလား။ တချို့ နေရာများဆို ပုရွက် ဆိတ်တွေပင် ခဲလို့။ ရေခွက်တွေမှာလည်း အဆီတွေ ဝင်းနေ၏။

"ကိုင်း... မှာကြဗျာ။ မှာဆို ဒီဆိုင်မှာက ပင်လယ်ဘီအီးပဲ ရှိတာ"

"ဒါဆိုလည်း ဘီအီးပဲပေါ့လေ"

အမှန်မှာတော့ ကျွန်ုပ်တို့ဆရာ တပည့် ထင်ထားသည်က တကယ့် ရက်စ်တောရင့်ကြီးတွေ မဟုတ်တောင်မှ တူတူတန်တန် သားသားနားနား ရှိလောက်မည့် စားသောက်ဆိုင်၊ ဒါမှမဟုတ် စည်ဘီယာဆိုင် တစ်ဆိုင် ဆိုင်သို့


www.burmeseclassic.com

www.burmeseclassic.com


ခေါ်သွားလိမ့်မည် ထင်ခဲ့၏။ ဤအထင်နှင့်ပင် ကျွန်ုပ်တို့ ဆရာ တပည့် နှစ်ယောက်စလုံး စည်ဘီယာ ကစ်မည်။ စည်ဘီယာ အဆင်မပြေခဲ့သော် ဘလက်လေဘယ်၊ ရက်လေဘယ်လေး၊ ဂျော်နီလမ်းလျှောက် လေး။ ဂရင်းဝီစကီလေး၊ ဒရှိုင်းဂျင်ကလေး၊ ရမ်ကလေး တစ်ခုမဟုတ် တစ်ခုကို မှိုက်မျှဦးသောက်သုံးရင်း ဘဲကင်ဖတ်ကလေးဝါးလိုက်၊ ချိစ်ခဲ လေးမြို့လိုက်၊ အသားကင်လေး ဖွဲ့လိုက်၊ အာလူးကြော်လေး တဂျွမ်းဂျွမ်း လုပ်လိုက်၊ ဖိုက်ဖိုက်ဖိုက် စီးကရက်ငွေ့ကလေး လေထဲ ကလူလိုက် လုပ်ရင်း အငြိမ့်ကြီး ငြိမ့်ရတော့မည်ဟု မှတ်ထင်နေခဲ့ကြသည်။ ခုတော့ ဖြင့် ထင်ထားသမျှတွေက အလွဲလွဲအချော်ချော်။

"အမြည်းမမှာတော့ဘူးလား ဆရာမိုးမြင့်အာကာယ်"

"ဟာ... ကျုပ်အတွက်တော့ မလိုဘူး ကိုပလာယာ။ ဟောဒီမှာ ကြက်သွန်ဥ၊ ဟောဒီမှာ တွေ့လား။ ငရုတ်သီးတောင့်နဲ့ ဆား။ ဒါဆို အားလုံး အနုပ်ဖိုပဲ"

"ခင်ဗျားတို့ မြည်းတတ်တာ မှာပေါ့။ ဒီဆိုင်မှာ ပဲကြီးလှော် ရတယ်။ လျက်ဆားရတယ်။ ဆီးထုပ်ရတယ်"

သေဟဲ့ နန္ဒိယဟုဆိုကာ ကိုယ့်နဖူး ကိုယ်ရိုက်ပစ်လိုက်ဖို့ ကောင်း လှတော့၏။ ကျွန်ုပ်တို့အဖို့ ဤလိုမျိုးဆိုင်သို့ ရောက်ရလိမ့်မည်ဟု ကြိုသိ ခဲ့ရပါလျှင် ညနေဘက် ဘောစိကောင်ကြီး မလာခင်ကတည်းက ဆရာ တပည့်နှစ်ယောက်သား ခြေလှမ်းတွေ ဖျောက်ခဲ့ကြမှာ သေချာသည်။ ယခုမူ ကျွန်ုပ်တို့ ဆရာတပည့်ခမျာ ဘာများ တတ်နိုင်ပါဦးမည်နည်း။

"ရေခဲရမလား"

"မရှိဘူး"

"ဆိုဒါကော"

"ကာရင်ဆိုဒါလား... ဒါဆို နိုး"

သွားပါပြီ။ ဆိုင်စားပွဲထိုးကလည်း တကယ့် နားဝေတိမ်တောင်။

"ကဲပါ... ကိုပလာယာရယ်။ ခင်ဗျားတို့ပဲ ကိုယ့်ကိုယ်ကို ဘဝသမားတွေဆို။ ဒီတော့ ဘာမှ ဂျီအိပတ္တမျှားမနေပါနဲ့ဗျာ။ ရှိတာကိုပဲ ရေရောပြီး မော့ကြဗျာ။ အမြည်းလိုရင် မှာပေးမယ်။ ... လျက်ဆား တစ်ထုပ်ထပ်ချ။ ငါ့အတွက်လည်း ငရုတ်သီး စိမ်း နှစ်တောင့်"


www.burmeseclassic.com

www.burmeseclassic.com



"ဟိုက်... ဘောဇ်"

သည်ဆိုင်နှင့် စွပ်ပရား၊ စွပ်ပရားနှင့် သည်ဆိုင် အတော်လေးကို ဓာတ်တူနံ့တူလွန်းလေစွတကား။ ကျွန်ုပ်တို့ ဆရာတပည့်လည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေမိရာက ပလာယာကလည်း..

"အခု... ခင်ဗျားတို့နဲ့ ဆုံရတဲ့ကိစ္စကတော့.. ကျုပ်တို့ မဖြစ်ညစ်ကျယ်ဂျာနယ်ကို ခေတ်စားတွင်ကျယ်နေတဲ့ ဂမ္ဘီရလိုင်းကို ပြောင်းဖို့ရာ ပြောမလို့ဗျ။ အဲသည်အတွက် နာမည်ကျော် ဂမ္ဘီရ စာရေးဆရာတွေရဲ့ စာမူတွေ လိုချင်တယ်"

"အိုကေ... ကိုစွပ်... အဲ... ဆရာမိုးမြင့်အာကာယံရေ။ ဂမ္ဘီရလောက်များ ကျွန်တော်တို့ဘက်က ပျင်းတောင်ပျင်း ပါသေးတယ်။ စာမူအတွက် ဘာမှမပူနဲ့။ တွံတေးဘက်က မာလကာခြံသွားပြီး ဆရာဂမ္ဘီရမုတ်ဆိတ်နဲ့ သူ့တပည့်တွေဆီက စာမူတွေတောင်းမယ်။ အပြင်မှာ ဂမ္ဘီရစာပေနဲ့ နာမည်ကြီးနေတဲ့ ဆရာသုတေသီအာလူးတို့ ဆရာကြီး တိမ်ကမ္ဗလာတို့ဆီက စာမူတွေလည်း တောင်းမယ်"

"ကြိုးစားကြစမ်းပါဗျာ။ ခင်ဗျားတို့မှာ အရည်အချင်းတွေ အများကြီး ရှိပါတယ်"

သို့ကလို ကျွန်ုပ်တို့ သုံးဦးသား တိုင်တိုင်ပင်ပင် ဆွေးဆွေးနွေး လုပ်ကြပြီးသည့်နောက် အသီးသီး အသကအသက ဆိုသလို လမ်းခွဲလိုက်ကြပါချေ၏။

သိပ်မကြာလိုက်သော ကာလတစ်ခုတွင် မဖြစ်ညစ်ကျယ်သည် ဂမ္ဘီရဂျာနယ်အသွင်ဖြင့် ပေါ်ထွက်လာပါ၏။ ထွက်လာလာချင်း ပြိုက်ခနဲ ကုန်သွားသည်ဆိုတော့ ထုတ်ဝေသူ စွပ်ပရားမှာ ဝမ်းမြောက်ဝမ်းသာ ဖြစ်လွန်းသဖြင့် တဟီးဟီး ပီတိဖြစ်နေ၏။ ၎င်း၏ ရယ်မောပုံကို အင်းဝခေတ် စာဆိုအကျော် ရှင်ဥတ္တမကျော်က တောလားအချအပိုဒ် တစ်ပိုဒ်ဖြင့် ကြိုတင်ဂုဏ်ပြုခဲ့လေရော့သလား။ ဘာကြောင့်ဆို စွပ်ပရား၏ ရယ်မောပုံကား 'ဘီလူးသွားကို လဖြဲတည်း' ဖြစ်နေသောကြောင့်ပင်။

ကျွန်ုပ်တို့ ဆရာထပည့်မှာမူ ဂျာနယ်ဝယ်ယူသူတို့အား မျှော်မျက်နှာပူလှချေ၏။ အကြောင်းမူ ဤဂျာနယ်၌ အမြဲတမ်း အိမ်ငှားနေသူက 'တိုက်ပိုင်အိမ်ပိုင် နေလိုသော်' ဟု ရေး၏။ အမြဲတမ်း ချူချာလျက် ဆေးရုံတက်ကုန်းဖြစ်နေသောသူက 'ကျန်းမာစေရာ ဓာတ်ယတြာ' ဟု ရေး၏။ လမ်းသွားတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ခလုတ်အမြဲတိုက်သူက 'ခရီးသွားလျှင် ဒါရွတ်ပါ'ဟု ဝင်နှောက်၏။ သားဆိုး သမီးဆိုးများကြောင့် ချွတ်ခြုံကျနေသူက 'သားကောင်း သမီးကောင်းရတနာ ရလိုသော်'ဟူသည့် ဆောင်းပါးကိုရေး၏။ ချောင်းအရိုက်ခံရ၍ ပတ်တီး အဖွေးသား ဖြစ်နေသူက 'ချစ်ခင်သူတွေ ပိုင်းပိုင်းလည်ဖို့' ဟု ရေး၏။ လက်ဝတ်ရတနာ ဆင်မြန်းနိုင်ဖို့ဝေးစွ၊ အဝတ်အစားပင် နှစ်စုံလောက် ကောင်းကောင်းမရှိသူကလည်း 'လာဘ် လာဘပွင့်စေဖို့ ရတနာတွေ ရွေးချယ် ဝတ်ကြစို့'ဟု ရေး၏။

ဤသို့ဤပုံ၊ ထိုပုံထိုနည်းဖြင့် ဖွဲ့စည်းထားသော ကျွန်ုပ်တို့၏ 'မဖြစ်ညစ်ကျယ်ဂမ္ဘီရဂျာနယ်'သည် ထွက်လျှင်ထွက်ချင်း ပြိုက်ခနဲ ကုန်သွား သည့်အတွက် တကယ့်ဇာစ်မြစ်ကို သိထားသော ကျွန်ုပ်တို့ ဆရာတပည့်မှာ ဗားတိုက်ရယ်ချင်စိတ်ကို မနည်းပင် မျိုသိပ်ထားရပါလေသတည်း။



www.burmeseclassic.com

www.burmeseclassic.com


# တိမ်ပေါ်တက်ပြီး

# မိန့်ခေါ်မယ်


www.burmeseclassic.com

www.burmeseclassic.com



## "အာစရီ"

"ဆို… ပလာယာ"

"ဒီကနေ့ နေ့လယ် ပွဲတစ်ပွဲ ရှိတယ် အာစရီ။ အလုပ်တွေ ဖြတ်သင့်တာ ဖြတ်ပြီး စောစောလေး ချီတက်ကြရအောင်။ နို့ မဟုတ်ရင် ထိုင်ဖို့တောင် ခပ်ခက်ခက် ဖြစ်သွားလိမ့်မယ်"

"ဟ… ပွဲက အဲသလောက် ကောင်းသတဲ့လား။ ဒါဆိုရင် ယမကာ ကောင်းကောင်းနဲ့ဧည့်ခံပြီး လက်ဆောင်ပစ္စည်း ကောင်းကောင်း ပေးလိမ့်မယ် ထင်ရဲ့"

"ဘယ်ကလာ… ယမကာကောင်းကောင်းနဲ့ ဧည့်ခံပြီး လက်ဆောင်ပစ္စည်းကောင်းကောင်း ပေးမယ်ဆိုတာ လုံးဝမဟုတ်ဘူး"

"ဒါနဲ့များကွယ်။ ပွဲတက်တာ နောက်ကျရင် ထိုင်ဖို့တောင် ခက်ခက်ခက်ဆိုတော့ မင့်စကား အသွားအလာကြီးက မဟုတ်သေးပါဘူးကွာ။ နေစမ်းပါဦး… ပွဲက ဘာပွဲမို့လဲ"

"ဝေယျာဝစ္စအဖွဲ့နှစ်ဖွဲ့ ကွဲနေတဲ့အပေါ် ဟိုးတစ်လောက တစ်ဖွဲ့က ရှင်းပြီးပြီ။ အဲဒါ ကျန်တစ်ဖွဲ့ ရှင်းလင်းတင်ပြမယ့်ပွဲ အာစရီရဲ့"

"ဟယ်.. ဟုတ်ပါရဲ့။ တို့များကွယ် မေ့နေလိုက်တာ၊ မေ့နေလိုက်တာ။ ဟိုဆရာကြီးအတိုင်းပဲ။ ဦးနှောက်တွေလည်း ဘယ်လိုဖြစ်တယ် မသိပါဘူး။ ခုတစ်လော သတိများ တယ်လည်း မေ့သကိုး။ ဟုတ်သကွာ။ ဟိုးတစ်လောက ဝေယျာဝစ္စ အသင်းအဖွဲ့ကတော့ အဖိတ်သား။ သိပ်စိတ်ဝင်စားစရာ ကောင်းမယ် မထင်တဲ့ မင်းရောင်ပါ မှေ့မှေ့ပျောက်ပျောက် ဖြစ်နေခဲ့တယ်လေကွာ"

"အာစရီကလည်း 'ဖိနို့'နေပြန်ပါပြီ။ အရက်နာကျလို့ မသွား



www.burmeseclassic.com

www.burmeseclassic.com



နိုင်တာများ”

“အဟီး ... ဟုတ်ပါ့သကွာ။ ဒါထက် ဒီပွဲက တော်တော် စိတ်ဝင်စားစရာ ကောင်းနေလို့လား”

“ဟား ... ကောင်းတယ် အာစရိ၊ သိပ်ကိုကောင်းတဲ့ပွဲ။ ဂျာနယ်တွေမှာ သတင်းအေးနေလို့ သည်လိုမျိုး ဖွကောင်းမယ့် ကိစ္စပေါ်လာတာ ဘဲရီးဂွဒ်ခင်ဗျ။ ဒါကြောင့် ခုလောက်ဆို စာနယ်ဇင်း လောကက ငပွတွေ၊ ငဖွတွေ ရောက်နေလောက်ပြီ အာစရိရဲ့”

“ဒါထက် မင်းက နေရာတကာ ဟိုစပ်စပ် သည်စပ်စပ်ဆိုတော့ မေးရဦးမယ်။ ပထမအဖွဲ့ ရှင်းလင်းပွဲတုန်းက ဘာသတင်းတွေ ကြားသလဲ”

“ဘာကြားရမှာလဲ အာစရိရယ်။ အခု ရှင်းလင်းမယ့်အဖွဲ့ကို မကျေနပ်တဲ့အကြောင်း၊ လုပ်ထုံးလုပ်နည်းနဲ့ မကိုက်ညီတဲ့အကြောင်း၊ ဒီ့အတွက် တရားဥပဒေနဲ့အညီ အရေးယူမယ့် အကြောင်းတွေ တော်တော်လေးကို ပြင်းပြင်းထန်ထန် ပြောဆိုသွားတယ်ဆိုပဲ”

“ဒါဆို ... တစ်ဖက်ဝေယျာဝစ္စအဖွဲ့တော့ ချောက်ပဲပေါ့”

“လွယ်လွယ်လို့မရဘူး အာစရိရဲ့။ သည်အဖွဲ့လည်း ပညာရှင်တွေနဲ့ ဖွဲ့စည်းထားတဲ့ အဖွဲ့။ လက်ခုပ်ဆိုတာ တစ်ဖက် တည်းတီးလို့ အသံမြည်တာမျိုး မဟုတ်ဘူး။ နှစ်ဖက်တီးမှ ‘ဖြောင်း’ခနဲ ထမြည် တတ်တာ ခင်ဗျ”

“ဒါဆိုရင် ဒီကနေ့ တို့များသွားတက်ကြမယ့် ပွဲမှာ လက်ခုပ်သံ ‘ဖြောင်းခနဲ’ ဆိုတာကို ကြားရဦးမှာပေါ့။ ခြင်ရိုက်တာတော့ မဟုတ် လောက်ပါဘူးနော်”

“ပြောရေ့မယ် အာစရိနယ်”

“ဝသီပါနေလို့ပါကွာ။ ဒါထက် တို့များ စာနယ်ဇင်းဆိုတာက ဘယ်ဘက်ကိုမှ လိုက်လို့မရဘူး။ အမြင်ကို အမြင်အတိုင်း တင်ပြရမှာပဲ၊ ဟုတ်တယ် .. ဟုတ်”

“ဟုတ် ... ”

“အေးကွယ်။ အဲသလို စိတ်ဝင်စားစရာ ကောင်းလှတဲ့ ပွဲမျိုးမှာ တစ်ခုခုများ ‘တွယ်’လိုက်ရရင် ... ”

“မပူနဲ့ အာစရိ .. ‘စပါယ်ရှယ်တွယ်’ရမှာ။ ထည့် သေသေ



www.burmeseclassic.com

www.burmeseclassic.com


ချာချာကို စုံစမ်းပြီးပြီ။ အဲဒီပွဲမှာ ကြွရောက်လာသူအပေါင်းကို ကြက်သားပလာတာနဲ့ ဧည့်ခံမှာတဲ့ အာစရိရယ်။ အဝကျွေး မှာဆိုပဲ"

"ဟာ... ဒါဆိုရင် အတိုင်းထက်အလွန် တံခွန်နဲ့ကုက္ကားပေါ့။ လူအလစ်မှာ ကြက်သားတုံးတွေ ပါဆယ်ထုပ်ရအောင် ကျွတ်ကျွတ်အိတ်ကလေးတွေ ဆောင်ခဲ့ဟေ့"

"အာစရိ မည္သွန်ကြားခင်ကတည်းက တပည့် ကြိုတင်ပြီး လုပ်ထားခဲ့ပါပြီကော ဆရာရယ်"

"တောက်... တော်လိုက်တဲ့ ငါ့တပည့်"

ကျွန်ုပ် ကိုရွှေတောသား၏ တပည့်ကျော် ပလာယာကား ဤရွှေဤ မျှထိ အကွက်မြင်တတ်ရုံမက ချက်ဆို နားခွက်က မီးတောက်သော လူစား မျိုးသည်မို့ ကျွန်ုပ်အဖို့များစွာ အားကိုးအားထား ပြုရချေသည်တစ်မုံ့။

Y Y Y

စာနယ်ဇင်း ရှင်းလင်းပွဲ ပြုလုပ်ရာ နေရာသည်ကား ပုဇွန်တောင် ချောင်းနားမှာ ဖြစ်၏။ 'ဗုံးပေါလအေအာ စားတော်ဆက်'ဟု အမည်သညာ မှည့်ထား၏။ အဆောက်အအုံကို ခေတ်မမီတမီ ရွက်ဖျင်တဲကြီးသဏ္ဌာန် ဆောက်လုပ်ထား၏။ အတွင်းမှာကား ခုံတန်းလျားတွေက အစီအရီ။

ကိုရွှေတောသားတို့ ဆရာတပည့်ရောက်တော့ ခုံတန်းလျားများ၌ စာနယ်ဇင်းဆရာတွေ ပြည့်လုနီးပါး ဖြစ်၏။ နောက် ရောက်လာသူတွေမှာ မနည်းမတ်တတ်။ သည့်အတွက် ဗုံးပေါလအေအာဆိုင်မှ စုတ်တီး စုတ်ချာနိုင် လှသော စားပွဲထိုးများက သစ်သားစည်ပိုင်းများ၊ ရေပုံးစုတ်များကို ဖင်မှောက်၍ နေရာထိုင်ခင်း ပြုလုပ်ပေးကြကုန်၏။ (အံ့မယ် ရေပုံး စုတ်တွေ၊ သစ်သား စည်ပိုင်းတွေပေါ် ထိုင်နေရာ ဘယ်သူတွေများ မှတ်တယ်။ မောင်တေမိတို့ ဆရာတပည့်တွေ ဖြစ်နေကြပါကလား ဟရို့။ ဝွတ်ထ.. ဝွတ်ထား ကောင်းလှောင့်တေး.. ကောင်းလှောင့်တေး)

အားလုံး လူစုံလောက်ပြီဆိုတော့ ဗုံးပေါလအေအာဆိုင်မှ ဧည့် ပရိသတ်တို့အား ဘယ်အသုဘက ရရှိလာ၍ သိမ်းဆည်းထားသည်မသိသော ယပ်တောင်တစ်ချောင်းစီအား လိုက်လံဝေ၄၏။ အကြောင်းမူ ရွှတ်ရွှင်တဲ ခန်းမအတွင်း၌ ဘယ်လေအေးစက်၊ ဘယ်ပန်ကာမှ မရှိသောကြောင့် ဖြစ်ပါချေ


www.burmeseclassic.com

www.burmeseclassic.com


ရှင်းလင်းပွဲလုပ်မည့်သူများကား နေရာကောင်းကို ရွေးချယ်တတ်ပါဘိ။ အားလုံး ယပ်တောင်ယိမ်း ကနေချိန်ဝယ် အခမ်းအနားအစီအစဉ်ကို စတင်ကာ ဝေယျာဝစ္စအဖွဲ့သည် ၎င်းတို့ဖွဲ့စည်းထားသည့် အဖွဲ့ဝင်များနှင့် မိတ်ဆက်၏။ ပြီးတော့ သူတို့၏ လုပ်ငန်းစဉ်များ၊ တွေ့ကြုံရင်ဆိုင်ရချက်များကို အရင်းခံအတိုင်း တင်ပြသွားခဲ့၏။ အသင်း၏ လက်ရှိအနေအထားကို အမှန်အတိုင်း ပြောဆို သွား၏။ ပြီးပြီဆိုတော့မှ ကြွရောက်လာကြသော စာနယ်ဇင်းဆရာတို့အား မေးမြန်းရန်၊ ဆွေးနွေးရန်၊ အကြံပြုရန် ဖိတ်ခေါ်ပါတော့သည်။

ထိုသို့ ဖိတ်ခေါ်သည့် သမယဝယ် ကျွေးမွေးဧည့်ခံခြင်း အစီအစဉ် စလေတော့ တပည့်ကျော် ပလာယာသည် ၎င်း၏ လွယ်အိတ်အတွင်းမှ ကျွတ်ကျွတ်အိတ်ကို လက်ဖြင့်စမ်းကာ 'ရယ်ဒီ' လုပ်ထားလိုက်လေသည်။ စားပွဲထိုးများသည် ရှော့ပင်ဆင်တူ၊ စွယ်ကျယ်ချိုင်းပြတ်ဆင်တူ၊ အသား မည်းတာ ဆင်တူ၊ ဆံပင်ကြွက်ကိုက်ဆင်တူဖြင့် ကြွေပန်းကန်အပ့်များ၊ သံပန်းကန် အပိန်များ၊ ဒန်ပန်းကန် အရှဲ့များအတွင်း ဖျင်းတွဲနေသည့် ပလာတာ မာကျောကျောကို အပိုင်းပိုင်းဖြတ်လျက်ထည့်ကာ ယင်းအပေါ်သို့ ကြက်သား ဟင်းကို ဆမ်း၍ စာနယ်ဇင်းဆရာအပေါင်းထံ လိုက်လံ ချပေးလျက်ရှိသည်။ ကိုရွှေတောသားတို့ ဆရာတပည့်နားရောက်တော့

"ဟာ.. ဟော့.. ဝိတ်တာ။ ဘယ့်နှယ်.. မင်းဟာက ချစ်တီး ထမင်းဆိုင်ကျနေတာပဲ။ ဘယ့်နှယ် ... ပန်းကန်နဲ့ မထည့်ဘဲ ဖက်နဲ့ခင်းပြီး လာချရတယ်လို့။ ဖက်တောင်မှ ငှက်ပျောဖက်တောင် မဟုတ်ဘူး။ ပိန်းရွက်ကြီး"

"ဟုတ်ကဲ့။ အဲဒီ ပိန်းရွက်တောင် ချောင်းစပ်မှာ အလွယ် တကူရလို့ ခင်းပေးနိုင်တာ ခင်ဗျ"

"မင်းတို့ကွာ... တန်ရာတန်ဖိုးကျတော့ အပြည့်အဝယူထားပြီး ဝန်ဆောင်မှုကျတော့ ပြည့်ပြည့်ဝဝ ဖြည့်ဆည်းမပေး နိုင်ဘူးလား။ ငါတို့နှစ်ယောက်က 'မဖြစ်ညစ်ကျယ်ဂျာနယ်'က တာဝန်ခံအယ်ဒီတာနဲ့ အယ်ဒီတာချုပ်နော်။ ငါတို့ကလောင်သွား နဲ့ ကလိလိုက်ရင် မင်းတို့ဆိုင် ဘာဖြစ်သွားမလဲ"

"ကြော်ငြာခ တစ်ပြားမှမကုန်ဘဲ အသားလွတ် 'ဗိုးအေ လအောဆိုင်' နာမည်ကြီးသွားမှာပေါ့ ဆရာတို့ရယ်။ ရေးခင်ဗျ ရေးပါ၊ ရေးလိုက်စမ်းပါ။ ဟင်း.. ဟင်း.. ဟင်း.. နှီးပလော်ပလန်"


www.burmeseclassic.com

www.burmeseclassic.com


"ဟ… ပေါ်တင်ကြီးပါလား"

"ပေါ်တင်ပဲ ဆရာတို့။ ဆရာတို့ကိုယ်ကို ဆရာတို့ သိပ် 'ဖန်း' မတင်နဲ့နော်။ ဆရာတို့ဂျာနယ်တွေကို လူတိုင်းဖတ်က တာမဟုတ်ဘူး။ ဈေးကလည်း ကြီးသေး။ ဖတ်ကြည့်တော့ သူ့ကိုတင် ကိုယ့်ကိုမြှောက်၊ သူ့ကိုဆော်၊ အို… ဘာတွေမှန်းကို မသိဘူး။ စိတ်ညစ်တဲ့အထဲမှာ ဆရာတို့ ဂျာနယ်တွေကြောင့်လည်း ပါတယ်။ ဒါကြောင့် တော်ရုံ တန်ရုံဆို မဖတ်တော့ဘူး။ ဈေးထုပ်တဲ့အထဲ ပါလာမှ အပျင်းပြေ ဖတ်ဖြစ်တော့တယ်"

"ဖွီး… တော်ပါတော့ကွယ်… တော်ပါတော့။ ဟော့… ကြက်သားဖတ် ထပ်ဖြည့်ပေးပြီး"

"စိတ်ချ… အဖတ်တင်မကဘူး။ အရိုးရော ခေါင်းပါထည့် ပေးမယ်။ ဒီလိုမျိုး စားရခဲတဲ့ အသား အဝသာစား။ ကိုယ်ရှင်း ရတာ မဟုတ်ဘူး"

အင်မတိအင်မတန် စကားကြော ရှည်သော၊ ကတ်သီးကတ်ဖဲ့ ပြောတတ်သော မိကျောင်းမသား ဝိတ်တာပါတကား။ ဝိတ်တာမို့သာ တော်ရဲ့။ စာနယ်ဇင်းလောကထဲသို့သာ ဝင်လိုက်လျှင် ကာလမကြာခင် အတွင်း နာမည်တစ်လုံး ရသွားလောက်သည့် အရည်အချင်းမျိုးတွေ မြင် နေရသည်။ ထိုသို့ စားနေသောက်နေ (လူအလစ်တွင်) ပါးဆယ်တွေ ထည့်နေခိုက် စာနယ်ဇင်း ဆရာအချို့၏ မေးမြန်းချက်များကို အဖွဲ့မှ ဖြေကြား၏။ ဆွေးနွေးချက်များကို တစ်ဖွဲ့မှ ပြန်လည်ရှင်းလင်း တင်ပြ၏။ အကြံပေးချက်များကို အဖွဲ့မှ မှတ်တမ်းတင်၏။ တစ်ဖက်နှင့်တစ်ဖက် သည် စည်းညီညီ ဝါးကျကျ။ ထိုခဏ စာနယ်ဇင်းဆရာတစ်ယောက် ထွက်လာကာ အဖွဲ့ထံမှ မိုက်တစ်ခုကို ယူလိုက်၏။ အသွင် မာန်ထည် ထည်၊ ဟန်ကြွယ်ကြွယ်။

"ကျွန်တော် ဒီပွဲကို ဖိတ်စာမရပါဘဲနဲ့ စိတ်ဝင်စားမှုရှိလို့ တက်လာ တာ။ ဝေယျာဝစ္စအဖွဲ့ရဲ့ ရည်ရွယ်ချက်တွေ၊ လုပ်ရပ်တွေကို သိပ်ကြိုက် တယ်။ အခုလိုမျိုး အဖွဲ့နှစ်ဖွဲ့က ဘာဆိုတာ သိနေကြမှာပါ။ ဒါ ကျွန်တော်တို့ မသိနိုင်တဲ့ကိစ္စမို့ ကျွန်တော်တို့ မစွက်ဖက်ပါဘူး။ ဆန္ဒကတော့ ဘယ်အဖွဲ့မှ ပျက်စီးမသွားစေချင်ဘူး။ ကျွန်တော်ကို တစ်ခုခုဖြစ်ရင်လည်း ဒီဝေယျာဝစ္စအဖွဲ့ကိုပဲ အားကိုးသင့်ရင် အားကိုးမှာ"

"ဒီတော့ ကျွန်တော် မေးချင်တာ မေးပါရစေ။ ဘယ်သူ တွေ


www.burmeseclassic.com

www.burmeseclassic.com



ဘာတွေပွက်ပွက်၊ ဖျက်ဖျက် ခင်ဗျားတို့ အနေနဲ့ ဒီအဖွဲ့ကြီးရဲ့ မူဝါဒ အတိုင်း ဆက်လက်ဆောင်ရွက်သွားမလား၊ မသွားဘူးလား ဆိုတာပဲ''

''ဆက်လက်ဆောင်ရွက်မယ်။ ဆက်ပြီး ဆောင်ရွက်မယ်''

အဆိုပါ ပုဂ္ဂိုလ်၏ အမေးစကားဆုံးသည်နှင့် ရုတ်ချည်းပင် အဖွဲ့သူ အဖွဲ့သား အပေါင်းထဲမှ ညီညာဖြိုဖြိုး တက်ကြွသော အသံတွေကို ကြားလိုက်ရ ကျွန်ုပ်ကိုရွှေတောသားသည်ပင်လျှင် ကြက်သီးတွေ တဖျန်းဖျန်းထခဲ့ပါလေ

''အဲဒီလိုဆက်ပြီး ဆောင်ရွက်သွားမယ် ကြားတော့ ကျွန်တော် အများကြီး ဝမ်းသာပါတယ်။ ဝမ်းသာတဲ့အနေနဲ့ ကျွန်တော်ရလာတဲ့ စာမူခ(၅၀၀/-)တိတိကို 'ပုဗ္ဗ၊ မုဋ္ဌ၊ ပရ' စေတနာ သုံးတန် ပြဋ္ဌာန်းပြီး လှူဒါန်းပါတယ် ခင်ဗျာ။ နောက်လည်း ဒီလိုမျိုး ဝေယျာဝစ္စအဖွဲ့တွေ ပေါ်ပေါက်ရင် အကြောင်းကြားပါခင်ဗျာ။ စာမူခရလာတိုင်း လှူပါ့မယ် ခင်ဗျ''

''သြီး... ဖြောင်း... ဖြောင်း... ဖြောင်း''

လက်ခုပ်သံတွေ ညံသွားသည်။ ဝမ်းစမိုးသံတွေ ကဲသွားသည် ကင်မရာမီးရောင်တွေ တလက်လက် ဖြစ်သွားကြသည်။ ငွေ(၅၀၀) လှူဒါန် လိုက်မှုအပေါ် အခြေပြုလျက် အလှူရှင်အဖို့ နောက်အပတ်ထုတ် စာနယ်ဇင် များအပေါ်၌ ဓာတ်ပုံနှင့်တကွ နာမည်ပါ ကျော်ကြားဦးမည်တကား။

ထိုခဏ ကိုရွှေတောသားတို့ နောက်ဘက်ဆီမှ ပါလေရာသတင် သမားတစ်ယောက် ထရပ်လိုက်သည်။ သည်တော့ အဖွဲ့မှ ၎င်းထံမိုက်ခွက်ကို သွားပေးကြ၏။ ၎င်းလည်း ကြက်သားပလာတာကို လက်ဖြင့် အားရပါး တွယ်ပြီးမှ ရေဆေးစရာ မရှာတော့ဘဲ ၎င်း၏ ခါးပုံစနှင့် သုတ်လျက် ထိုဟင်းပေလက်ဖြင့်ပင် မိုက်ခွက်ကို အားပါးတရ ဆုပ်ကိုင်လိုက်တော့၏။

''ကျွန်တော် သိချင်တာ တစ်ခုရှိပါတယ်။ ခု... ဆရာတို့ အဖွဲ့မှာ ကိုယ်ပိုင်ဝယ်ယူထားပြီးဖြစ်တဲ့ ဆိုက်ကားအရေအတွက် ဘယ်နှစ်စီး ရှိပါပြီလဲ ခင်ဗျ''

ထိုအခါ တစ်ဖက်မှ စာရင်းဇယားစာရွက်ကို ကိုင်ကာ တိကျစွာ ဖြေကြားပါလေ၏။ မေးသူက စေ့စေ့စပ်စပ်မေး၏။ ဖြေသူက တိတိကျကျ ဖြေ၏။ ထိုအမေး ထိုအဖြေတို့အား တက်ရောက်လာကြသူအပေါင်း စိတ်ဝင်တစား ရှိကြ၏။

''ဟုတ်ကဲ့... စုစုပေါင်း (၁၁)စီးရှိသွားပါပြီ ခင်ဗျ''



www.burmeseclassic.com

www.burmeseclassic.com


"ဒါတွေကို ဘယ်သူတွေ ဝယ်တာပါလဲ"

"တစ်ဖက်အဖွဲ့က ဝယ်ခဲ့တာပါ"

"လက်ရှိကော အသုံးပြုလို့ ရပါသလား"

"(၉)စီးတော့ အသုံးပြုလို့ ရပါတယ်။ ကျန်တဲ့နှစ်စီးကတော့ ဆိုက်ကားမဟုတ်ဘဲ ဂါလီကြီးဖြစ်နေလို့ပါ။ လုပ်ငန်းအတွက် သိပ်အသုံးမဝင်ပါဘူး။ ချောင်ထိုးထားရပါတယ်"

"လုပ်ငန်းနဲ့ အသုံးမဝင်မှန်းသိရဲ့နဲ့ ဘာဖြစ်လို့များ ဝယ်ရသလဲ"

"ဝယ်တဲ့သူက ပြန်ရောင်းရင် မြတ်တယ်ဆိုပြီး စီးပွားတွက် တွက်လို့ ဝယ်လာခဲ့တာပါ"

"အယ်..."

အားလုံး အံ့အားသင့်သွားကြသည်။ မေးသူက ဆက်၍ ထို အသုံး မဝင်သော ဂါလီကြီးအား နံပါတ်တို့ လိုင်စင်တို့ကို မေးရန်အလုပ် ထောင့်တစ် ထောင့်ဆီမှ ပုဂ္ဂိုလ်တစ်ယောက်ထွက်လာကာ လက်ရှိစကား မပြတ်သေးသူထံမှ မိုက်ခွက်အား ဆတ်ခနဲ ဆွဲလုလေ၏။ ဟိုကလည်း မပေး။ ဆုပ်ကိုင်ထား၏။

"ဟေ့ကောင်... မင်းမေးတာ ကြာပြီ။ ငါ့အလှည့်ပေးဦး"

"ဘာလို့ ပေးရမှာလဲဗျ။ ကျုပ် မေးတာ ပြီးမှ မပြီးသေးတဲ့ဟာကို"

"မပြီးလည်း ပြီးကွာ။ အင်မတန် လေကြောကို ရှည်တယ်"

"ကျုပ်ပြောမယ့်စကား မဆုံးသေးဘူးဗျ"

"ငါပြောမယ့်စကားမှ တန်ဖိုးရှိတာကွ"

"ကျုပ်ပြောနေတာက တန်ဖိုးမြင့်တာဗျ"

"မြင့်ချင်ဦးကွာ။ ကဲ... ကဲ"

"ရှိချင်ဦးဗျာ... ရော့... ရော့"

"ခွပ်..."

"ဖြောင်း..."

"ဂွ..."

ဘယ်က ဘယ်လို ဖြစ်ကုန်ကြသည် မသိ။ ယဉ်ကျေးမှု နားမလည် သူ၏ ဝင်ရောက်စွက်ဖက်မှု၊ လက်ရှိပြောနေသူကလည်း စိတ်မရှည်မှုတို့ကြောင့် ပေါ်လာအောဆိုင်ကလေး အတွင်းဝယ် ရောင်လင် သိုင်းကားတစ်ကားကို ကြည့်နေရသည့်အလား။

"ဟေး... ချကွ"


www.burmeseclassic.com

www.burmeseclassic.com



"ဟော့... ဆော်ကွ"

"တီးကွ။ တီး... တီး၊ ဒါမှ ဂျာနယ်လစ် အစစ်ကွ"

"ကလောင်သွား ထက်သလို လက်သီးအစွမ်းလည်း ဒီလို ထက်မှပေါ့"

"ဘက်တူရင် လူမရွေးတဲ့ ကြက်တူရွေးတောင်ရှာက တက်လူကလေး မောင်ပါလား။ ဟိုက်ရော့... "

ထိုသို့ ဝရုန်းသုန်းကား ဖြစ်နေချိန်ဝယ် ပလာယာသည် ကျွန်ုပ် ၏လက်ကို အသာကုတ်၏။ ထို့နောက် နှစ်ယောက်သား အပြင်သို့ မသိ မသာ ထွက်ချလာခဲ့လေတော့၏။ အပြင်သို့ လွတ်လွတ်ကင်းကင်း ရောက် လေသည့်သမယ "အာစရိ ဒီမှာ ကြည့်လိုက်စမ်း"ဟု ပြောဆိုလေရာ ကျွန်ုပ် ကြည့်လိုက်သည့်အခါဝယ် တပည့်ကျော် ပလာယာ၏ လက်ထဲ၌ ဘယ်က ဘယ်လို ဆွဲလာခဲ့မှန်းမသိသော ကြက်သားပါဆယ် နှစ်ထုပ်ကို တွေ့မြင် လိုက်ရလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



# ခံရတာလည်း
# ရှက်
# တယ်
# ကွယ်



www.burmeseclassic.com

www.burmeseclassic.com


## တစ်နေ့သ၌

... မဟုတ်။

နေ့များစွာ၌ (တနင်္ဂနွေမည်သော နေ့ကလေးတစ်နေ့မှလွဲ၍) ကျွန်ုပ်ကိုရွှေတောသားသည် 'မဖြစ်ညစ်ကျယ်' ဂျာနယ်တိုက်သို့ မသွားမီ ခရီးတစ်ထောက် နားလေ့ရှိ၏။ ထိုခရီးတစ်ထောက်နားရာ အရပ်ကား 'လေအန်ကုန်း' ဟူ၍ အမည်သညာရှိပေထသော နေရာကလေးပင် ဖြစ်လေသတည်း။

ထိုနေရာသည် ကုန်သည်လမ်းမကြီး၏ နံဘေး(၃၇)လမ်းနှင့် (၃၈) လမ်းကြားတွင် ရှိ၏။ ထိုဘူမိနက်သန်တွင် လက်ဖက်ရည်မှာသောက်၍ ရ၏။ လက်ဖက်ရည်နှင့် လိုက်ဖက်သော မုန့်များလည်းရှိ၏။ ထို့အပြင် တစ်ဝ မုန့်ဟင်းခါးတို့ နန်းကြီးသုပ်တို့ကိုလည်း တွယ်လိုက တွယ်နိုင်၏။ စီးကရက်ကို အငွေ့တလူလူ ခဲနိုင်၏။ နံဘေး၌ ကွမ်းယာဆိုင်ရှိသဖြင့် ကွမ်းကို ဝါးစေ ဆိတ်ဝါးသကဲ့သို့ တဗျောက်ဗျောက် တဒုတ်ဒုတ်မြည်အောင် ဝါးနိုင်၏။ လက်ဖက်ရည်ဆိုင်မှ စည်းကမ်းတကျ ချပေးထားသော ပလတ်စတစ် အမှိုက်ပုံး ထဲသို့ ကွမ်းတံတွေးကို စိတ်ချလက်ချ ထွေးနိုင်၏။ လက်ဖက်ရည်တစ်ခွက် မှာပြီးသကာလ ရေနွေးကြမ်းကို အားမနာတမ်း တောင်းရင်း ကျောက်ချ ထိုင်လျက် စာအကြောင်း၊ ပေအကြောင်း၊ တောအကြောင်း၊ တောင်အကြောင်း တို့အား အပိတ်အပင် အတားအဆီးမရှိ 'အန်' ချနိုင်လေရာ ထိုဘူမိနက်သန် လေးအား ကင်ပွန်းစတင် တပ်ခဲ့သော စာရေးဆရာ ကိုနုတ်ခမ်းမွေးအပေါ် ကျောအယား ဖျောက်ပေးခြင်းဖြင့် ဂုဏ်ပြုလိုလှပါတော့၏။

အထူးသဖြင့် ကိုရွှေတောသားတို့ကဲ့သို့ အာတွေများသည့် စာပေ သမားတို့သည် လေအန်ကုန်း၏ မနက်ခင်း၌ ဆုံကြလေ့ရှိ၏။ နံနက်(၁၀) နာရီ ကျော်မှ (၁၂)နာရီအတွင်း စည်ကားမြိုင်ဆိုင်စမြဲ။ အဲသည် လေအန်


www.burmeseclassic.com

www.burmeseclassic.com



ကုန်း၏ တစ်ဖက်တစ်ချက်၌ စာအုပ်အရောင်းဆိုင်ကြီးများရှိလေရာ စာပေသမားများအတွက် ဤနေရာမှ ဘူမိနက်သန် မကျဘူးဆိုလျှင် အဘယ်နေရာသည် ဘူမိနက်သန် ကျပါလိမ့်မည်နည်း။

"ဟော... ဟော... ကိုရွှေတောသားပါလား။ လာလ ကွယ်။ ဒါထက် မောင်ရင့်တပည့် ပလာယာကော မတွေ့ပါလား"

လူကောင်ကြီးက ကျားကိုးစီးမက စားမကုန်နိုင်သော ခန္ဓာကိုယ်အတ္တဘောကို ပိုင်ဆိုင်ထားလင့်ကစား အိတ်ကပ်ကမူ အမြဲတမ်း ပိန်နေတတ်သော 'ကျော်ဖျင်းမှိုင်'အမည်ရှိ ဆရာသမားက လျှာထိုးဦးထုပ် ကလေးကို ပင့်မရင်း ပဋိသန္ထာရ စကားကို ဆိုရှာ၏။

"မတွေ့ဆို တစ်မြန်နေ့က ညှော်ခံပွဲတစ်ခုက အပြန် ဘယ့်ကလောက် မျိုးဆို့ခဲ့လို့လဲ မသိပါဘူး။ ရေမြောင်းထဲ ပြုတ်ကျသွားလို့ အိမ်မှာ ခဏနားနေရှာတယ်"

"မော်ကွန်းထိုးလောက်တဲ့ ပုဂ္ဂိုလ်ပဲနော်။ ကိုယ်တို့ ဘော်ဒါမောင်ပွေကြီး(ကတောင်း)လည်း ဘာထူးလို့လဲ။ ပြီးခဲ့တဲ့အပတ်က ပန်းဆိုးတန်း အားမန်သစ်ဆိုင်က ထွက်ပြီး ဘာမပြော ညာမပြောနဲ့ လမ်းဘေးပလက်ဖောင်း တစ်နေရာလည်း ရောက် ရော...

ကောင်းကင်နဲ့မြေကြီး ငါ့အား ပေးလော့ဆိုပြီး ခွေခနဲ ဝမ်းလျားထိုး အိပ်မောကျသွားတာပဲ။ အံမာ.. အိပ်ရင်းတောင် ကိုယ့်လူက ယောင်ပြီး ကဗျာတွေ ဘာတွေကိုတောင် လက်တန်းရွတ်လိုက်သေးဗျာ့"

"လုပ်စမ်းပါဦး သူ့ဗလရဲ့"

"ဘာတဲ့... အဲ.. အဲ ရပြီ ရပြီ။

'မြေကိုချစ်၍၊ ချစ်သည့်မြေမှာ၊ ငါအိပ်ပါသည်၊ ဘာများပြောချင်ကြသနည်း'တဲ့။ ဒီငတိ စကားပြောတင် ကောင်းတာ မဟုတ်ဘူး။ ကဗျာပါ ကောင်းတာ"

သို့ကလို မောင်ပွေကြီး(ကတောင်း)နှင့် စပ်လျဉ်း၍ ဝိတ္ထာရစွေ သံခိပ်တွေကို ဆိုနေမိကြသည့်အခိုက် 'ခွေချင်တယ်ဂျာနယ်'အား မထွက် တစ်ပတ် ထွက်တစ်ပတ် တာဝန်ခံအယ်ဒီတာ လုပ်ပေးနေသော 'သူလျှင် ပြောင်ပြောင်မှူး' ရောက်ရှိလာ၏။

"ဟော့လူတွေ.. မောင်ငြိမ်းတူ(မှိုင်းကောက်) ရောက်လာပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"မလာသေးဘူးဗျ။ လာတော့ လာမှာပါ"

"ဆိုတော့ကာ သူလာရင် ခဏစောင့်ခိုင်းဗျာ။ ကျုပ် စာပေဗိမာန်ပေါ် ခဏတက်လိုက်မယ်။ ဟောပြောပွဲကိစ္စမို့ပါ"

ဩော်… ဘာဂလိုတိုတိုနှင့် အာဝဇ္ဇန်းကောင်းသော တခ်ဏာပွတ္တိဉာဏ်နှင့် ပြည့်စုံလှစွာသော၊ လေယူလေသိမ်းကောင်းသော၊ ပရိသတ် အာရုံကိုဖမ်းစားနိုင်သော၊ လိုအပ်လျှင် သီချင်းဆိုရုံမက အသံတုတွေပါ လုပ်တတ်သောစာရေးဆရာ၊ စာရေးဆရာမတို့၏ ရာသီရောက်လာခဲ့ ချေပြီတကား။

သည်လိုမျိုး ဟောပြောပွဲလရာသီ ရောက်လာပြီဆိုလျှင်ဖြင့် အနယ်နယ်အရပ်ရပ်မှ ဟောပြောပွဲ ဖြစ်မြောက်ရေး ကော်မတီဝင်များသည် ရန်ကုန်ရွှေမြို့တော်သို့ ရောက်ရှိလာကြကာ ၎င်းတို့ နှစ်သက်သော စာရေးဆရာများကို ဖိတ်ကြားလေ့ ရှိကြကုန်၏။ 'သန့်လျှင်ပြောင်ပြောင်မူး' တို့၊ မောင်ငြိမ်းတူ(မှုံပင်ကောက်)တို့ကား စာပေဆုရှင်တွေလည်း ဖြစ်ခဲ့ ကြ၏။ လက်ရှိလည်း စာကောင်းပေမွန်တွေ ရေးနေကြ၏။ မဂ္ဂဇင်း၊ ဂျာနယ်တို့၏ အယ်ဒီတာတွေလည်း ဖြစ်ကြ၏။ သည်အထဲ ဟောပြောမှု အတတ်ပညာကိုပါ ပိုင်ဆိုင်လိုက်ပြန်သေးရာ ကိုရွှေတောသားတို့ စာနယ်ဇင်းလောက၌ ၎င်းတို့သည် 'စူ'ပြီး 'ပါ'သည့် ဟိုဟာတွေ (အဲ… အဲ) ရုပါတွေပင် ဖြစ်ပေတော့သည် တစ်မုံ့ သိပ်မကြာလိုက်။

လေအန်ကုန်းသို့ တစ်ယောက်ပြီးတစ်ယောက် ရောက်ရှိလာလေရာ စည်စည်ကားကားကလေး ဖြစ်သွားခဲ့လေ၏။ လူတွေ တစ်ယောက်မှ အပါးမှာ မရှိလျှင် ကာမြွေသမှတ္တိနှင့် ပြည့်စုံသလောက် လူတွေ သူ့အပါး ဝန်းရံလာလျှင်မူ အိတ်ကပ်ထဲမှ ဆယ်လူလာလား၊ ကျီအက်စ်အမ်လား မပြောတတ်သည့် ဖုန်းကလေးအား စတိုင်အပြည့် မလိုင်အပြည့် ဖြင့် ထုတ်ထုတ် ဆက်တတ်သည့် မောင်ရစ်(စကွဲငစိန်)၊ ဘယ်လောက် သောက်သောက် မူးဟန်မပြဘဲ သောက်ပြီးလေတိုင်း လောကုတ္တရာစာပေတွေ ရေးထုတ်တတ်သည့် ကိုမောင်ကြမ်းခင်း၊ တစ်မျက်နှာ ဝတ္ထု၊ အတို ဆုံးဝတ္ထု၊ တိုနှံ့နှံ့ဝတ္ထု၊ စာတစ်လုံးမှ မရှိသည့် ဝတ္ထုတို့ဖြင့် နာမည်တစ်လုံး ထူထောင်ထားနိုင်သော မောင်ခွင့်ရှောင်၊ ဝတ္ထုထဲ၌ မကျေနပ်လျှင် မကျေ နပ်သလို တစ်တစ်ခွခွ စကားလုံးများကို ဖော်ပြ တတ်သည့် ပြောင်ပြောင် (မြန်မာပြည်)၊ ဇာတိမြေ တောင်စွန်းကို မြတ်နိုးချင်၍ လမ်းစရိတ် ခဏခဏ အရှာထွက်တတ်သည့် တောင်စွန်းလှမ်းတော၊ စာပန်းချီ အချိုးယ်ကောင်းသလောက် ရုပ်အင်မတန် ဆိုးပေထသော မောင်ပုန်စ (လယ်ဝေး)၊



www.burmeseclassic.com

www.burmeseclassic.com



စာပေ ထုတ်ဝေရေးတိုက်တစ်တိုက်၏ အကြံပေး ဆရာမောင်ပြာယာ၊ အိုး.. စာပေရေးဖော်တွေ စုံလည်းစုံ၊ မြိုင်လည်း မြိုင်လှချေတကား။

ကျွန်ုပ်တို့ အုပ်စုကား ဟိုအကြောင်းပြောလိုက်၊ သည်အကြောင်း ဆိုလိုက်၊ ရယ်စရာရှိလျှင် ရယ်လိုက်ကြ၊ သောစရာရှိရင် သောလိုက်ကြ၊ စကားလုံးတွေ ပေါက်ပေါက်ဖောက်လိုက်ကြဖြင့် မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ဖြစ်နေသည့်သမယ အမှတ်မထင်ဝင်လာသော စကားသံကြောင့် ဗီလင်တွေ နည်းနည်းအောက်သွားကြချေ၏။ အသံရှင်ကား အဘယ်သူ ဖြစ်ရမှာတဲ့နည်း။ ဩမပါ ဘယ်ဟာမှမပြီးဆိုသော မောင်ပွေကြီး(ကတောင်း)ပါတည်း။ နဖူးက ပြောင်ပြောင်၊ အသားအရောင်က သံသပိတ်၊ သွားတွေက မည်းမည်းချိတ်ချိတ်။ အရှိန်မပြေသေး၍ထင့် ။ မျက်လုံးတွေက ရွဲနေ၏။ မျက်နှာတစ်ပြင်လုံး အဆီပြန်နေ၏။ ၎င်းသည် ၎င်းအပိုင်စားရထားသော အုတ်ခုံတစ်လုံးပေါ်၌ ဒူးထောင် ပေါင်ကားထိုင်လျက် ရောက်ရောက်ချင်း ဆောက်နှင့်ထွင်းပါချေတော့၏။

"ဒီဝိုင်းထဲမှာ ကျုပ် အင်တာဗျူးလုပ်ဖို့ ဘယ်နှစ်ယောက် ကျန်သေးလဲခင်ဗျ။ ကျန်ရင် အားမနာနဲ့ ပြော။ တစ်ခါတည်း မေးခွန်းတွေ ကောက်ရေးပေးလိုက်မယ်"

ဝိုင်းထဲရှိ လူများကာ ၎င်း၏ 'အင်တာဗျူးတော်ဝါ'ကို အလန့်ကြီး သန့်ကြ၏။ အထိတ်ကြီး ထိတ်ကြ၏။ ၎င်း၏ 'ခေတ်ပြိုင် အရုပ်ပုံလွှာ'များ၌ အနေမတတ် အထိုင်မတတ် ပါသွားမိပါက ရေမရှိသည့် ချောင်း နာခေါင်းဖော်၍ ကိစ္စတုံးပစ်လိုက်ဖို့ပဲ ကောင်း၏။

"တစ်လောက ဂျာနယ်လစ်တစ်ယောက် မင်းသမီး တစ်ယောက်ကို အမှန်တကယ် အင်တာမဗျူးခဲ့ဘဲ အင်တာဗျူး လုပ်ထားလို့ ပြဿနာ တက်တယ် ကြားလိုက်တယ်။ ကနေ့ ဂျာနယ် လစ်တွေလည်း အလာသားနော်"

"သွားဖမ်းဘာ။ သွားလိုက်ဖမ်းဘာ။ ဒီလိုမျိုး အင်တာ မဗျူး ဘဲနဲ့ ဗျူးတယ်ဆိုပြီး ခပ်တည်တည် လုပ်ချတာမျိုးလောက် ကတော့ ယောဒီ မောင်ပွေကြီး(ကတောင်း)တို့က ပျင်းတယ်၊ သိပ်ကို ပျင်းတယ်။ ပြီးတော့ မော်ဒန်အမှိုက်သရိုက်တွေကို လည်း မီးရှို့ပစ်ရမယ်။ ဒလနဲ့ ပန်းဆိုးတန်းဟာ ဘဝရဲ့ လမ်းဆုံးကြမ်း ပမာ တောက် ... ကောင်းလိုက်တဲ့ ကဗျာ"

ဘယ်သူဘယ်ဝါကမှ အရေးအရာလုပ်၍ မမေးသော်ငြား



www.burmeseclassic.com

www.burmeseclassic.com



မောင်ပွေကြီး(ကတောင်း)ကဖြင့် ဒိုးလေ့ဒါထိုးနေလေပြီ။

"ဟော ... ဟော ... ဟိုမှာ လာနေပြီ၊ သတိထားကြ၊ သတိထားကြ"

ရုတ်တရက် ပေါ်ထွက်လာသည့် အသံကြောင့် လာနေပြီဆိုသော နေရာသို့ ကိုရွှေတောသားတို့အားလုံး မျက်စိရောက်သွား ကြသည်။ လား ... လား.. ဘယ်သူများ မှတ်တယ်။ စာပေ လောကနှင့် အတော်ကလေး ကင်းပြတ်သွားသည့် သူခိုးရုပ် မောင်ကြဲဆိုသူတည်း။

အမည်ရင်းကား မောင်ကြဲ ဖြစ်၏။

သို့ရာတွင် ရုပ်ကမူ သူခိုးရုပ်။ သည့်အတွက် ဘယ်သူဘယ်ဝါ ကများ အနွတ္တသညာ ပြုလိုက်လေသည်မသိ။ သူခိုးရုပ်မောင်ကြဲကား အပြောကျယ် လှသော စာပေလောကဝယ် ထင်ရှားလှစွာသော အဆိုပါနာမည်ဖြင့် ကျော်ကြား သူတစ်ဦး ဖြစ်နေချေတော့၏။ သူရောက်လာလျှင် တစ်ခုမဟုတ် တစ်ခု ဖြစ်တော့မည်ကို သိထားကြသည်မို့ ကိုရွှေတောသားတို့ လေအန်ကုန်း ဝိုင်းတော် သားများအနေဖြင့် မိတ်ကောင်းဆွေ ကောင်းများပီသစွာ လက်ကုတ် သတိပေးမိကြလေတော့၏။ သူခိုးရုပ်မောင်ကြဲသည် ဘိုကေကို ကြော့အောင် ဖြီးထား၏။ မျက်နှာတွင် ပေါင်ဒါတွေ လိမ်းထား၏။ မည်သို့မည်ပုံပင် အလှအပတွေ မှုန်းမှုန်း သူခိုးရုပ်ကား သူခိုးရုပ်ပင်တည်း။ ဝတ်ထား စားထား တာတွေသည်လည်း ကြော့လို့မော့လို့ပင်။ ကော်လာကတုံး လက်ရှည်၊ နှံသာရောင်တိုက်ပုံ၊ အင်း လေးပုဆိုး၊ ပြီးတော့ လွယ်အိတ်ကြီး။ ပုံသဏ္ဌာန်က တကယ့် စာရေး ဆရာစစ်စစ်နှင့် မခြား။

"မင်္ဂလာပါ ရေးဖော်တို့"

၎င်းသည် မည်သူ့ကိုမျှလည်း ခွင့်ပန်ခြင်းမရှိဘဲ ကိုရွှေတောသားတို့ ဝိုင်းအတွင်းသို့ ဝင်ထိုင်လိုက်၏။

"ကိုင်း ... လက်ဖက်ရည်လေး ဘာလေး လုပ်ဗျာ။ စီးကရက် လေးလည်း ပါပစေ"

ကြည့် ... ထပ်ဆင့်ကဲလာပုံများ။ မောင်ရစ်(စကွဲငစိန်)လည်း စိတ်အချဉ်ပေါက်လေသလော မသိ။ ၎င်း၏ အိတ်ကပ်အတွင်းမှ ဖွန်ကို ထုတ်ကာ ခလုတ်များအား ဟိုနှိပ်သည်နှိပ်လုပ်ရင်း နားတွင်ကပ်လိုက်

"ဩော် ... အချစ် ကိုယ်လား၊ ကိုယ်အခု ဆီးဖုံးနားက ဆက်နေတာလေ။ ဘာ... ကားသံတွေ၊ ဈေးသည်သံတွေ ကြားရ



www.burmeseclassic.com

www.burmeseclassic.com


တယ် ဟုတ်လား.. အဲ... အဲ"

"ထပ်"

မောင်ရစ်(စကွဲငစိန်)ခမျာ ပိပိရိရိ မလိမ်တတ်သဖြင့် သူ့ဖုန်းအား ချက်ချင်း ပိတ်လိုက်ရချေ၏။

"ခင်ဗျား ဖုန်းရောင်းချင်ရင်ပြော။ ကျုပ် စပ်ပေးမယ်။ နောက် ဒီဝိုင်းထဲက ရေးဖော်တွေအားလုံး ဘာရောင်းရောင်း ဘာဝယ် ဝယ် ကျုပ်ကို တိုင်ပင်ပါ။ မမှားစေရဘူး"

သူခိုးရုပ်မောင်ကြံကား ဘယ်သူက ဘာမှလည်း မမေးရပါဘဲနှင့် အစ်စခန်း ထနေချေပြီ။ ဘယ်သူ တိုက်မည်မှန်းမသိပါဘဲ လက်ဖက်ရည် တစ်ခွက် မှာလျက် သောက်နေ၏။

"ကျုပ် ဒီကိုလာတာ ကီစွနဲ့ လာတာပါ။ ခင်ဗျားတို့လည်း စာသမားတွေဆိုတော့ ဂီယာမြကြည်ကို ကြားဖူးမှာပေါ့"

"ဟာ ... ကြားဖူးတာပေါ့။ ဆိုက်ကားပြင်ဆိုင် ဖွင့်တဲ့သူ မဟုတ်လား"

"ထပ်သရီး ... ဂီယာမြကြည်ဆိုတာ စာရေးဆရာဗျ ... စာရေးဆရာ။ သူ့ရဲ့ 'ရွာသင့်ပါပြီ တပေါင်းမိုး'ဆိုတဲ့ ဝတ္ထုဟာ နာမည်ကြီးဝတ္ထုဗျ"

စင်စစ် သူပြောသည့် ဝတ္ထုကို ကိုရွှေတောသား မဖတ်ဖူးချေ။ ဂီယာမြကြည်ဆိုသည့် အမည်ကိုမူ ကြားဖူး၏။ လူကိုလည်း တွေ့မြင်ဖူး၏။ အသားမည်းမည်း အရပ်ရှည်ရှည်။

"အဲဒါ ဘာဖြစ်သလဲ"

"ဘာဖြစ်ရမလဲဗျာ။ အဲဒီ ကျုပ်မိတ်ဆွေကြီး ဂီယာမြကြည် ညကပဲ ဆုံးသွားရှာပါပြီ"

"ဟယ်... ဟာ..."

သည်စကား ကြားရတော့ ကိုယ့်လောကသားအတွက် စိတ်လက် မကောင်း ဖြစ်ကြရသည်။ သူခိုးရုပ်မောင်ကြံကား ထိုစကားကို ဆို့နစ်စွာ ပြောပြီးနောက် မျက်ရည်ကလေး တစမ်းစမ်းနှင့်။

"ခမျာမှာ အင်မတန် ဆင်းရဲရှာပါတယ်ဗျာ။ သပိတ်သွတ်ဖို့ မပြောနဲ့ မြေကျဖို့တောင် ဘယ်လိုလုပ်ရမှန်း မသိဘူး။ အဲဒီ အတွက် မိတ်ဆွေကောင်းတို့ရဲ့ ဝတ္တရားနဲ့အညီ မနေသာလို့ ကျွန်တော်


www.burmeseclassic.com

www.burmeseclassic.com



ထွက်လာပြီး နီးစပ်ရာ စာပေသမားတွေဆီက တတ် နိုင်သလောက် အကူငွေ လိုက်ကောက်နေတာပါ။ ဒီတော့ ဒီဝိုင်းက ရေးဖော်တွေလည်း တတ်နိုင်သလောက် ကူညီလှူဒါန်းကြပါလားဗျာ''

သူ့စကားဆုံးတော့ ကိုရွှေတောသားတို့အဖို့ သူခိုးရုပ် ဆိုတာကို မေ့သွားသည်။ ငါးဆယ်မျိုး၊ တစ်ရာမျိုး၊ နှစ်ရာမျိုး၊ ငါးရာမျိုး ဝိုင်းထည့်လိုက်ရာ သူခိုးရုပ်မောင်ကြဲလက်ထဲ နှစ်ထောင်လောက်တော့ ရသွားသည်။

''ကျေးဇူးပဲဗျာ။ လေအန်ကုန်းပြီးတော့ လေထန်ကုန်းဘက် ချီတက်လိုက်ဦးမယ်''

သို့ကလို ပြောဆိုရင်း စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်ရင်း ခပ်တည်တည် ထွက်ချသွားလေတော့၏။ နေရင်းထိုင်ရင်းနှင့် ကိုရွှေတောသားတို့လည်း ကုသိုလ်ရမှန်းမသိ ရလိုက်ပြီဟု ထင်နေကြသည့် အခိုက်...

''ဆရာသမားတို့တော့ ခံလိုက်ရပြီဗျို့''

ဟူသောအသံကို ကြားသည့်အခိုက် အသံရှင်ကို ကြည့်လိုက်ရာ ခုတ်ထွင်တောင်ပံမဂ္ဂဇင်း၏ စာတည်းချုပ် ကိုပဲကြော် ဖြစ်နေ၏။

''ဘာကို ခံရတာလဲ ဆရာကိုပဲကြော်ရဲ့''

''သူခိုးရုပ်မောင်ကြဲ လုပ်စားစွားတာလေ''

''ဘာလုပ်စားလို့လဲ။ စာပေသမားတစ်ယောက်ဖြစ်တဲ့ ဂီယာမြကြည် ဆုံးသွားလို့ ဝိုင်းကူကြတဲ့ဥစ္စာ''

''အဲဒါ လိမ်သွားတာဗျ... လိမ်သွားတာ။ ခုပဲ လေထန်ကုန်းက ကျွန်တော် ထလာတာ။ အဲဒီမှာ ဂီယာမြကြည်ကို အရှင်လတ်လတ်ကြီး တွေ့လိုက်ရပါသဗျား''

''အယ်... ''

''အာ... ''

ကိုပဲကြော်၏ စကားအဆုံး၌ လေအန်ကုန်းရှိ မိမိတို့ကိုယ် မိမိတို့ လူလည်ပန်ကာတွေ၊ စာပေပညာရှိတွေဟု ထင်မြင်ယူဆကြကုန်သော ကိုရွှေတောသားတို့ အပ်စုမှာ သူခိုးရုပ်မောင်ကြဲမည်သည့် ဖိုးတွမ်တီး လူလိမ်၏ စက်ကွင်းအောက် ရောက်ရှိသွားခဲ့ခြင်းအတွက် တောက်တခတ်ခတ်နှင့် ငယ်ကျိုးငယ်နာတွေ မိုးမွှန်ရင်း သူခိုးရုပ်မောင်ကြဲအား မေတ္တာတွေ တင်းလှကြီး ပို့နေမိကြပါတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



# ခွတ်ကွက်လေသော

# တောင်ဝို့



www.burmeseclassic.com

www.burmeseclassic.com



## တစ်နေ့သ၌

ကျွန်ုပ်ကိုရွှေတောသားသည် စာပေဗိမာန်နံဘေးရှိ လေအန်ကုန်းမည်သော အရပ်ဒေသကလေးဆီသို့ ဝိရိယကောင်းစွာဖြင့် ရောက်ရှိပြီးသည့် သကာလ လက်ဖက်ရည် ကျဆိမ့်တစ်ခွက်ကို မှာကာ နှပ်လေသရောတည်း။

ကျွန်ုပ်တို့၏ မဖြစ်ညစ်ကျယ်ဂျာနယ်ကို ရုံးသို့ အချိန်မီ တင်ပြီးခဲ့သဖြင့် စိတ်အေးလက်အေး ဖြစ်နေခြင်းလည်း တစ်ကြောင်းပါဝင်ပါ၏။ တပည့်ကျော် ပလာယာခမျာမူ ဘယ်အချဉ်တွေ၌ ဘယ်ကလောက်တောင် သောက်အားကောင်းခဲ့လေသလော မသိ။ အရက်နာကျ၍ဟူသော အကြောင်းပြချက်ဖြင့် သည်ကနေ့တစ်နေ့ကို တာ့တာ လုပ်သွားခဲ့ချေ၏။ သည်သို့ ခွင့်တိုင်ခြင်းအမှုကို ၎င်းနေထိုင်ရာ အိမ်ဘေးမှ ကုလားလေးက ကျွန်ုပ်ကိုရွှေတောသား သဘော်ကူးတို့ဖြင့် ကူးအလာကို စောင့်ဆိုင်းပြောဆိုခြင်း ဖြစ်လေ၏။

ကျွန်ုပ်ကိုရွှေတောသား ယခုမျက်မှောက် ကျောက်ချသည့်နေရာကား လေအန်ကုန်းမည်သော နေရာကလေး ဖြစ်၍ မနက်(၁၀)နာရီ လောက်မှ မွန်းတည့်(၁၂)နာရီလောက်အထိ စာနယ်ဇင်းလောက၊ စာပေလောကမှ ဆရာ၊ ဆရာမအပေါင်းဖြင့် စည်စည်ကားကား ရှိလှချေတော့၏။ လာရောက်ထိုင်ကြသူတို့မှာ နှယ်နှယ်ရရတွေတော့ မဟုတ်။ 'သေ ချင်တယ်ဂျာနယ်'မှ သန်လျင်ပြောင်ပြောင်မှူးသာကမ ကျော်ဖျင်းနိုင်၊ မောင်ပွေးရင့်၊ မောင်မြင့်ပြောင်၊ မောင်ပွေကြီး(ကတောင်း)၊ မောင်ပျာယာ၊ ကိုမောင်ကြမ်းခင်း၊ ပဲလင်းမြွေ၊ ဆရာမလေး ကျည်ပွေ့အိမ်၊ ဝဝလှိုင် တို့အပြင် မောင်ရန်စ(လယ်မနီး)၊ ဝင်းဝေပြောင်၊ နွေမြင့်မှိုင်၊ မောင်ငြိမ်း တူ(မှို့ပင်ကောက်)၊ ဦးကျော်ဖြန့်(သီမဝ) အစရှိသဖြင့် လူစုံတက်စုံ ထိုင် တတ်ကြ၏။ နိစ္စဓူဝ အမာခံ ထိုင်သူတွေ ရှိကြသလို ရက်ခြားထိုင်ဘတ် သူတွေ၊ ရံဖန်ရံခါ ထိုင်ကြသူတွေလည်း ရှိကြရာ



www.burmeseclassic.com

www.burmeseclassic.com



ဝါမိုးအောင်တို့၊ မြင့်မိုရ် (၁) (၂)တို့၊ သာလွန်တို့ စသည့် စာအုပ်အရောင်းဆိုင်များ၏ ဝန်းကျင်နှင့် လေအန်ကုန်းသည် အင်မတိအင်မတန် လိုက်ဖက်တင့်တေလှသည်ဟု ဆိုရပေတော့အံ့။

သို့သော်ငြား တစ်ခါတစ်ရံ၌ နတ်သုဒ္ဓါထဲသို့ စေင်တစ်ရွှေသား ကျလာတတ်မျိုးနှင့်လည်း ကြုံရတတ်ပါသည်။ ယင်းမှာ တောင်ချွန်းငန်းစောင်းတို့၊ ကာတွန်းမြင်းပေါင်တို့၊ သူနိုးရုပ်မောင်ကြဲတို့ ရှုကြောင်မှူး ကြောင်ဖြင့် ဝိုင်းထဲ ဝင်လာတတ်သည့်အခါမျိုး ဖြစ်ပါ၏။ ယခုလည်း မင်္ဂလာရှိပေစွဟု သတ်မှတ်ထားသော ဤနေ့ ဤရက် ဤအခါမျိုး၌ အကုသိုလ် ဖြစ်စေမည့် သူကောင့်သားများ၊ အကြောင်းတရားများ ပေါ်ပေါက်မလာပါစေနှင့်ဟု ဆုတောင်းမိရင်း ကျဆိမ့်လက်ဖက်ရည်ကို မျှဉ်း သောက်နေမိလေတော့၏။

Y Y Y

ကျွန်ုပ် ကိုရွှေတောသား[illegible]မ[illegible] [illegible]ဘာက် နိုင်ခဲ့သူ ဖြစ်နေ၍လော မသိ။ ဘယ်ဆိုတောင်းတောင်း ပြည့်သည်ဟူ၍ မရှိခဲ့။ ယခုလည်း တောင်းသောဆုသည် အလိုလို [illegible] 'ဟိုက်' ကျသွားလေပြီတကား။ မပြည့်။

"ဟဲလို... ဆရာလေး။ နေကောင်းတယ်နော်"

ပခုံးကိုပုတ်၍ ပြောလာသည့် အသံရှင်ကို ကျွန်ုပ် မော့ကြည့်လိုက်၏။ ဘုရား ... ဘုရား ... ငတက်ပြားက ထိုင်ရှိနိုးလောက်သည့် စာပေစောရတစ်ဦး။ အရပ်အမောင်းက ပိန်ပိန်ရှည်ရှည်။ ဝါးခြမ်းပြား တစ်ပြားကို အဝတ်ပတ်ထားသည့်အလား။ သည်ငနဲကို ကျွန်ုပ် ကောင်းစွာသိ၏။ သူသည် တစ်ချိန်က မဂ္ဂဇင်းတစ်အုပ်၌ အယ်ဒီတာ လုပ်ခဲ့ဖူးသူ ဖြစ်၏။ သူ အယ်ဒီတာ လုပ်သည့် မဂ္ဂဇင်း၌ ကိုရွှေတောသားလည်း ကလောင်လက်ဆော့ဖူးချေပြီးနောက် ၎င်း၏ စာအုပ်တွင် (၎င်း၏အကျင့် စာရိတ္တကို ရိပ်စားမိသဖြင့်) မရေးဖြစ်တော့။

၎င်းကား အယ်ဒီတာကောင်း ပီသစွာဖြင့် စာမူတွေကို စေ့စေ့စပ်စပ်ဖတ်၏။ ဖတ်ပြီးသကာလ အလွန်အမင်း နှစ်သက်သွားသည်ဆိုပါလျှင် ကာလတစ်ခုထိ စောင့်ဆိုင်းကာ (စာမူရှင် လာရောက်စုံစမ်းလျှင်ဖြင့် စာမူပျောက်ဆုံးသွားကြောင်း ပြောဆိုကာ) အခွင့်သာသည့် ကာလအရောက်



www.burmeseclassic.com

www.burmeseclassic.com



၎င်းနှင့် ပလဲနံပသင့်သော မဂ္ဂဇင်းတိုက်တစ်တိုက်တိုက်ဆီသို့ မူရင်းစာမူ၏ အဆုံးရှိ ကလောင်အမည် အစစ်အမှန်ကို ကော်ရက်ရှင်မင်ဖြင့် ဖျက်ကာ ၎င်း၏ မဟာ့မဟာ ကလောင်နာမည်ဖြစ်သော မောင်မောင်ခေါင်ပွင့်(ဝရော) ဆိုသည့် ကလောင်အမည်တပ်၍ လွှတ်ထည့်လိုက်၏။ ဤ၌ ထိုစာမူကို ရရှိသော အယ်ဒီတာကလည်း ဖတ်ကြည့်ရာ စာမူကောင်းလေးဖြစ်သဖြင့် ထည့်သွင်းဖော်ပြလိုက်ချေ၏။ ဤသို့ ၎င်းသည် အယ်ဒီတာစည်းကို ဖောက်လျက် စောရတံခွန် စိုက်ထူရင်း တစ်ပုဒ်ပြီးတစ်ပုဒ် အုပ်အုပ်နေလေရာ မကြာခင်ကာလ ၎င်း၏လုပ်ရပ် ပေါ်ထွက်လာပြီး ကလောင်ဖြင့် ဝိုင်းဘောလိုက်ကြသဖြင့် ၎င်းလည်း ရွှေပြည်သာမြို့နယ်ရှိ မြောင်းကလေးထဲသို့ လေးဘက်ထောက် ကျရောက်သွားလေတော့၏။

သည်ငနဲ့ အထိနာပြီး နောင်ကြဉ်သွားသည်ဟု ကျွန်ုပ်တို့အားလုံး မှတ်ထင်နေကြတုန်း တစ်ခုသော ကာလ၏ သမယဝယ် အပျော်ဖတ်လုံး ချင်းလိုင်းမှ အမျိုးသမီးကလောင်ဖြင့် လုံးချင်းစာအုပ်တစ်အုပ် ထွက်ပေါ်လာ၏။ ထိုစာအုပ်မှာ အပျော်ဖတ်လုံးချင်းနှင့် လုံးဝမဆိုင်။ တော်တော် လေးကောင်းသည်ဟု နာမည်ထွက်လေရာ ကျွန်ုပ်လည်း ဝေဖန်ချီးကျူး စာရေးဖို့အတွက် မိတ်ဆွေဝေဖန်ရေးဆရာ ဒလဖြိုးပိန်ကို အကူအညီတောင်းခံရလေ၏။ ဒလဖြိုးပိန်ကလည်း သူ့အတွက် ကွမ်းဆေး၊ လက်ဖက်ရည်ဖိုးလေးရသော အလုပ် ဖြစ်လေရာ ကိုရွှေတောသားတို့၏ မဖြစ်ညစ်ကျယ် ဂျာနယ်အတွက် ရေးပေးရန် ကတိပြုပါချေ၏။ ဒလဖြိုးပိန်အား တောင်းခံတုန်းက ဝေဖန်ချီးကျူး စာဖြစ်၏။ တကယ့်တကယ် ဒလဖြိုးပိန်ထံမှ ရောက်ရှိလာသည်ကား ဝေဖန်အုပ် ထည့်စာဖြစ်လေရာ ကျွန်ုပ်ကား နားမလည်နိုင်ရေးချေ နားမလည်နိုင်တော့။

"ဂျာနယ်လစ် လုပ်ပြီး အဲဒီလောက် ရူးချင်ယောင်ဆောင် မနေနဲ့ ကိုရွှေတောသား။ ခင်ဗျားညွှန်းတဲ့စာအုပ် ကျုပ်ဖတ်ကြည့် ပြီးပြီ။ ကောင်းမှာပေါ့။ တစ်အုပ်လုံးနီးပါး ကွယ်လွန်သွားပြီဖြစ်တဲ့ စာရေး ဆရာမကြီး (... )ရဲ့ ဝတ္ထုတစ်ပုဒ်ကို ခိုးချထားတာ ကလား။ အဲဒါ ဘယ်သူလဲဆိုတာ စုံစမ်းရမယ်။ သိရင် ကောင်းကောင်းကြီး ပညာပေးဖို့ လိုတယ် ကိုရွှေတောသား"

သည့်အတွက် ကျွန်ုပ်တို့ အပေါင်းအသင်း မိတ်သင်္ဂဟများ ခနေဖြင့် အကြောင်းအကျိုး ဆက်စပ်ပြီးသကာလ သေချာဂန စုံစမ်းလိုက်သောအခါ တွင်မှ စာပေစောရသည် အခြားမဟုတ်။ ကျွန်ုပ်တို့၏ ချစ်ဖတ် အိုးကြီး



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အဲဒါ ကိုယ်ပူရှိန်ရော အဖျားပါကျအောင် လုပ်လိုလုပ်ရမလဲ”

“လွယ်ပါတယ် ဆရာလေးရယ်။ အင်္ဂလိပ်ဆေးအနေနဲ့ ပါရာစီတမောလ်တို့၊ ဘိုင်အိုဂျက်ဆစ်တို့၊ အင်ဖာတို့၊ နိုကိုလီတို့ သောက်ပေါ့။ အဲ . . . မြန်မာဆေးအနေနဲ့ကတော့ ရွှေမန်းတောင် ချွေးထုတ်ငန်းဆေးတို့ အောင်တမန်တို့ကို ကွမ်းရွက်ပြုတ်ရည်နဲ့ ချပေါ့ ဆရာလေးရဲ့”

“ဟား . . . ဒါလည်း မှတ်သားလောက်ပါပေရဲ့ပါပဲလား။ ဒါကြောင့်လည်း ဘယ်နေရာရောက်ရောက် အမှတ်သည်းခြေ မထားဘဲ ပစ်တိုင်းထောင်လိုမျိုး ဖြစ်နေတာနဲ့ တူပါရဲ့။ တတ်နိုင် ရင်တော့ အဲဒီဆေးမြီးတိုတွေ မရေးစမ်းပါနဲ့ကွယ်”

“အာ . . . မရေးလို့ ဘယ်ဖြစ်မလဲ။ တစ်မျက်နှာလောက်ရေး တာ စာမူခ တစ်ထောင်လောက်ရတယ် ခင်ဗျ။ စာအုပ်ကို ရောင်း စားလိုက်ရင် ငါးရာလောက်က တိန်တိန်မြည်”

“အင်း . . . မင့်ဆေးမြီးတိုတွေ ဖတ်ပြီး ဒုက္ခမရောက်ကြပါ စေနဲ့လို့ ဆုတောင်းလိုက်ပါတယ်ကွာ”

“ဒါတော့ ဆရာလေး ကျွန်တော့်ကို သက်သက်မဲ့ အထင် စမောလ်လိုက်တာပဲ။ အဲဒါတွေ ရေးတယ်ဆိုတာက သစ်မရှိခင် စပ်ကြား ဝါးပေါင်းကွပ်တာခင်ဗျ . . . ဝါးပေါင်းကွပ်တာ။ မကြာခင် သစ်ထည်ကြီး မြင်ရစေ့မယ်။ ဒီမယ် ဆရာလေး၊ ကျွန်တော် အခု ဘာရေးနေတယ်ထင်လဲ”

“ငါမှ မမြင်ရတာ ဘယ်သိမလဲကွ”

“ကျွန်တော် အခု သိုင်းဝတ္ထုတွေ ရေးနေတယ်။ တရုတ် သိုင်းဝတ္ထုတွေ”

“ဟယ် . . . မင်းဟာက တရုတ်သိုင်းဝတ္ထုတွေ ရေးနေတယ် ဆိုတော့ တရုတ်စာကို မင်းတစ်လုံးမှ မတတ်တာ ငါအသိ။ ဘယ့်နှယ်လုပ်ပြီး တရုတ်သိုင်းဝတ္ထုတွေ ရေးနိုင်နေသလဲကွာ”

“အဲဒါကြောင့် ပြောတာပေါ့ ဆရာလေးရ။ လူတစ်ယောက် ကို အကြောင်းမဲ့ အထင်မသေးပါနဲ့လို့။ အဲဒါမျိုးကျတော့ (ဂုဏ်ရှင်၏ ဦးခေါင်းကို လက်ညှိုးဖြင့်ထိုးပြရင်း) ဒါကို သုံးရတယ် ဆရာလေးရဲ့။ ကျွန်တော် အခု စာအုပ်အဟောင်းတန်းတွေမှာ တရုတ်သိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထုတွေကို လိုက်ဝယ်နေတယ်။ အတွဲတော်တော်များများရတဲ့အခါ အိမ်ကမိန်းမနဲ့ ပေါင်းပြီး ဟိုစာအုပ်ထဲက နည်းနည်း၊ ဒီစာအုပ်ထဲက နည်းနည်း ကူးပြီး ဆက်လိုက်တာပဲ။ တရုတ်ဇာတ် ဆောင်တွေရဲ့ နာမည်ကို မော်ဒန်ကျအောင် နေ့စဉ်ထုတ်သတင်းစာထဲက နာရေး ကြော်ငြာတွေဖတ်ပြီး ကောင်းတဲ့နာမည်တွေကို အသုံးပြုတာပေါ့ ဆရာလေးရဲ့.. ဟဲ.. ဟဲ.. ဟဲ''

စာပေနယ်၌ တကယ့်လက်ရာပောင်း၊ လက်ရာမွန်တွေ ဖန်တီး နိုင်စွမ်းရှိသည့် အနုပညာသမားများ ... ဟောတစ်ယောက်၊ ဟောတစ် ယောက်ဖြင့် တဖြုတ်ဖြုတ် ကြွေဆင်းနေကြချိန်ဝယ် သည့်လိုမျိုး ငတိတွေ ကတော့ အတော့်ကို ဒေါင်ဒေါင်မြည်နေကြပါကလား။

ခဏအကြာတွင် လေအန်ကုန်းရှိရာသို့ စာပေသမားများ တစ် ယောက်ပြီးတစ်ယောက် ဆိုသလို လွယ်အိတ်ကလေးတွေ ကိုယ်စီလွယ်လျက် ရောက်ရှိလာကြ၏။ ဒါတွေကိုမြင်တော့ မောင်မောင်ခေါင်ပွင့်(ဝရော) ခမျာ ဆက်ပြီးထိုင်ဖို့ လိပ်ပြာသန့်ဟန် မတူတော့။

''နေပါဦးကွာ။ စကားကောင်းနေတာနဲ့ မင့်အတွက် လက် ဖက်ရည်တောင် မမှာလိုက်မိဘူး။ ကိုင်း.. ဘာသောက်မလဲ ပြော''

''ဟာ ... မမှာနဲ့တော့ ... မမှာနဲ့တော့။ ကျွန်တော် .. ကျွန်တော် ကိစ္စလေးတစ်ခုရှိလို့ လစ်တော့မယ် ဆရာလေး''

လက်ဆွဲ၍ တားဆီးလိုက်ချိန်ပင် မရတော့။ သူကောင့်သားသည် လေ၏ လျင်မြန်ခြင်းမျိုး၊ မော်တော်ဆိုင်ကယ်၏ လျင်မြန်ခြင်းမျိုးဖြင့် 'ဝရော' ဆိုပြီး ထွက်သွားလေ၏။ ထွက်သွားသည်မှာ ခပ်ကောင်းကောင်း။ အကယ်တန္တ မိနစ်ဝက်သာ နောက်ကျသွားပါက ထုံပေလုံပေဖြင့် လှမ်းလာနေသော ဒလဖြိုးမိန်နှင့် ရင်ဆိုင်တွေ့က ပွဲကြီးပွဲကောင်း ဖြစ်သွားလိမ့်မည်တကား။

နောက် ... ပိုင်းတော်သားတွေ စုံကြတော့ ဤအကြောင်းကို ကိုရွှေတောသားမှ ဖောက်သည်ချလိုက်လေရာ အားလုံးလည်း တသော သောဖြင့် ရယ်မောကြလေ၏။

''ဒီလို စာပေစောရမျိုး ကျုပ်တို့၊ ခင်ဗျားတို့ ကလောင်လက် နက်နဲ့ တိုက်ထုတ်ဖို့ လိုပြီ''

''ဘယ်လိုနည်းနဲ့ တိုက်ထုတ်ရမလဲ။ လုပ်စမ်းပါဦး ဆရာ သုဗလလော်ပိန်ရဲ့''



www.burmeseclassic.com

www.burmeseclassic.com


"ဘယ်လိုလုပ်ရမလဲ ဆိုတော့ သူရေးတဲ့စာ မှန်သမျှ အယ်ဒီတာတွေက သုံးမပေးဖို့ဘဲ။ ဒါက တစ်ချက်။ နောက်တစ်ချက်က သူ အယ်ဒီစာ လုပ်ရင်လည်း သူ့တိုက်ကို ဘယ်သူမှ ဝင်မရေးဖို့"

"ရွှေ... မှန်လိုက်လေ ဆရာကျော်ဗျင်းမှိုင်ရယ်။ သလိုမျိုး ချက်နဲ့ လက်နဲ့ ပြောတတ် ဆိုတတ်လို့လည်း သန်လျင်က အရက်ဆိုင်မှာ အရက်အကြွေးသောက်ခွင့် ရပေသကိုး"

"ဖွီး... မနောက်နဲ့ကွာ။ အရက်နဲ့ ပတ်သက်ရင် စိတ်ကုန် လွန်းလို့ လာမယ့်လ ထောက်ကြန့်ပြန့်ပြီး ကိုယ့်ကြီးတော် အရက် ဖိုမှာ သွားနေမလားလို့"

ကျွန်ုပ်တို့၏ လေအန်ကုန်း စာပေဝိုင်းကလေးကား ရယ်မောသံများဖြင့် ညံညံစီစီ။ ထိုခဏ ဂျာနယ်လစ်လောက၌ နှံ့နှံ့စပ်စပ်နိုင်လှသည့် ကဗျာဆရာရွှေမြင်မှိုင်က...

"ဆရာသမားတို့... ဆရာသမားတို့ ခုပြောနေတဲ့ မောင်မောင် ခေါင်ပွင့်(ဝရော)ကို အလဲထိုးပြီး သူ့ဘွဲ့ထူးကိုယူမယ့် ဆရာသမား တစ်ဦး ပေါ်နေတာ သိကြရဲ့လား"

"ဟယ်... ဟုတ်လား၊ ကျားသားမိုးကြိုး"

"ဒီ့အတွက် ဆရာကိုရွှေတောသားရေ..."

"ခင်ဗျာ"

"ခင်ဗျားအပိုင်စားရထားတဲ့ မဖြစ်ညစ်ကျယ်ဂျာနယ် စာမျက်နှာကနေ ခပ်စပ်စပ်လေးတီးဖို့ ကျုပ်တို့အားလုံး တောင်းဆိုတယ်ဗျို့"

"ဟုတ်တယ်... ဟုတ်တယ်။ ရေးစမ်းပါ။ ရေးထည့်လိုက်စမ်းပါ။ ရေးလို့ပါလာပြီဆိုရင် ခင်ဗျားကို အဖြူတောင် မဟုတ်ဘူး။ ဘီယာကို တစ်ဝကြီး တိုက်ပြီး စပါယ်ရှယ် ဂုဏ်ပြုမယ်"

"ဟုတ်တယ်... ဟုတ်တယ်"

သို့ကလို စာပေမိတ်သင်္ဂဟအပေါင်းမှ ဝိုင်းဝန်းတောင်းဆိုနေကြသည့်သကာလ ကျွန်ုပ်အဖို့ မဖြစ်ညစ်ကျယ်ဂျာနယ်တိုက်သို့ ပြန်ရောက်သည့်သမယဝယ် အားပါးတရ ရေးထည့်လိုက်မည်ဟု ကြံရွယ်လိုက်မိပါတော့သတည်း။


www.burmeseclassic.com

www.burmeseclassic.com



# ဒလ

# အုန်

# ကုန်း

# စကားဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



# ကျွန်ုပ်တို့၏

စာနယ်ဇင်းလောကဝယ် ခုတစ်လော စကားဝိုင်းတို့သည် ဘယ်သူဘယ်ဝါက စတန့်ထွင်လေသည်မသိ။ အင်မတန် ခေတ်စားလျက်ရှိချေ၏။ စာနယ်ဇင်းလောက၏ ထိပ်ခေါင်ဆရာ ကိုပွကြီးကလည်း သူ့မဂ္ဂဇင်းရုံးခန်းရှေ့၌ ဗုဒ္ဓဟူးနေ့ ညနေတွင် စကားဝိုင်းဖွဲ့လျက်ရှိရာ ရာဟုစကားဝိုင်းဟူ၍ အမည်တွင်လျက်ရှိ၏။

ငင်းရာဟုစကားဝိုင်းကို အားကျလျက် တစ်စင်ထောင်သည့်အနေဖြင့် ကျွန်ုပ်ကိုရွှေတောသား၏ မေတ္တာတုံးကြီး မောင်တေမိကလည်း သူ့ပါတနာများဖြစ်ကြကုန်သော ပန်းခွေလှိုင်၊ ဆဌရင်ငါးစင်ရိုင်း၊ မည်းပြောင် မြေခွေး၊ သူခိုးရုပ်မောင်ကြဲတို့နှင့် ဝိုင်းဖွဲ့ကာ 'ဘာညာကွိကွ စကားဝိုင်း' ကို ခင်းကျင်း၏။ ငင်းတို့၏ စကားဝိုင်းကို ကျွန်ုပ်ကိုရွှေတောသားနှင့် တပည့်ကျော် ပလာယာတို့သည် ရုပ်ဖျက်လျက် မယောင်မလည် အနားကပ်ခဲ့ဖူး၏။ ဆရာကိုပွကြီး၏ ရာဟုစကားဝိုင်း၌ စည်းကမ်းချက်များ ရှိသည်ဟူ၏။ ထိုစည်းကမ်းချက်များကား မိန်းမအကြောင်းနှင့် ကုန်စျေးနှုန်းအကြောင်း မပြောရဟူသတည်း။ မောင်တေမိ၏ ဘာညာကွိကွ စကားဝိုင်းမှာမူ တစ်မျိုးတစ်ဘာသာ၊ မိန်းမအကြောင်းနှင့် ယမကာအကြောင်း မပြောတတ်လျှင် ငင်းတို့စကားဝိုင်းအတွင်းသို့ မဝင်ရဟု ပညတ်လေရာ တစ်ဝိုင်းနှင့်တစ်ဝိုင်းသည် အံ့ဩရယ်တဲ့ ကုန်နိုင်ဖွယ် ဖြစ်ရသောဟူ၏။

"ဗျို့ . . . အာစရိ"

"ဘာတုံး ငါ့တပည့်ပလာယာ"

"တပည့်တို့လည်း ဒီအတိုင်းနေလို့ မဖြစ်တော့ဘူး ထင်တယ် အာစရိ"



www.burmeseclassic.com

www.burmeseclassic.com


"မင့်ဘိုးအေ... ဒီအတိုင်းမနေလို့ ကင်းမြီးကောက် ထောင်နေရမှာလား ပလာယာရဲ့"

"ဟာ ... အာစရိကလည်း ဟုတ်မလိုလိုနဲ့ အတော့်ကို ခွဲးဝေးပေသကိုး။ တပည့်ဆိုလိုတာက ကိုပွကြီးတို့၊ မောင်တေမိတို့ စတန့်ထွင်သလို စကားဝိုင်းတစ်ဝိုင်းလောက် စတန့်ထွင်ရင် ကောင်းမလားလို့"

"ထွင်တာက လွယ်ပါသော်ကော။ ပေါက်ပန်းဈေးစကား တွေ ဖောင်ဖွဲ့ရအောင် ကဲ ... ဘယ်မလဲနေရော။ တို့ မဖြစ်ညစ်ကျယ် ကျာနယ်ခန်းဆိုတာ မင်းသိတဲ့အတိုင်းပဲ။ တို့များရဲ့ ဖိုင်နင်ဆာ စွပ်ပရား ခွက်ကျပြီး ဖြစ်သလိုငှားပေးထားတာဆိုတော့ အီးတောင် ကျယ်ကျယ် မပေါက်ရဲဘူး။ အီးကျယ်ကျယ်ပေါက်ရင် ကန်ထရိုက်တိုက် ဝုန်းခနဲ ပြိုကျမှာ"

"ဒါလည်း ဟုတ်တာပဲ။ ဒါပေမဲ့ အာစရိရယ်... ။ ခေတ်မီရေစီးကြောင်းဆိုတာ မျက်ခြည်ပြတ်လို့ မျက်ခြည်ဖြတ်ဖို့ မသင့်တော်ဘူး။ အများမိုးခါးရေ သောက်ရင် ကိုယ်လည်းပဲ မိုးခါးရေ သောက်မှ ဖြစ်မှာ။ နို့မဟုတ်ရင် ကျွန်တော်တို့ စာနယ်ဇင်း လောကမှာ မြို့မေတ္တာခံယူနေတဲ့ အာစရိနဲ့ တပည့်တို့ဟာ အလိုလိုနေရင်း အာပလာ ဖြစ်သွားမှာပေါ့ အာစရိရဲ့။ ဟုတ်တယ် ဟုတ်"

"ဟုတ်ပါသော်ကော ပလာယာရယ်။ ဒီတော့ ဘာရယ်ညာ ရယ်မဟုတ်ဘူး။ လူရှိန်အောင် တစ်ခုခုတော့ တို့များ စကားဝိုင်း လေးတစ်ခု လုပ်မှ ဖြစ်မယ်။ အဲဒီအတွက် ဉာဏ်နီဉာဏ်နက်၊ ဉာဏ်ပြာဉာဏ်ဝါများတဲ့ မင်းပဲ အကြံထုတ်စမ်းပါဦး"

"ကိစ္စမရှိဘူး အာစရိ။ ဒီအတွက်တော့ နို့ပလော်ဘာလမ်ပဲ။ ဟဲဟဲဟဲ ... ပလာယာကြံရင် ထရံတောင်မှ အိမ်သာသုံးတုတ် ဖြစ်သေးတာ။ မပူနဲ့ အာစရိ။ ဘာမှမပူနဲ့။ တပည့် အကြံရပြီ"

"ရွှေ ... နိပ်လိုက်လေကွယ်။ သိပ်တော်တဲ့ ငါ့တပည့်။ မတတ်နိုင်လို့၊ တတ်နိုင်လို့များကတော့ ငါ့တပည့်ရဲ့ ဦးနှောက်ကို နွားချေးတွေ လိမ်းပေးလိုက်ချင်တယ် တကယ်... တကယ်"

"လုပ်ပြီ အာစရိကတော့။ ထားပါလေ။ ဆရာနဲ့တပည့်၊ တပည့်နဲ့ဆရာပဲဥစ္စာ။ ပြဿနာမရှိပါဘူး။ ဒီလို အာစရိ။ အာစရိနဲ့


www.burmeseclassic.com

www.burmeseclassic.com



တပည့်တို့ မနက်မနက်ဆို လေအန်ကုန်းမှာကျောက်ချပြီး ရေရွှေးတွေ တစ်အိုးပြီးတစ်အိုး သောက်လို့ လေချနေကျ မဟုတ် လား''

''ဟုတ်''

''အဲဒီမှာ တပည့်တို့လိုပဲ လေလာလာချနေတဲ့ စာပေ လောက သားတွေ နည်းမှ မနည်းဘဲ။ ဆိုတော့ကာ အဲဒီမှာ ကိုယ့်အချင်းချင်း ဝိုင်းလိုက်ကြပြီး လေအန်ကုန်း စကားဝိုင်းကလေး ဖွဲ့လိုက်ကြရင် မကောင်းဘူးလား''

''ဟား . . . ဂွဒ်တယ်။ ငါ့တပည့် ဂွဒ်တယ်။ ကိုင်း . . ပြော နေကြာတယ်။ မနက်ဖြန် သဲဘက်ပဲ စလိုက်ကြရင် ကောင်းမယ် ထင်သကွယ်''

''ကောင်းတယ် အာစရိ . . . ကောင်းတယ်။ တပည့်တို့ရဲ့ လေအန်ကုန်းစကားဝိုင်းအတွက် ဓာတ်ပုံတာဝန်ကို လဒအောင် မင်းကို တာဝန်ပေးလိုက်မယ်။ ဘယ့်နှယ်လဲ . . . ''

''အကုန်အကျ များနေပါဦးမယ်ကွယ်''

''မကုန်ပါဘူး အာစရိရယ်။ ဝေါကေ သူ့နာမည်ကိုသာ ဖော်ပြ ပေးလိုက သူကတောင် တပည့်တို့ကို ညနေစာ တာဝန်ယူပါ လိမ့် ဦးမယ်''

သို့ဖြင့် ကျွန်ုပ်ကိုရွှေတောသားတို့ ဆရာတပည့်လည်း စီစဉ်စရာ ရှိသည်တို့ကို စီစဉ်ပြီးသည့်နောက် တအော့အော့ဖြင့် သွေးလေတို့က တောင့်တ လာသည်မို့ နှစ်ယောက်သား လေးဆယ့်နှစ်လမ်းရှိရာ ခြေဦးလှည့်လိုက် ကြပါသတည်း။

Y Y Y

အချင်းချင်း လက်တို့ထားကြသည်မို့ လေအန်ကုန်းဝယ် စာပေ သမားတွေ စုံစုံလင်လင် ရောက်ရှိနေချေပြီ။ ကျွန်ုပ်တို့ လေအန်ကုန်း စကားဝိုင်းအတွက် စပွန်ဆာမရှိကြောင်း စကားခံထားသည်မို့ ရောက်ရှိ လာကြသူအားလုံးပင် နားလည်ခြင်းကြီးစွာဖြင့် တစ်ပိုင်တစ်နိုင်ဆိုသလို စားသောက်ဖွယ်ရာတွေ ယူဆောင်လာကြပါချေ၏။ အင်းစိန်နွယ် နေထိုင် သော စာရေးဆရာ မောင်ပြာယာက မန်ကျည်းသီးစိမ်းများကို ခူးလာ၏



www.burmeseclassic.com

www.burmeseclassic.com


မြောက်ဒဂုံတွင် နေထိုင်သော စာရေးဆရာအံ့ပွားက ကြံပြားများယူလာ၏။ သန်လျင်မှ မောင်စွင့်ကား(ဘိုကလေး)ကလည်း အားမကျမခံလျက် အားထုပ်တွေ ယူလာပြန်၏။ ဆရာမောင်ရစ်(စကွဲငစိန်)ကလည်း သူ့ရွာ သူ့ရဲ့သမိန်မှ ထွက်သည့် စိမ်းစားဥ ပိန်ရှုံ့ရှုံ့များကို ယူချလာ၏။ ဆရာမောင်ငြိမ်းတူ(မြို့ပင်ကောက်)ကမူ အလုပ်တွေ ဖယ်ဆက်အောင် များနေသောကြောင့် မည်သည့်စားသောက်စရာမျှ ယူဆောင်မလာနိုင်။ သို့သော် ပြားအရက်ရက်အလလက စားသောက်ဆိုင်များမှ ပါပါလာတတ်သည့် ဝါးတူများကို ယူချလာ၏။ ပြီးသော် ဤသို့ စကားဆို၏။

"လက်နဲ့ မကိုင်ကြနဲ့။ သန့်သန့်ရှင်းရှင်း စားရအောင် တူနဲ့ ညှပ်စား။ ပြီးရင် တူတွေကို လွှင့်မပစ်နဲ့။ သွားကြားထိုးတံ လုပ်လို့ရတယ်"

ဒေါ်ပုံတွင်နေသော ဆရာမ အိုးခြမ်းခွံ(ရာမည)က သူ့အိမ်မှ ကြော်လာခဲ့သော ထမင်းခြောက်များကို ယူလာခဲ့၏။ မုဒုံသူ ဆရာမ ညည်ပွေ့အိမ်က မုဒုံမှ လက်ဆောင်ရလာသော မျှစ်များကိုပြုတ်၍ ယူ လာခဲ့၏။ ဆတ်ပြိုင်အရှပ်ပုံလွှာများကို လစဉ်ဖော်ထုတ်နေသော မောင်ပွေကြီး (အတောင်း)က သူ ညနေဘက်မြည်းရန် သိမ်းထားသော ကုလားပဲလှော်များကို ထုပ်စထဲမှ ထုတ်လျက် စားပွဲပေါ်တင်ကာ "စားဝမ်း ဝါးစမ်း သွားသရမ်း" ဆိုရှာ၏။ ဆရာမဝဝလှိုင်က တစ်ရှူးပေပါ အစုတ်အပြဲများကို ယူလာ၏။ ဆရာမ မြမဥ္စူပွေ(ကျူတနီး)ကလည်း အရေသောက်အဖြစ် မုန့်လက်ဆောင်းတွေ ဝယ်လာ၏။ ဘဏ်ဝန်ထမ်း စာရေးဆရာ ကိုမောင်ကြမ်းခင်းကလည်း အားကျမခံ သူ့အိမ်သူ ပုစွန်းမ စိမ်ပေးလိုက်သော ဆီးယိုများကို ဂျုတ်ကျုတ်အိတ်ဖြင့် ယူဆောင်လာခဲ့၏။ သန်လျင်ပြောင်ပြောင်မူးနှင့် မောင်ပွေးရင့်တို့ ညီအစ်ကိုကလည်း တစ်မျိုး တစ်ဘာသာ။ တစ်ယောက်က အစာကြေဆေးပုလင်း၊ တစ်ယောက်က လေပုပ်ထုတ်ဆေးပုလင်း။

"ခင်ဗျားတို့ချည်း စားသောက်စရာ ယူလာနိုင်တယ်လို့ မမှတ်ပါနဲ့။ ကျုပ်ဆိုတဲ့ မောင်ရန်စ(လယ်ဝေး)ကလည်း အားကျမခံ ပါဘူးဗျ။ ယူလာပါတယ်။ ဟောဒီမှာ.. ဟောဒီမှာ"

ဟု ဆိုလျက် ထောက်ကြွဲရေးထဲမှ ဝယ်လာဟန်တူသော လဘက်စာ ပေါက်ပေါက်ဆုပ်တွေကို စားပွဲပေါ်တင်၏။ မိတ္ထီလာမှ နေကုန်သို့ ရောက်နေသော ကဗျာဆရာ မောင်သာပျင်းကလည်း သူယူသည်းခိုသည့်


www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးကျောင်းမှ ထန်းလျက်ခဲ၊ ကြံသကာခဲသာမက အုန်းသီးစိတ်များ ကိုပါ ယူချလာ၏။ ဒလမြို့တွင် နေထိုင်သော ဘာသာပြန်စာရေးဆရာ မောင်တင်ချွန်က သူ့မိန်းမ အော်ဒါထိုးသည့် ရွှေခြည်၊ နနွင်းမကင်းမုန့်များကို မိန်းမ မသိအောင် ယူချလာပုံရ၏။ သောကြာစာစောင်မှ ကိုဇော်မိုးပြုံးကလည်း သူ့အိမ်မှ ငုံးဥပြုတ်များကို ယူလာခဲ့၏။ တွံ့တေးတွင် နေထိုင်သော စာရေးဆရာမလေး ဘလာဖြူက ကနဂုတ်ကြော်ကို ကော်ဘူး ကလေးနှင့်ထည့်လာပြီး ဆရာမင်းသျှင်ပြောင်(တွံ့တေး)က ထန်းသီးမုန့်များ ယူချလာ၏။

သူတို့သူတို့တွေ အသီးသီးအသက အသက စားသောက်ဖွယ်ရာတွေ ယူဆောင်လာခဲ့ကြသကဲ့သို့ပင် လေအန်ကုန်းစကားဝိုင်းကို ကမ ကထလုပ်သော ကျွန်ုပ်ကိုရွှေတောသားနှင့် တပည့်ကျော် ပလာယာတို့မှာလည်း အလှည့်ကျလျှင်ဖြင့် မန္တလေးကြစတမ်း ဆိုသည့်ထုံးကို နှလုံးမူကာ ဖားကင်များကို ယူဆောင်လာခဲ့ကုန်၏။ ဖားမှာ စားဖားမရ၊ သည်တော့ ဖားပြုပ်ကို အရေခွံဆုတ်လျက် ရတနာပိန်းခင်း စားတော်ဆက်မှ စားဖိုမှူး ဖြစ်သူ ဖင်လန်နိုင်ငံဖြစ် ရှော့ခွန်းထစ်ဝေါင်မင်းအား ရှယ်ကင်ခိုင်းရသော ဟူ၏။ အနှီစားဖိုမှူးကား တပည့်ကျော် ပလာယာ၏ သုံးဝမ်းကွဲယောက်ဖ တော်စပ်၍ ဖားကင်သည့်ကိစ္စ ရှယ်တကာ့ရှယ်အဖြစ် နာမည်ကြီးသူ ဖြစ်သတည်း။

မောင်မြေကွေး(မြန်မာစာ)၊ တောင်စွန်းငန်းစောင်းတို့က လက်ချည်းသက်သက်ဖြင့် လေအန်ကုန်းစကားဝိုင်းသို့ ရောက်လာရာ ကျွန်ုပ်တို့မှာ ဘာမျှမပြောသာ။ ၎င်းတို့နှစ်ဦးသည် လက်ချည်းဗလာသက်သက် ဖြစ်သော်ငြား စားရာသောက်ရာ၌ ပါးဖြူနားဖြူ၊ မည်သည့်စားသောက်စရာကိုမျှ အလွတ်မပေး လက်သွက်လှပါဘိတောင်း။

"ကဲ ... စားလည်း စားကြ၊ ပြောလည်း ပြောကြ၊ ဘာမှ မပြောဘဲ စားကြ သောက်ကြတာနဲ့ပဲ စခန်းဖြတ်မယ်ဆိုရင် ကျုပ်တို့ရဲ့ လေအန်ကုန်းစကားဝိုင်းဟာ စကားဝိုင်းမဟုတ်ဘဲ လေအန်ကုန်း အစားဝိုင်း ဖြစ်သွားလိမ့်မယ်ဗျို့"

မောင်ပွေကြီး(ကတောင်း)က နေရာတကာ လူတွင်ကျယ် လုပ်ချင်သူပီပီ ဦးကျောက်လုံးအိုက်တင်ဖြင့် တစ်ဝိုင်းလုံးကို ဟန့်လိုက်၏။

"ဟ ... ဘယ်လိုဖြစ်နေရတာလဲ ကိုပွေကြီးရ၊ ခင်ဗျားရဲ့ ကုလားပဲလှော်ကို နှိုက်တာ မကျေနပ်လို့လား။ မကျေနပ်ရင် လေဖြတ်သွားမယ်။ ကျုပ်နာမည် တောင်စွန်းငန်းစောင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့.. မောင်ပွေကြီး။ မင်း လေဖြတ်ရင်၊ လေငန်းဆွဲ ရင် ဘာမှ မပူနဲ့။ ဘာဆို ဘာမှမပူနဲ့။ ငါ့ယောက္ခမ လေဖြတ် တာအထူးကုတဲ့ ဗိန္ဓောဆရာကြီးကွ။ ငါ လေဖြတ်ပြီး အိပ်ရာထဲ ဘုံးဘုံးလဲတာတောင် ခုလို ဒေါင်ဒေါင်မြည် ဖြစ်တဲ့အထိ ကုပေး နိုင်တဲ့ ဆရာကြီးကွ"

"ဟော့.. ရတနာဝကြီး။ တော်တန်တိတ်စမ်းကွာ။ မင့် ဘာသာ မင်း ဆရာကြီးရဲ့သမီးကို ယူချင်တာနဲ့ ပလီပလာ လုပ်နေတာများ။ ဘာလေဖြတ်တာလဲ။ ကျားကိုးစီး စားမကုန်တဲ့ ခန္ဓာကိုယ်ကြီးနဲ့"

"တော်... တော်ကြစမ်းပါဗျ။ စာအကြောင်းပေအကြောင်း ပြောရမလား မှတ်ပါတယ်။ ယောက္ခမကြော်ငြာက ကြားဖြတ်ဖြတ်ပြီး ဝင်နေတယ်။ သိပ်စိတ်ညစ်စရာကောင်း... "

"ကဲ... ကဲ.. စာအကြောင်း ပေအကြောင်း ပြောရမယ်ဆိုရင် စာပေဆိုတာ စာနဲ့ ပေနဲ့ နှစ်လုံးပူးထားတာ၊ ကပ်ထားတာ"

"ဟာ... ဒါဆိုရင် ဒီတစ်ပတ်တော့ အပူးကို လက်လွှတ် လို့ မဖြစ်တော့ဘူး"

"ဟယ်... ချဲရှုးကလည်း တစ်မျောင့်"

"ကဝိန် ကဒ္ဒံ ကဗျံတဲ့။ အဓိပ္ပာယ်ကတော့ ကဝိန်–ပညာရှိ တို့၏၊ ကဒ္ဒံ–ပစ္စည်းသည်၊ ကဗျံ–ကဗျာဖြစ်၏တဲ့"

"ကပြုတ်ဆိုရင်ကော... "

"ကပြုတ် ဆိုတာကတော့ မင့်ယောက္ခမရဲ့ ပစ္စည်းပဲပေါ့"

"ဟား.. ဟား.. ဟား.. ဟား"

လေအန်ကုန်း စကားဝိုင်းကား ရယ်ရယ်မောမော တသောသော။

"ဖော့... တို့များ စကားဝိုင်းက လွတ်လွတ်လပ်လပ်ကွနော်။ ဘာအကြောင်းပြချင်လဲ။ ပြောချင်ရာပြော၊ ချုပ်ချယ်မထားဘူး။ ဒါပေမဲ့ ဒီဝိုင်းကို ရောက်လာရင်တော့ စကားမပြောဘဲကို မရဘူး။ စကား မပြောတဲ့လူဆို တစ်တေး"

"ဟုတ်တယ် ဟုတ်တယ်။ တို့များ စကားဝိုင်းဟာ တစ်ပတ်မှ တစ်ခါလုပ်တဲ့ စကားဝိုင်း မဟုတ်ဘူး။ တစ်ပတ်မှာ တနင်္ဂနွေတစ်ပတ် လွဲရင် ခြောက်ရက်လုံးလေတွေ အန်ကြမယ့် လေအန်ကုန်းစကားဝိုင်း"

"ဟုတ်ပ.. ဟုတ်ပ"



www.burmeseclassic.com

www.burmeseclassic.com



သို့ကလို ရောက်တတ်ရာရာ ပေါက်တတ်ကရ တောင်စဉ်ရေမ စကားတွေကို ပြောကြဆိုကြပြီးသည့်သကာလ စားပွဲပေါ်ရှိ မည်သည့် စားသောက်စရာမှ မကျန်တော့သည့် အဆုံးတွင် အသီးသီးအသက အသက လုပ်ငန်းခွင်ရှိရာသို့ လှမ်းထွက်ကြပါလေတော့၏။

ကျွန်ုပ်တို့ လေအန်ကုန်း စကားဝိုင်းကလေးကား အောင်အောင်မြင်မြင်

Y Y Y

နောက်တစ်ရက် လေအန်ကုန်းရှိရာသို့ မည်သည့်စာပေသမားမျှ ရောက်မလာကြ။

ဘာကြောင့်ဆို...

တစ်မြန်နေ့ စကားဝိုင်း၌ စားပွဲပေါ်ရောက်လာသော စားသောက် စရာမျိုးစုံကို သူတစ်လက် ကိုယ်တစ်လက် စားသောက်ကြပြီးသကာလ အစားတွေစုံသဖြင့် ကိုယ်စီကိုယ်င အီးအီးတွေ ပန်းကုန်ကြသဖြင့် ဆေးခန်း ရှိရာ ပြေးနေရသောကြောင့်ပါတည်း။

www.burmeseclassic.com

www.burmeseclassic.com



# ဘာ

# ညာ

# ဆိုမလေ...

# ကာရာအိုကေ



www.burmeseclassic.com

www.burmeseclassic.com



## တစ်ရက်သဥ်

ကျွန်ုပ်ကိုရွှေတောသားနှင့် တပည့်ကျော် ပလာယာတို့ လုပ်ကိုင်စားသောက်နေသည့် မဖြစ်ညစ်ကျယ်ဂျာနယ်တိုက် ရှိရာသို့ ဖိုင်နင်ဆာဖြစ်သူ အမျိုးကောင်းသားတစ်ဦး ရောက်ရှိလာချေ၏။ ၎င်းကား အခြားမဟုတ်။ 'ဆင်းသွင်ရုပ်နာကြီး'ကို ပိုင်သတော်မူသည့် အမည်သညာ ခေါ်စရာကား 'စွပ်ပရား'ဖြစ်လေသတည်း။

၎င်းသည် နဂိုကတည်းက မည်းမှောင်လှသော အသားအရေနှင့် လိုက်ဖက်လှစွာ အနက်ရောင်လယ်သာဂျာကင်ကြီးကို ဝင်ဆင်ထား၏။ လမ်းဘေးမှ တစ်လက်လျှင် (၃၀၀)ကျပ်လောက်သာ ပေးဝယ်ရသည့် အပေါစား မျက်မှန်နက်ကြီးကို တပ်ဆင်ထား၏။ မှိုန်နွံသင်းနေသည့် စီးကရက် တစ်လိပ်ကို လည်း ဗေလုဝစတိုင်ဖမ်းကာ ခဲထား၏။ ခါတိုင်း ဘယ်သူတွေ ရောက်လာ ရောက်လာ အရေးမလုပ်တတ်သည့် ပလာယာသည် စွပ်ပရားကို တွေ့သည်နှင့် အလုပ်ရှင်ကို အလုပ်ရှင်မှန်း သိတတ်လှစွာ ဆရာချင်းမိုးမွှန်အောင် ဖော်လံဖား လေတော့၏။

"ဆရာစွပ် ... အဲ ... အဲ ဆရာမိုးမြင့်အာကာယံ .. ဘာ သောက်မလဲ၊ ဘာစားချင်သလဲ။ ဘာမျှား မှာပေးရမလဲ။ အလိုရှိ တာ ပြောနော်။ အားမနာနဲ့။ ဟဲ.. ဟဲ.. ဟဲ"

"နေပစေ ဘာမှ မမှာနဲ့တော့။ လမ်းမှာတွေ့တဲ့ ရေအိုးစင် ကနေ ရေအဝသောက်လာပြီးပြီ။ အိုကေ... "

"ဒါဖြင့်ရင် လိုရင်းကိစ္စကို အမိန့်ရှိပါဆရာ"

ပလာယာကား ဖော်လံဖားသည့် နေရာမှာတော့ စားဖား၊ ဖား ပြုပ်၊ ဖားခုံညင်း၊ ဖားသေးပန်း၊ ဖားလတက်၊ ဖားကျော်စံကေး၊ ဖားပျံတို့က 'ယောက်ဖရေ'ဟု ခေါ်ရလောက်သည်။ ကျွန်ုပ် ကိုရွှေတောသားကမူ



www.burmeseclassic.com

www.burmeseclassic.com


ဖားမျိုးဖားနွယ် မဟုတ်၍ စတယ်ကြီးတစ်ခွဲသားဖြင့် စွပ်ပရားဘာကြောင့် လာသည်၊ ဘာကိစ္စဖြင့် လာသည်ကို စောင့်စားနားစွင့်နေလိုက်၏။

"ကိစ္စက ဒီလိုဗျ။ ဘာလိုလိုနဲ့ ကျုပ်တို့ရဲ့ 'မဖြစ်ညစ်ကျယ် ဂျာနယ်'ကို အပတ်စဉ် ထုတ်ဝေလာခဲ့တာ လာမယ့်အပတ်ဆို စောင်ရေ အမှတ်(၁၀၀) ပြည့်သွားပြီ မဟုတ်လား"

"ဟုတ်တယ်.. ဟုတ်တယ်"

"ဆိုတော့ ဂျာနယ်စောင်ရေ ရာပြည့်အထိမ်းအမှတ်အဖြစ် အစီအစဉ်လေး တစ်ခုလောက် လုပ်မလားလို့"

"ဘယ်လို အစီအစဉ်များပါလိမ့်"

"ကာရာအိုကေ ပြိုင်ပွဲ လုပ်မလားလို့"

"ဟာ... ဒါဆိုရင် ကျွန်တော်တို့ ဝင်ဟဲလို့ရပြီပေါ့"

"ရတာပေါ့ ကိုပလာယာရဲ့။ အဓိကကတော့ ကျုပ်တို့ ဂျာနယ်သမားအချင်းချင်း စည်းလုံးညီညွတ်မှု ရှိစေရေး ရည်ရွယ် ချက်နဲ့ ပျော်ပွဲရွှင်ပွဲ လုပ်ကြည့်တဲ့ သဘောပါ။ အဲဒီပွဲမှာ စားရေး သောက်ရေးကို ကျုပ် တာဝန်ယူတယ်"

"နိပ်ဟ... ဘာတွေများ ကျွေးမွေးဖို့ စိမ်ထားသလဲ"

"ထမင်းကြမ်းခဲကို ရေဖျော်ပြီး ဆားနဲ့ ငရုတ်သီးစိမ်း ပုံကျွေး မယ်လေ"

"အယ်... "

"ဆုတွေကတော့ ဘာတွေများပေးမယ်လို့ ရွယ်စူးထားသလဲ"

"ဆုအတွက်တော့ ကျုပ်နဲ့ ဘူးသီးပုံဂျာနယ်ဖိုင်နင်ဆာ အီစံ ကွားလားတို့ ပူးပေါင်းစီစဉ်ထားပါတယ်။ ပထမဆု ဆာဒူးကြီး ဆေးဘူး တစ်ဒါဇင်၊ ဒုတိယဆု ရှောက်ပေါင်းအရက် (၆)ပုလင်းနဲ့ တတိယဆုအဖြစ် နမ်းလုံးကြိုင်မြစ် တစ်မြစ်တို့ စီစဉ်ထားပါတယ်။ နှစ်သိမ့်ဆုအဖြစ် 'အဖော်'တစ်ကတ်စီ ပေးမယ်ဗျ"

"ဒါဆိုရင် 'မောင်တေမိတို့အကြိုက် ကျွမ်းစိုက်'ပဲပေါ့"

"အဲဒီတော့ အဲဒီလိုလုပ်မယ့် ကိစ္စအတွက် ပါဝင်ဆင်နွှဲမယ့် သူတွေ ဒီဂျာနယ်တိုက်ရှိရာ သတင်းပေးပို့နိုင်အောင် သတင်းကြည့်ဖို့ စီစဉ်ပေးတော့ဗျာ"

"စိတ်ချဆရာ စိတ်ချ"


www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ပြောဆိုပြီးသကာလ စွပ်ပရားလည်း ပေစောင်းပေစောင်း ဖြင့် ဂဏန်းတစ်ကောင်နှင့်မခြား ထွက်သွားလေတော့၏။ ထိုရောအခါဝယ် သူ့ဆန်စားရဲမှဆိုသည့် စကားအတိုင်း ကျွန်ုပ်တို့ ဆရာတပည့်လည်း ခေါင်းချင်းဆိုင် တိုင်ပင်လျက် စွပ်ပရား အရှူးထသွားသော သတင်းကို ရေးသားရလေတော့၏။

Y Y Y

အဆိုပါ သတင်းပါပြီး သိပ်မကြာလိုက်။

ကျွန်ုပ်တို့၏ မဖြစ်ညစ်ကျယ်ဂျာနယ်တိုက်သို့ အရပ်မိုးထိုးနေသည့် ပုဂ္ဂိုလ်တစ်ဦးသည် ပြောင်မည်ဟုယူဆရသော ခေါင်းကို လျှာထိုးဦးထုပ်ကလေးဆောင်းလျက် လက်တွင်လည်း ကြက်ကြောက်အိတ်ကို ဆွဲကာ ရောက်ရှိလာ၏။ ပုံစံက စာကလေးဗေဒင်ဆရာလိုလို။

"ဆို. . . ဆရာ။ ကျွန်တော်တို့ ဘာများ ကူညီရမလဲ"

"စာရင်းလာပေးတာပါ"

"ဂျာနယ် ထပ်တိုးပြီးယူမယ့် စာရင်းလား"

"ဘယ်ကလာ၊ ဂျာနယ်ယူမယ့် စာရင်းမဟုတ်ဘူး။ ခင်ဗျား တို့ဂျာနယ်မှာ ပါလာတဲ့ သတင်းအတွက် စာရင်းလာပေးတာ"

"ဩော် . . . ကာရာအိုကေ ပြိုင်ပွဲအတွက် စာရင်းလာပေးတာကိုး။ ဒါထက် စည်းကမ်းချက်ကို သိတယ်နော်"

"သိတယ်။ စည်းကမ်းချက်နဲ့ ကိုယ့်ကိုယ်ကိုယ်လည်း ကိုက်ညီတယ်ယူဆလို့ ဘိုကလေးကတောင် လာခဲ့တာ။ ကျုပ် နာမည် မောင်စွင့်ကား(ဘိုကလေး). . . မသိရင်မှတ်ထား။ မဂ္ဂဇင်း အစုံမှာ ဂမ္ဘီရတွေ မှဆိုးဝတ္ထုတွေ ရေးစားနေတဲ့လူ"

ဆရာသမားကား အရပ်ရှည်သလောက် စိတ်က သိပ်ရှည်ပုံ မရ။ ကျွန်ုပ်တို့ သတ်မှတ်ထားသော စည်းကမ်းချက်က 'စာပေလောကကို အိုးမဲသုတ်သူစစ်စစ်' ဖြစ်ရမည် ဟူ၏။ ထိုစည်းကမ်းချက်နှင့် ပတ်သက်၍ ဆရာမောင်စွင့်ကားသည် အဘယ်မျှ ကိုက်ညီနေပါသနည်း။ ကျွန်ုပ်သိရသလောက် မောင်စွင့်ကား(ဘိုကလေး)သည် စာပေလောကကို အိုးမဲသုတ်သူ မဟုတ်။ တစ်ခန်းရပ်ပြဇာတ်များ၊ ဂမ္ဘီရဝတ္ထုတိုများ၊ အဲလိုက်ဝတ္ထုများ



www.burmeseclassic.com

www.burmeseclassic.com


ရေးသားနေသူ လူကြီးလူကောင်းတစ်ဦး ဖြစ်၏။

"ဘာလဲ ... ကျုပ်ကို မယုံလို့လား။ ကျုပ် ဒီမနက်တင်ပဲ (၃၃)လမ်းက 'စာပေလောက' စာအုပ်ဆိုင်ကိုသွားပြီး ဆိုင်ပေါက်ဝမှာ မယောင်မလည်ရပ်လို့ အိုးမဲသုတ်လာခဲ့တာ"

သည်လိုဆိုတော့လည်း ဘာပဲပြောပြော ဆရာမောင်စွင့်ကား (ဘိုကလေး)သည် ဝက်ဝုတ္တိသဘောဖြင့် စည်းကမ်းချက် ကိုက်ညီနေပေပြီ။

"ဟုတ်ပါပြီ ဆရာ။ ကဲ.. ဆရာဆိုမယ့် သီချင်းကို စာရင်းပေးခဲ့ပါ။ ပြိုင်မယ့်နေ့ ပြိုင်မယ့်အချိန်ကျရင် စီဒီပြားယူခဲ့ရမှာ နော်"

"ကျုပ် ဒုံးမဝေးဘူး။ သိတယ်။ ကဲ... မှတ်ထား၊ ကျုပ် ဆိုမယ့်သီချင်းက **'ချစ်မိုးကြီး'**။ ကျုပ်ဆရာ ကဗျာဆရာ 'ကြံပြား(စလေ)'က **'ရောင်ပေစူး'**သီချင်းဆိုမှာ"

"ဟုတ်... ဟုတ်ကဲ့ခင်ဗျ"

ကျွန်ုပ်တို့ ဆရာတပည့်လည်း ၎င်းပြောသမျှကို လိုက်လံရေးမှတ်ပြီးသော် ၎င်းလည်း ကျေနပ်အားရစွာဖြင့် လေချွန်ပြီး ထွက်သွားလေတော့၏။ ကျွန်ုပ်တို့ ဆရာတပည့်ကား ဖိုင်နှင်ဆာ စွပ်ပရား၏ အရှုံးထမှကြောင့် အပိုအလုပ်တွေ လုပ်နေရသဖြင့် စိတ်မှ မေတ္တာသုတ်တစ်စောင်လုံးကို ပုဒ်ထီးပုဒ်မ မကျန် ကျုံးကျုံးပြီး ပို့မိလေတော့၏။

ထိုစဉ်မှာပင် ဒုံ့ဒုံ့ဒိုင်းဒိုင်းနှင့် ပြင်းထန်စွာသော ခွာသံပေးလျက်သိမ်းထိုးယိမ်းယိုင်ဖြင့် ဝင်လာသူတစ်ဦးကို တွေ့လိုက်ရ၏။

"ပျင်းဒယ် ... သိပ်ကိုပျင်းဒယ်။ အို ... ဘုရားသခင်၊ ကောင်းကင်နဲ့ မြေကြီး ငါ့အားပေးလော့။ ဟော့... ဓားတောင်ကို ကျော်ပြီး မီးပင်လယ်ကို ဖြတ်မယ်ကွ။ ဘာမှတ်လဲ။ ငါ့ နာမည် ပွေကြီးတဲ့။ မောင်ပွေကြီး(ကတောင်း)ဆိုတာ ငါပဲ။ ဇာတိအမှန်က သနပ်ပင်သား။ ငါ့ယောက်ဖရှိတဲ့ ပန်းတောင်းကို အမှီပြုပြီး ကာရန်ကိုက်အောင် မောင်ပွေကြီး(ကတောင်း) လုပ်ချတာ။ ဘယ်သူတွေ ဘာပြောချင်သလဲ။ ဟွန်း... ဟွန်း... ဟွန်း စာပေလောကက မော်ဒန်အမိုက်သရိုက်တွေကို မီးရှို့ပစ်ရမယ်။ မော်ဒန်ခဲသလဲတွေကို မဆလာထဲ ထည့်ဖျော်ရမယ်"

စကားလုံး စက်သေနတ်ပစ်၍ ချဉ်စူးစူးရနံ့ကို ဖြန့်ကာ ဝင်ရောက်လာသူကား 'ခုတ်ထွင်ပေါင်နံ့ မဂ္ဂဇင်းကြီး'၌ 'ခေတ်ပြိုင်အရှုပ်


www.burmeseclassic.com

www.burmeseclassic.com



ဗုံလွှာများ'ကို မဟုတ်တမ်းတရား ရမ်းတုတ်နေသည့် ဖျူးဆရာ မောင်ပွေ ကြီး(ကတောင်း)ပင် ဖြစ်လေသတည်း။ ၎င်းသည်လည်း စာပေလောကၨ နာမည်ကျော်တစ်ဦးမို့ ကျွန်ုပ်တို့ ဆရာတပည့်နှစ်ယောက်သားမှာ ကြီးစွာသော သတိကို ထားနေရသောဟူ၏။

"ထိုင်ပါဆရာ... ကျွန်တော်တို့ ဘာများ..."

"တော်... တန်... တိတ်။ ဘာမှ မကြားချင်ဘူး။ လုံးဝ မကြားချင်ဘူး။ ဂီတနက်သန် ကိုစောညိန်းအကြောင်းကို ဘယ် သူတွေ ဘယ်လောက်သိကြသလဲ။ ချက်ကော့ရဲ့ နံရံပေါ်က သေနတ်ဟာ မကြာခင် မောင်းပြုတ်တော့မယ်။ 'လမ်းတစ် လျှောက်သင်းပါဘိ၊ ဆန်းသလောက်မလင်းနိုင်ဘု၊ ပန်းပိတောက် မင်း'ဆိုတဲ့ ကဗျာကို ဘယ်သူရေးသလဲ ပြော။ ကဲ... ပြော"

"ဦးကြော့ ရေးတယ်လို့ ထင်ပါတယ်"

"အေး... မှန်ဒယ်။ သတ်စ်... ရိုက်။ ဒါ.. သိပ်ကိုမှန် တဲ့ အန်ဆာပဲ။ ဒါပေမဲ့ ဦးကြော့နဲ့ ကျော်ဟိန်းဆိုတာ ဘာမှ မတော်ဘူးနော်။ ကျော်ဟိန်းဆိုတာ သွားလေသူ ကိုနှံကြီး(ငွေး သီးပန်း)ရဲ့ ဖေါ်လီရိုက်ဖက် သူငယ်ချင်း"

ဆရာသမားကား လူမှန်းမသိအောင် မူးနေလေပြီ။ အသင့်ထိုး ပေးထားသော ထိုင်ခုံ၌ ပိုင်းထိုင်လျက် မျက်ခုံးများ၊ နဖူးကြောများ တွန့် ကာဖြင့် ကျွန်ုပ်တို့ ဆရာတပည့်အား ဘုကြည့် ကြည့်နေလေ၏။

"ဟော့... ငါ သီချင်းဆိုဖို့ စာရင်းလာပေးတာ"

မြတ်စွာဘုရား။ မောင်ပွေကြီး(ကတောင်း)က သီချင်းဆိုဖို့ စာရင်း ပေးမတဲ့။ ကျားသားမိုးကြိုး။ စာရင်းလက်ခံပါက ကျွန်ုပ်တို့ ဂျာနယ်တိုက် ကြီးအား ပြာကျသွားအောင် မျက်စောင်းထိုးပစ်လေမလား မသိ။

"ကိုင်း... ပေးပါဆရာ ပေးပါ။ ဘာသီချင်းဆိုမှာလဲ"

" 'ပေးစားသူနဲ့ ယူလိုက်ပါ' အေး.. အဲဒါဆိုမယ်။ နောက် 'မပြောင်ဝင်း'နဲ့ တွဲပြီး 'နှစ်ကိုယ်တူချစ်သမျှ'ဆိုမယ်။ မှတ်ထားနော်။ ကိုင်း.. သွားတော့မယ်။ ပေးနှစ်ပက်ဖိုး"

ကျွန်ုပ်တို့လည်း အခြေအနေကို သည့်ထက် အဆိုးမခံနိုင်၍ ၎င်းတောင်းဆိုချက်အတိုင်း ပင်လယ်ဘီအီး နှစ်ပက်ဖိုးငွေကို မပေးချင် ပေးချင်ဖြင့် ပေးပြီး 'ဂက်ဒေါက်'လိုက်ရပါချေ၏။



www.burmeseclassic.com

www.burmeseclassic.com


"ပလာယာရေ.. "

"ဆို... အာစရိ"

"ဒီနေ့ဟာ တို့များ ဆရာတပည့်နှစ်ယောက်အဖို့ အကုသိုလ်တက်တဲ့နေ့ပဲကွယ့်။ ဟော... ပြောရင်းဆိုရင်း ခြေသံတွေကြားရပြန်ပြီ။ အမယ်လေးလေး"

မကြာလိုက်။ ကျွန်ုပ်တို့ ဂျာနယ်တိုက်ပေါ်သို့ မျက်လုံး ပေစောင်းစောင်းဖြင့် ယိုင်တိယိုင်ထိုး တက်လာသူတစ်ဦးကို အလန့်တကြားဖြင့်တွေ့လိုက်ရချေ၏။ အယ်... 'ကဗျာဆရာ တောင်စွန်းလှမ်းတောင်း'ပါ တကား။

"တစ်ယောက်တစ်နယ်စီမှာနေ... ပိတောက်နဲ့ ချယ်ရီ ပမာလေ ... ကိုယ်နဲ့ မင်းရဲ့ ဘဝလိုသာပေ"

၎တိကား အတော်ကလေး ရေချိန်ကိုက်နေပေပြီ။ ပါးစပ်မှာလည်း သွားရည်တွေက တရွဲရွဲ။ ၎င်းသည် သီချင်းဆိုပြီးသကာလ ပါးစပ်ကို လက်ဝါးနှင့်အုပ်ကာ 'အောက်အီအီး.. အွတ်'ဟု ကြက်တွန်သံကို ပြု၏။ ပါးစပ်ထောင့်စွန်းကို လက်ဝါးပြင်နှင့်ကပ်ကာ "ကွိကွိ.. ကွကွ'ဟု ခွေးပေါက်ကလေးများအသံကို အတုပြုလုပ်ပြန်၏။ ၎င်းနောက် 'တိကတောက် .. တိကတောက်'ဟူ၍ မြင်းပြေးသံကို ပြုပြန်၏။ ထို့နောက် 'ရှပ်ရှပ် .. ရှက်ရှက်... ရှပ်ရှပ်ရှက်ရှက်'ဟု မီးရထား ခုတ်မောင်းသံကို ပြုလုပ်ပြန်သေး၏။ ထိုသို့ အသံတုများ ပြုလုပ်ပြီး အားရဟန် မတူသေး။ ကွယ်လွန်သူ သရုပ်ဆောင်ကြီး ဦးသိန်းမောင်အသံကို တုပြန်ပါသေး၏။

"ဒီမှာသား၊ မိဘမေတ္တာဟာ ကြီးမားပါတယ်။ ဘယ်ကလောက် ကြီးမားသလဲဆိုရင် နှစ်ပိဿာခွဲလောက်ကို ရှိတယ်။ ဟာဟ... "

ဘာတွေမှန်းမသိ။ တစ်ယောက်တည်း သီချင်းတွေဆိုလိုက်၊ သတ္တဝါတွေ၏အသံ၊ ယာဉ်ရထားတို့၏ အသံ၊ သရုပ်ဆောင်တို့၏ အသံများကို အားရအောင် လုပ်ပြီးလေသော်...

"ကိုင်း... ကိုရွှေတောသားနဲ့ ပလာယာတို့၊ ကျုပ်ကိုလည်း စာရင်းတို့ထားပါ။ ကျုပ်လည်း စာပေလောကကို ပေါက်တတ် ကရ ကဗျာတွေရေးပြီး အိုးမဲသုတ်နေတဲ့သူပဲ ဆိုတော့ ကျုပ်သီချင်း ဆိုကိုဆိုရမယ်။ ကျုပ်သာ ဆိုလိုက်မယ်ဆိုရင် ခင်ဗျားတို့ ချေ ပထမဆုကြီးဟာ ကျုပ်ကလွဲပြီး ဘယ်သူမှ မရနိုင် တော့ဘူး။ ကျုပ်ဆိုမယ့်သီချင်းက **'စိမ်းသရဖူစိမ်း'** "


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ... ဟုတ်ပြီ။ ကျွန်တော်တို့ မှတ်ထားလိုက်ကြ ပါပြီ။ ကိုင်း... ဆရာ၊ ကြွပါတော့။ အနောက်မှာလည်း စာရင်းပေးမယ့် သူတွေ လာနေကြလို့ပါ"

သည်လိုဆိုလိုက်တော့ သူကောင့်သားလည်း မထချင်ထချင်၊ မပြန်ချင် ပြန်ချင်နှင့် ယိမ်းထိုးယိမ်းယိုင်ပြုကာ ပြန်ဆင်းသွားချေတော့ ၏။ အမှန်တကယ်လည်း စာရင်းပေးမည့်သူတွေ တက်လာကြပြီဖြစ်၏။ လား.. လား ဘယ်သူတွေများ မှတ်ပါသနည်း။ ကျားကိုးစီး စားမကုန်သော ခန္ဓာကိုယ် ကြီးအား ပိုင်ဆိုင်ထားသော စာရေးဆရာ ကျော်ဖျင်းမှိုင်နှင့် ခြေသလုံး ပလွေရိုးပိုင်ရှင် 'ဆဌဂံငါးစင်ရိုင်း'တို့ ဖြစ်ချေ၏။

ဆရာ ကျော်ဖျင်းမှိုင်က...

"မောင်ရင်တို့ ကျုပ်လည်း မဖိတ်တဲ့ပွဲတွေ တက်တက် ပြီး စာပေလောကကို အိုးမဲသုတ်နေသူဆိုတော့ မောင်ရင်တို့ ကျင်းပမယ့် ပြိုင်ပွဲမှာ အကျုံးဝင်သွားပြီ။ ဒီတော့ သီချင်းဆိုဖို့ စာရင်းလာပေးတာ"

"ဟုတ်ကဲ့။ ဆိုမယ့်သီချင်းလေး ပြောပါဆရာ"

"တစ်ဝါဆို လူပျိုကြီး"

ကျားသားမိုးကြိုး။ လာပြန်ပြီ တစ်ယောက်။ မိမိတို့ စာပေလောက၌ အာဝါဟ ဝိဝါဟ များစွာတံခွန်စိုက်ထားသူက 'တစ်ဝါဆို လူပျိုကြီး'တဲ့။ ဟီ ... ဟီ။

"ကဲ... ဟုတ်ပါပြီ။ မှတ်ထားလိုက်ပါပြီ ဆရာ"

"ဒါဖြင့် ကိုယ်ပြန်တော့မယ် မောင်ရင်တို့...

ကိုယ် ဒီညနေ စခန်းသာမှာ ဆရာဆင်ကြီးတို့နဲ့ ချိန်းထား တာရှိတယ်။ အဲဒီမှာ 'ကလောင်ညစ်'က မောင်မောင်ရိတ်ခွင်တို့၊ 'မြတ်ပန်းဇလုံ'က အောင်ကျော်မှူးတို့၊ ဆင်ဖြူကျွန်း ဆရာ စိမ်းတို့နဲ့ ဆုံမယ်။ အဲဒီ ဆရာတွေကလည်း ကာရာအိုကေပိုးတွေ။ သူတို့ ပြိုင်ချင်ပြိုင်နိုင်ကြအောင် အချိန်မီ စာရင်းပေးဖို့ ကိုယ်သတင်း ပေးလိုက်မယ်"

ကျေးဇူးရှင်က သူတစ်ယောက်တည်း ကဲဖို့ အားမရနိုင်သေး။ သေဖော်ညှိဖို့ပင် အဖော်ဆွယ်နေခဲ့ပြီကော။ တုံ့နှေး တုံ့နှေးနှင့် သူကောင့် သားကြီး ပြန်ထွက်သွားတော့ နေရာတကာ ဟိုစပ်စပ် သည်စပ်စပ် ပါပါ လွန်းနိုင်သော ဆဌဂံငါးစင်ရိုင်းက စာရင်းပေးပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com


"ကျုပ်တစ်ယောက်တည်း မဟုတ်ဘူးနော်။ ကျုပ်ဆရာ မောင်တေမိနဲ့ ကျုပ်ဘော်ဒါ ပန်းခွေလှိုင်တို့အတွက်လည်း သီချင်းစာရင်းတွေ ပါလာတယ်"

မိကျောင်းသားသေ၍ ဝင်စားလေသလောမသိ။ အရပ်ရှည်သလောက် စကားကြော အင်မတန်ရှည်လှစွာသော ဆဋ္ဌဂံငါးစင်ရှိန်းဝေဒကား။

"ကျုပ်ဆိုမယ့်သီချင်းက မကျေနပ်ရင် အသေသတ်"

သူပေးသည့် ခေါင်းစဉ်အရ ခုပင် ၎င်းအား ကျွန်ုပ်တို့ ဆရာတပည့်နှစ်ယောက်လုံး ထသတ်ချင်စိတ်တွေ တဖွားဖွား ပေါ်ပေါက်မိကြ၏။

"ကျုပ်ဆရာ မောင်တေမိဆိုမယ့် သီချင်းက 'အေးသာရေကောက်ရိုးပုံဟော့'တဲ့"

ဆိုမည့်သီချင်းနှင့် အကျင့်ကလည်း လိုက်လည်း လိုက်ဖက်လှ ပါပေ၏။

"အဲ ... ကျုပ်ဘော်ဒါ ပန်းခွေလှိုင် ပေးလိုက်တဲ့ သီချင်းခေါင်းစဉ်က 'ငါမင်းကို သတ်ချင်တယ်' တဲ့"

သီချင်းတွေကတော့ ဖလားမှ ဖလား။ တကယ့်ကို အပျံစား။ တကယ့်တကယ် စင်ပေါ်တက်လျှင် မည်သို့နေလေမည်မသိ။ စတိတ်စင် ကားလေးတိုင်စင်ဟူ၍တော့ စွပ်ပရားက ပြောထားခဲ့ဖူးသည်။

"ကိုင်း... စာရင်းပေးပြီးပြီနော်။ ကျုပ်ပြန်မယ်"

သူကောင့်သား ပြန်သွားသည့်သမယ ကျွန်ုပ်တို့ ဆရာတပည့် လည်း အလုပ်ကို မြန်မြန်ဖြတ်လိုက်ကြရချေ၏။ သို့မဟုတ်ပါက ထပ်မံ ရောက်ရှိလာဦးမည့် ကကျိုးကကြောင်များကြောင့် ဖတ်ဖတ်မောရလေမည် မဟုတ်ပါလား။


www.burmeseclassic.com

www.burmeseclassic.com


# ကာရာဒိုကော

## နှောက်ဆက်တွဲ

## [၁]


www.burmeseclassic.com

www.burmeseclassic.com



**ထုတ်ဝေသူ** ဖိုင်နှင်ဆာ စွပ်ပရား၏ အိမ်ရှေ့ရေ မြောင်းစပ်။ အဲသည်ရေမြောင်းထဲမှာတော့ ခွေးသေကောင်ပုပ် တစ်ကောင် သည် ယင်တလှောင်းလှောင်း၊ အနံ့တထောင်းထောင်း။ လေသိမ်းတိုင်းပင် နံ့ဟောင်လှချေသည်တကား။ အဲသည် ရေမြောင်းစပ်ကို မီလျက်လေး တိုင်စင်တစ်ခုကို ယိုင်ယိုင်နဲ့နဲ့ ဆောက်လုပ်ထား၏။ ထိုစင်ကား "မဖြစ် ညစ်ကျယ်ဂျာနယ် စောင်ရေ ရာပြည့်အထိမ်းအမှတ် စာနယ်ဇင်း ကာရာအို ကေ အဆိုပြိုင်ပွဲကြီး" ကျင်းပရန် ဆောက်လုပ်ထားခြင်း ဖြစ်၏။ စင်၏ ရှေ့မှာတော့ မွဲခြောက်ခြောက် အုန်းသီးတစ်လုံးအား ပိန်ရှုံ့ရှုံ့ ငှက်ပျောသီး များ ဝန်းရံထားသည့် ကန်တော့ပွဲတစ်ပွဲ ရှိ၏။ စင်ပေါ်တွင်မူ ကာရာအိုကေ စက်အစုတ်များက အစီအရီ။

မကြာမတင်ကာလအတွင်း ကာရာအိုကေအဆိုပြိုင်ပွဲကြီး စတင် တော့မည်မို့ ပြိုင်ပွဲဝင်မည့် စာနယ်ဇင်းဆရာတော်တော်များများသည် စွပ်ပရား၏ မီးသွေးရုံကြီးထဲသို့ ရောက်ရှိနေကြလေ၏။ ရောက်ရှိလာသူ အပေါင်းကို ထိုလေသေးမရှိ ဧည့်ခံနိုင်ရန် အလို့ငှာ ကျွန်ုပ်ကိုရွှေတောသားနှင့် တပည့် ဒလာယာတို့အား တာဝန်ပေးထားသည်မို့ ကျွန်ုပ်တို့ ဆရာတပည့်လည်း ဒင်ပြတ်တိုင်ကီအတွင်းမှ ထမင်းကြမ်းခဲ ရေစိမ်အား ဒန် ပန်းကန်ပိန်ပိန် လေးများအတွင်းသို့ ခပ်ထည့်ပေးရ၏။ ပန်းကန်နှုတ်ခမ်းဝယ် ဆားတစ်ဖွန့်စီ ပုံပေးရ၏။ ကုလားအော်ရှုတ်သီး တစ်တောင့်စီထည့်ပေးရ၏။ စားသောက် ကြသူတို့ကား တကယ့်ကို မြိန်ရေရှက်ရေ။ ပြိုင်ပွဲဝင်ရန် မဟုတ်သော်ငြား သတင်းရယူရန် ရောက်ရှိလာသော 'ခန္တီစ မြင်ကွင်းဂျာနယ်'မှ ဆရာ မောင်ငြိမ်းတူ(မှိုပင်ကောက်)သည် ရောက်လျှင် ရောက်ချင်း ဆောဒါနှင့်ထွင်း ဆိုသကဲ့သို့ ရေစိမ်ထမင်းကြမ်းခဲအား တရှုတ်ရှုတ်ဖြင့် သွပ်၏ ကုလားအော်



www.burmeseclassic.com

www.burmeseclassic.com



ရှေတ်သီးတောင့်အား ပုဖွန့်တုပ်ကြီး အမှတ် ဖြင့် ပုံထားသော. ဆားကလေးအား တို့ကာတို့ကာဖြင့် အားပါးတရ တွယ်နေသည့် မြင်ကွင်းကိုကြည့်လျက် စွပ်ပရားခမျာ အားရဝမ်းသာဖြစ်နေရ ရှာလေ၏။ ၎င်းသည် ဝမ်းသာခြင်းအတွက် စိတ်အာရုံထဲမှာ မမျှိုသိပ်နိုင်ရကား ကျွန်ုပ်တို့ ဆရာတပည့် ကြားအောင် မဆလာနံ့ လိမ်းကျံခြယ်သထားသည့် စကားသံဖြင့် ထုတ်ဖော်ပြောကြား ပါလေ၏။

"ဆရာ့ဆရာတွေ မြိန်ရေရှက်ရေ စားကြသောက်ကြတာကို မြင်ရတာ သိပ်ကို ပီတိဖြစ်လိုက်တာဗျာ။ ကျုပ်က 'ပုဗ္ဗ၊ မုဥ္စ၊ ပရ'ဆိုတဲ့ စေတနာသုံးတန်ကို ပြဋ္ဌာန်းပြီး ပြတ်သားတဲ့စေတနာနဲ့ လှူနေ တာခင်ဗျ... လှူနေတာ။ ဤကဲ့သို့ အလှူဒါန ပြုရသည့်အတွက် ကျွန်ုပ်အဖို့ ဘဝဆက်တိုင်းဆက်တိုင်း စုတ်ကော လာဘ်ပါ ဝင်လိုပါ၏ ဘုရား"

ကျွန်ုပ်ကိုရွှေတောသားနှင့် တပည့်ကျော် ပလာယာတို့သည် ၎င်း၏ လေကြောင်းရန်မှ လွတ်ရန်အလို့ငှာ ခပ်ရှောင်ရှောင် နေသည့်အခိုက် စွပ်ပရားနှင့် သူတော်ချင်းချင်း သတင်းလွေ့လွေ့ ဖြစ်သော ဘူးသီးပုံ ဂျာနယ်ထုတ်ဝေသူ အိစ်ကွားလား ရောက်လာလေ၏။ သည်တော့မှပင် ကျွန်ုပ်တို့လည်း ၎င်း၏ လေကြောင်းရန်မှ ကင်းလွတ်ပါတော့၏။

"ဟော... ဟိုမှာ ပြိုင်ပွဲဝင်ကြမယ့် စာနယ်ဇင်းသမားတွေ တဖွဲဖွဲ ဆိုသလို လာနေကြပြီ အာစရိ၊ တပည့်တို့တော့ နားငရဲ ကျတော့မှာပဲ"

"ဝင်္ဂရှိလို့သာ ခံရတယ်လို့ သဘောထားလိုက်ပါ တပည့်ရာ။ ကိုင်း... မင်းက ကျွေးမွေးရေးကို ဂရုစိုက်၊ ငါက ကြိုဆိုရေးနဲ့ နေရာချထားရေးအတွက် လုံးပမ်းလိုက်ဦးမယ်။ ဒါထက် မီးဖိုချောင် ထဲက စားဖိုမှူး 'ဂျော့ခွန်းထစ်ဝေါမင်း'ကော သွက်သွက်လက်လက် ထမင်းကြမ်းခဲတွေကို ရေစိမ်ပေးနိုင်ရဲ့လား"

"အဲဒီအတွက်တော့ စိတ်ချရတယ် အာစရိ။ သူ့မိန်းမ မြင့်မြင့်ရီကပါ ကလေးခါးထစ်ခွင်ရင်း လာကူပေးရှာတယ်"

"နောက်ပြီး ပန်းကန်ဆေးဖို့ ခေါ်ထားတဲ့ ဆိုက်ကားဆရာ ငပိန်ညွန့်လွင်ကော တိုက်တာချွတ်တာ၊ ဆေးတာကြောတာ အဆင်ပြေရဲ့လား"

"အဲဒီလူလား အာစရိ။ တံမြက်လှည်းတာ၊ ပန်းကန်ဆေး



www.burmeseclassic.com

www.burmeseclassic.com



ကြောတာ တော်ရှာပါပေတယ်။ ဒါပေမဲ့ ခုနကပဲ အမြှုပ်တစီစီ နဲ့ တက်နေလို့ ပိုင်းနှာနှပ်ပေးထားရသေးတယ်။ ခုတော့ ကောင်း သွားလို့ ပန်းကန်တွေ လျက် ... အဲ ... ယောင်လို့ ပန်းကန် တွေ ဆေးကြောနေပါပြီ''

''ကောင်းပါလေ့ကွယ်။ ပိုင်းသိမ်းရင်ဖြင့် သူတို့ကို ဘောက် ဆူးရော၊ ဂေါက်ဆူးရော ချပေးဖို့ စွပ်ပရားကို ပြောရမှာပဲ''

ကျွန်ုပ်ကိုရွှေတောသားသည် ဂျာအေအိတ်ဗားအင်းဆိုပြိုင်ပွဲကို ဆင်နွှဲရန် လာကြသူများကို အကဲခတ်လိုက်၏။ တော်တော်များများသည် ယိမ်းယိမ်းယိုင်ယိုင်။ တစ်နေရာမှာရဲဈေးတွင်လာကြသည်မှာ သေချာ၏။ မောင်ပွေကြီး(ကတောင်း)သည်လျှမ် မြှောင်းစိပ်၍ ထိုးအိပ်နေ၏။ သူ့တပည့်လား၊ သူ့ဆရာလား မသိရသော တောင်ဆန်းလုမ်းတောင်းက ဆင်တစ်ဖက် ကျွဲတစ်ဖက် ဖိနပ်နောက်မြီးပြတ်ကို ခါးကြားတွင် ထိုးလျက် မောင်ပွေကြီး(ကတောင်း)၏ ကျောကို နှိပ်ပေး၏။ တစ်ခါတစ်ခါ နောက်စေ့ ပြောင်ပြောင်ကို လက်ဝါးစောင်းပေးနေ၏။

ကျော်ဗျင်းမှိုင်ကမူ ရှပ်မပျက်။ အားလုံးကို သူ့ဗလဖြင့် အမှုန့် ချေပစ်မည့်ဟန် ရှူးသိုးသိုးကြီး လုပ်နေ၏။ ထိုသို့ လုပ်နေရင်းမှ...

''တောက်... ဒီကောင်တွေကွာ။ အရက်ကို စည်းနဲ့ကမ်းနဲ့ မသောက် ကြဘူး''ဟု ဆရာကြီးလုပ်၏။ ထိုစကားကို ကြားသွားလေသော မောင်ပွေကြီး (ကတောင်း)က တဝေါ့ဝေါ့ အန်နေရာမှ ခေါင်းကိုငုံ့စောင်းလျက် နှပ်ကို တရှုံ့ရှုံ့ ညှစ်ရင်း...

''အေး ... ငါတို့က အရက်ကို စည်းနဲ့ ကမ်းနဲ့ မသောက် ကြဘူးပဲ ထားလိုက်ပါတော့ မင်းကကော အရက်ကို စည်းနဲ့ကမ်းနဲ့ သောက်လို့လား။ ထို့ ... အလကားရတိုင်း သောက်ချင်နေတဲ့ သူကများ။ ဝါးဟားဟားဟား... ရယ်ချင်လိုက်တာ ဖတ်ဖတ်မော ရင်ဘတ်နောက်ကကျော''

ဟု ပြန်ပက်၏။ ထိုသို့ ငြင်းခုံနေကြသည့်အခိုက် ဆိုက်ကား တစ်စီး ထိုးဝင်လာ၏။ ဆိုက်ကားပေါ်မှာတော့ မောင်စွင့်ကား(ဘိုကလေး) နှင့် သူ့ဆရာ ကဗျာဆရာ ကြံပြား(စလေ)။

''ဆင်းလေ ဆရာ။ ရောက်ပြီခင်ဗျ''

''ကျုပ် ဆင်းပြီးနေပါပြီဗျာ။ ခင်ဗျားသာ မဆင်းရသေးတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုစွင့်ကားရဲ့"

"အဟဲ... စိတ်မရှိပါနဲ့ဆရာ။ လီမစ် မပြည့်သေးလို့ပါ"

ထိုစဉ်မှာပင် အမိဝမ်းတွင်းမှာပင် တပ်လာခဲ့ဟန်တူသော ဘူးသီးပုံမောင်တေမိကို မျက်မှန်နက်ကြီးနှင့် ဘွားခနဲ တွေ့လိုက်ရလေ၏။ ၎င်း၏နောက်မှာတော့ ၎င်းမွေးမြူထားသော တပည့်ကျော်နှစ်ဦးဖြစ်သည့် မျက်လုံးစောင်းစောင်းနှင့် ပန်းခွေလိုင်၊ ခြေသလုံးပလွေရိုးရှင် ဆဋ္ဌဂံငါးစင် ရှိုင်းတို့ကိုကိုယ်ရောင်ကိုယ်ဝါ မွဲခြောက်စွာဖြင့် တွေ့လိုက်ရလေ၏။ သူတို့ ဆရာတပည့်နှစ်ယောက်အား ထိမထင်သော မျက်နှာပေးများဖြင့် ရှုတည်တည်ကြည့်နေကြလေ၏။ ဘာပဲဖြစ်ဖြစ် ဤပွဲသည် ကျွန်ုပ်တို့ မဖြစ်ညစ်ကျယ်ဂျာနယ်မှကမကထပြုလုပ်သောပွဲ ဖြစ်လေရကား အစစအရာရာ အောင့်အည်းသည်းခံရတော့မည် ဖြစ်၏။ မဖြစ်ညစ်ကျယ်၏ ဖိုင်နင်ဆာ စွပ်ပရားအား ၎င်း၏နက်မှောင်နေသော မျက်နှာကို ကျွန်ုပ်တို့ မှိုးမဲသုတ်ဖို့ရာ စိတ်ပင် မကူးခဲ့ပါချေ။ ပလာယာသည် သံကောက်စွဲနေသော်ငြား အပေါ်ယံကမူ ပျားရည်ရွှဲလျက်ရှိသောမျက်နှာဖြင့် ရှေ့မျက်နှာ နောက်ထားကာ ပျူပျူငှာငှာ ညွှဲ့ဝတ်စကား ဆိုရှာ၏။

"ကိုင်း... ဆရာတို့။ ပြိုင်ပွဲမစခင် ခုသာ ခံသာရှိသွားအောင် ထမင်းကြမ်းခဲ ရေစိမ်ကို မြိန်ရေရှက်ရေ အပင်းဆို့. အဲ... အဲ့. သုံးဆောင်ကြဖို့ ကြွပါခင်ဗျာ"

သည်စကား ကြားရတော့ ဆဋ္ဌဂံငါးစင်ရှိုင်း၏ မျက်နှာသည် အရောင်ဝင်းလက်သွားလေ၏။ ပြီးတော့ သူ့အာစရိနှင့် သူ့ဘော်ဒါတို့ အားလက်တို့လိုက်လေ၏။

"ဟား... ဂွဒ်တယ်ဟေ့။ ဒါ သိပ်ဂွဒ်တဲ့ ပရိုဂရမ်တစ်ခုပဲ။ တစ်နေကုန် အရက်နာကျနေတာ။ ထမင်းကြမ်းခဲ ရေစိမ်နဲ့ဆိုတော့ တကယ့်ကို ရှယ်ဖီးလ်ပဲ။ စားမယ် အာစရိ... စားကြ မယ်"

ထိုသို့ဆိုသဖြင့် ပလာယာလည်း ၎င်းတို့သုံးယောက်အား မချစ်သော်လည်း အောင့်ကာနမ်းလျက် မီးသွေးရုံအတွင်းသို့ ခေါ်ဆောင်သွားလေတော့၏။ ၎င်းတို့ အထဲဝင်သွားပြီး သိပ်မကြာခင် 'ဝါစာကမာဂျာနယ်'မှ ရွှတ်ခန်(ကလကတားဆောင်)အားလည်းကောင်း၊ 'မပိန်ရင်ဝဂျာနယ်'မှ ဝတူးဆာမိ(ဆီးသကြား)အားလည်းကောင်း၊ ဆောင်းပါးရှင် ဘူဗိုအားလည်းကောင်း၊ 'မလိုင်နှစ်'မဂ္ဂဇင်းဖြင့် နာမည်ကျော်ခဲ့သော 'ကြောင်မိုးသူ'ကိုလည်းကောင်း၊ စာနယ်ဇင်း သရုပ်ဖော်ပန်းချီဆရာ ဗိုဗိုလွင်အား



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ မောင်ပွေကြီး(ကတောင်း)နှင့် 'နှစ်ကိုယ်တူ ချစ်သမျှ' တေးသွားအား စုံတွဲသီဆိုပေးမည့်သူ ဆရာမ မေပြောင်ဝင်းအားလည်း ကောင်း တွေ့လိုက်ရရုံမက အကဲဖြတ် ဒိုင်လူကြီးများ လုပ်ကြမည့် အော့ကြောလန် ကိုပွကြီး၊ မာမီစိန်၊ ကာရိုက်တာဦးခွင်ကျော်၊ တူတံစဉ် တေးထုတ်လုပ်ရေးမှ ဦးဘလိတ်ဓား၊ နိုင်ငံကျော် စာဆိုတေးရှင် မယ်ဒလင် တုတ်ကြီးတို့ကိုလည်း ဝွန်ဒေါင်းတစ်စီးနှင့် ပေါက်ချလာသည်ကို တွေ့လိုက် ရလေ၏။

သို့ဖြင့် အချိန်တွေ တရွေ့ရွေ့ လွန်မြောက်လာသည့်သမယ ကျွန်ုပ်တို့လည်း ဒိုင်လူကြီးများ ထိုင်ရမည့်နေရာကို ရေမြှုပ်ငါးစပ်နှင့် မနီးမဝေးရှိ ကောက်ရိုးအခင်းများပေါ်၌လည်းကောင်း၊ ပါဝင်သီဆို ပြိုင်ပွဲဝင်ကြမည့် သူများကို ပတ်ကြားအက်နေသော မြေပြင်ပေါ်၌လည်း ကောင်း၊ လေ့လာသူ၊ သတင်းယူသူများကို ထိုင်ချင်ရာထိုင်၊ လျှောက် သွားချင်ရာ လျှောက်သွားဟူ၍ စီစဉ်ထားပေ၏။

"အာစရိရေ..."

"ဘာများတုံး ပလာယာရဲ"

"အကဲဖြတ်ဒိုင်တွေရှေ့မှာ ဟာလာဟင်းလင်းနဲ့ တစ်ခုခု တော့ ချပေးမှ ကောင်းလိမ့်မယ် ထင်တယ်"

"မင့်သဘောပဲလေ။ စွပ်ပရားကို ပြောပြီး စီစဉ်ပေါ့"

ခဏ မကြာလိုက်။ ပလာယာ၏ စီစဉ်မှုဖြင့် ဒိုင်လူကြီးများ၏ ရှေ့၌ သောက်ရေအိုးများ၊ ထမင်းခြောက်ကြော်များ ရောက်ရှိလာလေတော့၏။ သို့စဉ်ကြိုက် အခမ်းအနားမှူး ဖြစ်သူ မောင်မောင်ခါင်ပွင့် (ဝရော)၏ အသံသည် ဆောင်းဘောက်မှ ပေါ်ထွက်လာ၏။

"ဟာလို... တက်စ်တီ တက်စ်တီ.. ဝမ်း တူး သရီး ဖိုး ဖိုက် ငါး။ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံခသြောင်းတဲ့ ညကလေး တစ်ညပါ ခင်ဗျား။

ဒီကနေ့ည ကျင်းပပြုလုပ်မယ့် ပွဲကလေးဆိုတာ အင်မတန် အင်မတန်ကို ကျက်သရေရှိလှတဲ့ ပွဲကလေးပဲ ဖြစ်ပါတယ်။ ဘာလို့လဲဆို မဖြစ်ညစ်ကျယ်ဂျာနယ်ကလေးဟာ ရှုံးတစ်ခါ၊ ပြုတ်တစ်လှည့်၊



www.burmeseclassic.com

www.burmeseclassic.com



မွဲတစ်လီနဲ့ အပတ်စဉ် ပေဒါပျံ အံ့ကိုခဲပြီး ချီတက်လာလိုက်တာ ဟော… စောင်ရေအမှတ်စဉ် ရာပြည့်တောင် ရောက်ပြီဆိုတော့ နည်းနည်းနော‌နော အရည်အသွေးမှ မဟုတ်ပါကလားဗျာ။

အဲဒီ အထိမ်းအမှတ်အဖြစ် 'ဖိုးဆိုချင်' 'မယ်ဆိုချင်'တွေကို ထင်ပေါ်ရင် စင်တော်က ကောက်ရလေအောင် ဖင်တွန်းတင်ပေးတယ်ဆိုတော့ ထုတ်ဝေသူ ဆရာမိုးမြင့်အာကာယံခေါ် ကိုစွပ်ပရားကို ကွန်ကရက်ကျူးလေးရှင်း လုပ်ရပါလိမ့်မယ်။ ဟုတ်တယ်ဟုတ်။ ဒီပွဲမှာ အကဲဖြတ်ဒိုင်လူကြီးများအဖြစ် စာနယ်ဇင်းလောက၊ ဂီတလောကရဲ့ အော့ကြောလန်တွေက သမာသမတ်ရှိရှိ လုပ်ပေးကြပါလိမ့်မယ်။

အခမ်းအနားမှူး.. အဲ… အစီအစဉ် ကြေညာတဲ့သူကတော့ ပြောင်ပြောင်ကြောင်ဝင့်ပြီး ဘယ်တော့မှ မမောတဲ့ ဟုတ်ကဲ့၊ ကျွန်တော် မောင်မောင်ခေါင်ပွင့်(ဝရော)ပဲ ဖြစ်ပါတယ်ခင်ဗျား။

အခုအချိန်ကစပြီး 'မဖြစ်ညစ်ကျယ်ဂျာနယ်' စောင်ရေ အမှတ်စဉ် ရာပြည့်အထိမ်းအမှတ် စာနယ်ဇင်းကာရာအိုကေ ပြိုင်ပွဲကြီး စတင်ကျင်းပပြီ ဖြစ်တဲ့အတွက် ပထမဦးဆုံး ပြိုင်ပွဲဝင်ဖို့ အလှည့်ကျသူကတော့ ကဗျာဆရာ ကြံပြား(စလေ) ဖြစ်ပါတယ်။ သူ သီဆိုပြိုင်ပွဲဝင်မယ့် သီချင်းကတော့ 'ယောင်ပေစူး' သီချင်း ဖြစ်ပါတယ်ခင်ဗျား"

"ရှီး… ဖြောင်း… ဖြောင်း.. ဖြောင်း.. ခွပ်.. ပလပ်"

ကွင်းစပ်တစ်ခုလုံး လက်ခေါက်မှုတ်သံတွေ၊ လက်ခုပ်တီးသံတွေ၊ လက်သီးဆုပ်နှင့် လက်ဝါးပြင် ထိခတ်သံတွေ အတောမသတ် ထွက်လာပြီးသည့် သမယ လေးတိုင်စင်ပေါ်သို့ ကဗျာဆရာ မောင်ကြံပြား(စလေ) တက်လာပြီး မိုက်ကိုကိုင်ကာ ပရိသတ်ကို ဦးညွတ်လိုက်ချေ၏။ ဤတွင် တီးလုံးသံများ မြိုင်ဆိုင်မြူးကြွစွာ ထွက်ပေါ်လာလေတော့၏။

"ဒိုး.. ငယ်ငယ်ဒုံးဝယ်… ယောင်ပေရှူးဂလေးတွေနဲ့ ရယ် … ပက်ဆိုးကို ဇလွယ်သိုင်း.. ရှာပိုင်းပတ်လည်… ပြေးလွှား ဆော့ဂစားဒယ်… သငယ်ဂျင်း အပေါင်းအဘော်များရယ်… ကောက်ရိုးပုံတွေဂျား… တူပုန်းဂစားကြဒယ်… "

တီးလုံးသံက မြူးကြွမြိုင်ဆိုင်လှသလို ပြိုင်ပွဲဝင်ဆ[illegible]သမားကလည်း



www.burmeseclassic.com

www.burmeseclassic.com


ဘယ့်ကလောက်တောင်မှ ပွဲမဝင်ခင် အပြင်က လေ့ကျင့်လာခဲ့သည် မသိ။ ဟဲနေလိုက်သည်က တကယ့်ကို အပီ။ ပရိသတ်ပင်လျှင် ငြိမ်ကျ သွားသည်အထိ ဆွဲဆောင်နိုင်လွန်းပါဘိ။

"ဟုတ်ကဲ့ .. ဆရာကြဲပြား(စလေ)ခုလို အားပါးတရ ပြိုင်ပွဲ ဝင်သွားတာ ကျေးဇူးတင်ပါတယ်ခင်ဗျ။

ပြိုင်ပွဲက ချလာမယ့် ဆုကြီးကိုလည်း ရပါစေလို့ ဆုတောင်း ပေးလိုက်ပါတယ်ခင်ဗျ။ အဲ .. အဲ ... အဆိုကောင်း အဟဲ ကောင်းတဲ့ ဆရာကြဲပြားကို ထုတ်ဝေသူ ဆရာစွပ်ပရားရဲ့ ဇနီး အမိန္ဒာအမန်းက ကြားဖြတ်ဆုတစ်ခု ချီးမြှင့်လာပါတယ်။ အဲဒါကို လက်ခံယူ စေချင်ပါတယ် ခင်ဗျား"

"ရှိုး... ဖြောင်း... ဖြောင်း... ဖြောင်း... ခွပ်... ပလပ်"

"ဆရာမောင်စွင့်ကား(ဘိုကလေး) ခင်ဗျား။ ပရိသတ်ကို လေးစားတဲ့အနေနဲ့ ဆရာဆောင်းထားတဲ့ ဦးထုပ်ကို ချွတ်ပေး ပါခင်ဗျား"

"ဘာ ... ဘာပြောတယ်။ ဦးထုပ်ချွတ်ရမယ် ဟုတ်လား။ မချွတ်ဘူး ... ချွတ်ကို မချွတ်ဘူး။ မောင်စွင့်ကားဆိုတာ ဘို ကလေးမှာ မီးသွေးဖုတ်ခဲ့တုန်းကလည်း ဦးထုပ်စွပ်လျက်ပဲ။ ရန်ကုန်တက်လာတော့လည်း ဦးထုပ်စွပ်လျက်ပဲ။ အိပ်တာတောင် မချွတ်ဘဲ စွပ်ထားတာ ဘာမှတ်သလဲ။ ကျုပ် ဦးထုပ်ချွတ်လိုက်ရင် ခေါင်းထဲက ကျလာမယ့် သန်းတွေ၊ ဗောက်တွေဟာ ဆက်ဒမ် ဟူစိန်ရဲ့ ဓာတုလက်နက်၊ ပိုးမွှားလက်နက်ထက် ဆိုးသွားမယ်။ ဘာမှတ်သလဲ... ဟွန်း"

"ဒါ... ဒါဆိုလည်း မချွတ်ပါနဲ့တော့ခင်ဗျာ။ ကိုင်း.. ပြိုင်ပွဲ ဝင်ပါတော့"

"အေး... ကောင်းပြီ"

သည်ခဏမှာပင် ဆောင်းဘောက်မှ တေးသံနုနုလှလှများ ပေါ် ထွက်လာလေ၏။ ဆရာမောင်စွင့်ကား(ဘိုကလေး)လည်း လက်ထဲရှိ ဗုံတ် ကို ရေခဲမုန့်အလား လျှာဖျားလေးဖြင့် ပရိသတ် မရိပ်မိအောင် လေသော လျက်ရင်း အပီအပြင် ဟဲပါလေတော့၏။

"ညို .. ရောင် .. မှိုင်း .. ဟိုင်းဟိုင်း ... ဟိုဟို ...


www.burmeseclassic.com

www.burmeseclassic.com



မိုးတိမ်ယံယံက ဆိုင်း... ဆိုင်းရက်လေပြီ... သက်ထား... ဟား.. ဟား... ဘယ်သောခါများ... ဟားဟား... နီးရပါမည်"

ဆိုပုံဆိုပေါက်က တကယ့်ခေတ်ဆွေး အဆိုတော်ကြီးများနှင့် မခြား အရှိက်အငင်တွေ အပဟဲအပြုတွေက ပရိသတ်ကို မည်မျှမြှင့်မည်မျှ ဆွဲဆောင် လေသည်မသိ။ အကဲဖြတ်အဖွဲ့ဝင်တစ်ဦးဆိုလျှင် သောက်ရေအိုးပေါ် ခေါင်းတင်လျက် တခေါ်ခေါ် တခူးခူး ဖြစ်နေလေတော့၏။ မကြာခင်မှာပင်

"ဆုတောင်းလိုက်ပါသည်... တောင်းတဲ့ဆုနဲ့.. ပြည့်ဝ ပါရစီ"

ဟု အနားသတ်လိုက်လေသော် ပရိသတ်ထံမှ "ရှိး.. ဖြောင်း.. ဖြောင်း... ဖြောင်း.. ခွပ်.. ပလပ်"ဆိုသည့် ဩဘာသံများ ထွက်ပေါ် လာလေတော့၏။

"ဟုတ်ကဲ့ ခင်ဗျာ။ ခုလိုမျိုး အားပါးတရ သံစဉ်ပိုင်ပိုင်၊ အသံနိုင်နိုင်နဲ့ ပြိုင်ပွဲဝင်သွားတဲ့ ဆရာမောင်စွင့်ကား(ဘိုကလေး) ကို သန်လျင်ကနေ တကူးတက လာရောက်အားပေးတဲ့ တေး ပြုစာဆို တက်လူမော်ဆိုတဲ့ ပုဂ္ဂိုလ်က ဆုတစ်ဆုချပါတယ် ခင်ဗျာ။ ဆုကတော့ နမ်းလုံးကြိုင်မြစ် ဖြစ်ပါတယ်"

"ရှိး.. ဖြောင်း.. ဖြောင်း.. ဖြောင်း... ခွပ်... ပလပ်"

ဆရာမောင်စွင့်ကား(ဘိုကလေး)လည်း နမ်းလုံးကြိုင်မြစ်ကို အား ပါးတရ လက်ခံရယူကာ စင်ပေါ်မှ ချွတ်နင်းသံဖြင့် ဆင်းသွားလေတော့၏။

"ခုတစ်ခါ အလှည့်ကျသူကတော့ ဆရာမောင်ပွေကြီး (ကတောင်း)ပဲ ဖြစ်ပါတယ်။ သူက တစ်ယောက်တည်းဆိုမှာ မဟုတ်ဘူးခင်ဗျ။ ဆရာမ မေပြောင်ဝင်းနဲ့ တွဲဖက်ပြီး သီဆို ပြိုင်ပွဲဝင်မှာပါ။ သီချင်းရဲ့ အမည်က 'နှစ်ကိုယ်တူ ချစ်သမျှ' တဲ့။

ဆရာမောင်ပွေကြီး(ကတောင်း)နဲ့ ဆရာမ မေပြောင်ဝင်းတို့ စင်ပေါ်တက်ခဲ့ဖို့ ဖိတ်ခေါ်ပါတယ် ခင်ဗျား"

"ရှိး... ဖြောင်း... ဖြောင်း... ဖြောင်း... ခွပ်... ပလပ်"

ဆရာမ မေပြောင်ဝင်းက စင်ပေါ်သို့ ဦးစွာ တက်လာ၏။ ဆရာ မောင်ပွေကြီး(ကတောင်း)မှာမူ ရုတ်တရက် တက်မလာသေး။ သည့်အတွက် သူကောင့်သားရှိသည့်နေရာကို တတ်မီးတန်းများ ကျလာလေ၏။ သူကောင့် သားကား အမူးလွန်၍ ဖိနပ်ကို ခုကာ တခေါ်ခေါ် ဟောက် နေပါချေပြီး ၍တွင် သူ့ဆရာလားလား၊ တပည့်လား ခွဲခြားရခက်သည့် တောင်စွန်း



www.burmeseclassic.com

www.burmeseclassic.com



ဘုမ်းတောင်းက ရေတစ်ခွက်ခပ်လာကာ ၎င်း၏ မျက်နှာသို့ လောင်းချလိုက်လေ၏။

"ဘယ်ဒူလဲကွ။ ဘာလုပ်ဒါလဲ။ တောက် ... မင်းတို့ ရာဘင်ဖြာနတ်တကိုး ဆိုတာ သိလား"

"သိပါတယ်။ သိပါတယ်ဗျာ"

"အေး... မင်းမဆိုးဘူး။ ဒါထက် ချက်ကော့နဲ့ မိုပါဆွန်း ကောဘာတော်သလဲ"

"နမပေး ယောက်ဖ တော်ပါတယ်'"

"ဟုတ်ပြီ... ဂွဒ်တယ်။ ဒီလိုမျိုး ကားရင့် ဖြစ်နေရမယ်"

"ကားရင့်ကို အသာထား။ ဟိုမှာ သီချင်းဆိုဖို့ ခင်ဗျား အလှည့်ရောက်နေပြီ ကိုပွေကြီး။ စုံတွဲဆိုရမှာ မပြောင်ဝင်းနဲ့"

"ဟော ... ဟုတ် ဟုတ်လား။ ဒါ .. ဒါဆို ငါသွားမယ်။ အနံ့ဖတ်ပေတာတွေ သုတ်ပေးဦး။ ပုဆိုးကိုလည်း ပြင်ဝတ်ပေးဦး"

"စိတ်ချ.. ပုဆိုးခိုင်သွားအောင် ဗိနန်ကြိုးနဲ့ နှစ်ခေါက်လောက်ပတ်ချည်ပေးလိုက်မယ်"

"အိုကေ... ဟင်း.. ဟင်း.. ဟင်း။ မင်းတို့အားလုံး ငါ့ဂီတမှာ မျောနစ်သွားရမယ်။ ခု ငါ့ကို ဂီတနက်သန်ကိုစော ညိန်းရဲ့ မာတ်တွေ စီးနေတယ်။ ကိုင်း... ငါ့ကိုတွဲ၊ စင်ပေါ် တက်မယ်"

သို့ဆိုလေရာ တပည့်လား၊ ဆရာလား ခွဲခြားရခက်သော တောင်စွန်း ဘုမ်းတောင်းလည်း မောင်ပွေကြီး(ကတောင်း)၏ ကုပ်ကိုဆွဲလျက် စင်အစပ်သို့ ပို့ဆောင်ပေးပြီးသကာလ စင်ပေါ်သို့ ရောက်အောင် တွန်းတင်ပေးလိုက်ရာ မောင်ပွေးကြီး(ကတောင်းခမျာ) ဟန်ချက်မမိတော့ဘဲ စင်ပေါ်သို့ သုံးလေးပတ်မျှ သိမ့်သွားပြီးသကာလ စုံတွဲဆိုရန် ရပ်နေသော ဆရာမ မပြောင်ဝင်း၏ အဘိအနားစသို့ ရောက်ရှိသွားလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



# ပြိုင်

## ချင်တိုင်းလည်း

# နိုင် မတဲ့လား



www.burmeseclassic.com

www.burmeseclassic.com



**မောင်ပွေကြီး(ကတောင်း)** ကား မပြောင် ဝင်း၏ ထဘီအနားစသို့ သုံးလေးပတ်မျှ လိမ့်သွားလျက် ရောက်ရှိပြီး သကာလ တော်တော်နှင့် ကုန်းရုန်းမထသေးဘဲ 'ပပထူမှ ထမယ်'ဆိုသည့် အိုင်တင်ဖြင့် 'ယူ'နေပြန်သေး၏။ မပြောင်ဝင်းကများ သနားကရုဏာ စိတ်ဖြင့် ပုဇွန်စ အခြေမလှသူ သူ့အား ထူပေးမည်လား၊ မတ်ပေးမည်လား ဟု၍ မျှော်လင့်နေသော်ငြား မပြောင်ဝင်းက နည်းနည်းလေးမှ အရေးမလုပ်။ ထိုပြင်တစ်ဝ အောင်ပွဲရ မြန်မာအမျိုးသမီး ဘော်လုံးအသင်းကို အားကျသည့် အလား ပရိသတ်လည်း မရိပ်မိရလေအောင် သူမရှေ့၌ တုံးလုံးကြီးလဲနေသော မောင်ပွေကြီး(ကတောင်း)အား မသိမသာ ကန်ထည့်လိုက်လေ၏။

ထိုအခါ မောင်ပွေကြီး(ကတောင်း)သည် ကန်လိုက်သည့်က နည်းနည်း ဟန်လုပ်သည်က များများ။ သူ့ကိုယ်သူ အောင်ဖျာလိပ်ဇာတ်ကား ရိုက်ကွင်း၌ အမိကာသရုပ်ဆောင်အလား စင်စပ်သို့ ပြန်လိမ့်ချလိုက်ရာ ဘယ်သူမှ ဆီးတား မလိုက်နိုင်ခင်မှာပင် မြေပြင်ရှိရာသို့ ဒိုင်းခနဲ ပြုတ် ကျသွားလေတော့၏။

"ဟာ... လုပ်ကြပါဦး၊ လုပ်ကြပါဦး"

"အသက်မှ ရှိသေးရဲ့လား"

"ဟယ်... မြေကြီးပေါ်မှာ ဒုက္ခတွေ များကုန်တော့မှာပဲ"

"သတိမှ ရသေးရဲ့လား။ ဟော့... ဟော့.. ခြေမကို ချိုး စမ်း။ ဘယ့်နှယ် နားရွက်ကို ဖြတ်နင်းနေရတာလဲ"

"နေဦး .. နေဦး၊ သတိပြန်လည်သွားအောင် အိုးဘုရင်ဒီ နှစ်ပက်လောက် နားထဲလောင်း။ အဲ... ပါးစပ်ထဲ လောင်းမှုလိုက်"

စင်အောက်ရှိ ပရိသတ်တွေ၊ ပြိုင်ပွဲဝင်ဖို့ စောင့်နေသူတွေ နိုင်



www.burmeseclassic.com

www.burmeseclassic.com



လူကြီးတွေ၊ သတင်းယူမည့်သူတွေ မောင်ပွေကြီး(ကတောင်း)၏ မာယာတစ်သိန်း အံ့ပလိန်းအနန္တကြောင့် လှုပ်လှုပ်ရွရွ ဖြစ်သွားကြလေသည်။

"မောင်ပွေကြီး(ကတောင်း)ဟာ မြေကြီးနဲ့ အတော်ကလေး တတ်တည့်ပုံရတယ်။ ကြည့်ပါလား။ မြေကြီးမြင်တာနဲ့ လှဲအိပ် ဖို့ပဲ"

ထိုအခိုက် မောင်ပွေကြီး(ကတောင်း)သည် နေရာမှ 'အီးအဲ... အီးအဲ'နှင့် လူးလွန့်လှုပ်ရှား နိုးထရင်း ဂန္ထဝင်ကဗျာတစ်ပုဒ်ကို လက်တန်း ရေရွတ်လိုက်ပါလေတော့၏။

"မြေကို ချစ်၍
ချစ်သည့်မြေမှာ ငါအိပ်ပါသည်
ဘာများ ပြောချင်ကြသနည်း"

"ဟာ ... ကောင်းသွားပြီ .. ကောင်းသွားပြီ။ ဘယ်သူမှ ထိန်းမတ်ပေးစရာမလိုဘဲ စင်ပေါ်ကို တစ်ယောက်တည်း တန်းတက်သွားပြီ"

အမှန်တကယ်လည်း အများတကာ တအံ့တသြ ပြောဆိုကြသလို မောင်ပွေကြီး(ကတောင်း)သည် မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ ခိုင်ခိုင်မတ်မတ်ဖြင့် စင်ပေါ်သို့ လှမ်းတက်သွားလေသည်မှာ တကယ့်ကို ဖြူးဖြူးဖြောင့်ဖြောင့်။

"ဟုတ်ကဲ့ခင်ဗျာ... ပရိသတ်များ မျှော်လင့်တောင့်တနေ ကြတဲ့ စုံတွဲတေးသီချင်းကို သီဆိုဖို့ရာအတွက် 'ခေတ်ပြိုင် အရုပ်ပုံလွှာများ'နဲ့ စာပေလောကကို အိုးမဲသုတ်တဲ့ ဆရာ မောင်ပွေကြီး(ကတောင်း)ဟာ အခြေအနေ 'နော်မယ်' ပြန်ဖြစ် သွားပြီမို့ စတင်ပြိုင်ပွဲဝင်ပါတော့မယ် ခင်ဗျား"

"ရှီး... ဖြောင်း... ဖြောင်း.. ဖြောင်း.. ခွပ်... ပလပ်"

လက်ခေါက်မှုတ်သံတွေ၊ လက်ခုပ်တီးသံတွေ၊ လက်သီးဆုပ်နှင့် လက်ဝါးပြင် ထိခတ်သံတွေ အတောမသတ် ထွက်လာပြီးသည်သမယ ဆောင်းဘောက်မှ ငြိမ့်ငြိမ့်အေးအေး တီးလုံးတီးကွက်က ပေါ်ထွက်လာခဲ့သည်။ အဆိုပါ သီချင်းသည် သကြန်မိုး ရုပ်ရှင်ဇာတ်ကား၏ နာမည်ကြီး စုံတွဲတေး သီချင်းတစ်ပုဒ် ဖြစ်၏။ ဒါကို ယခု မောင်ပွေကြီး(ကတောင်း)နှင့် မေပြေးဝင်းတို့ တစ်ကြွေးကြလေပြီ။

မောင်ပွေကြီး(ကတောင်း) ။ နဂိုဒူ... ချစ်သမျှဒွေ.. အာလိုဒူ ရှစ်ဆ ဂဲနေ



www.burmeseclassic.com

www.burmeseclassic.com


... သီဒါမြုန်း မမုန်းဒမ်း စိတ်မှာလေ...
ဒီပါလုံး ဒမိုးအောက် ဒယောက်ထင်နေ...
မောင့်ချစ်ဘန်းဒွေ.. မညိုး နွမ်းဘော...
ဒမျိုးလန်းနေ...

မပြောင်ဝင်း ။ အသည်းနှစ်အောင်... သစ္စာဆိုစကားတွေ
... သစ္စာမယိုင်ပေ... မေတ္တာခိုင်နေ...
ချစ်သူတို့လျှောက်သောနယ်မြေ ...
ရာသက်လုံး မြဲခိုင်စွဲတည်နေ.. လွှဲမသွေ...

မောင်ပွေကြီး(ကတောင်း) ။ အန်ဒဝါသီတာ သဲဆိုင် ... အပြန်ဒရာ
ကြည်သာမြဲခိုင်... ရာသက်လုံး မမုန်း ဘော
... မမုန်းဘော...

မပြောင်ဝင်း ။ ရာသက်လုံး မမုန်းပေ... မမုန်းပေ...

ပွေ + ပြောင် ။ အပြုံးချင်းပြိုင်... လှမ်းမယ်တူပြိုင်လေ
သူ့ဆို တစ်မိုးအောက် တစ်ယောက်သာ
ထင်နေ ... ချစ်လွန်လွန်းလို့ အသည်း
လှာတည်နေ... တစ်ဖဝါးဆို တစ်ဖဝါးမှ...
မခွဲ.. ဟဲဟဲလိုပေ...

မပြောင်ဝင်း ။ မေ... ပြောပါရစေ

မောင်ပွေကြီး(ကတောင်း) ။ ချော... နှမ... မေ...

ပွေ + ပြောင် ။ နှစ်ကိုယ်တူ... ချစ်သမျှကိုလေ...

"နှိုး... ဖြောင်း... ဖြောင်း... ဖြောင်း... ခွပ်... ပလပ်"

ပရိသတ်၏ အားပေးသံကား ထောင်းလမောင်း ထသွားချေ၏။ သီချင်းအသွားကိုက ပရိသတ်နားစွဲပြီးသား၊ ခိုက်ပြီးသား၊ ကြိုက်ပြီးသားမို့ ယခုလည်း နှစ်ဦးသား၏ သီဆိုယှဉ်ပြိုင်မှုကို ပရိသတ်မှ လိုက်လိုက်လှဲလှဲ အားပေးကြခြင်း ဖြစ်လေ၏။ ဆရာမမပြောင်ဝင်းမှာ ပွဲပေါင်းများစွာ နွှဲခဲ့ဖူးသူ ဖြစ်လေရကား ဤလို ကာရာအိုကေလောက်များတော့ တကယ့်ကို မိုင်နား တနည်း၌ စိုးရိမ်စရာ ကောင်းသည်က မောင်ပွေကြီး (ကတောင်း)။ သို့ပြီး သူ့ကိုယ်သူ ဂီတနက်သန် ကိုစောညိန်း၏ တတ် များ စီးဝင်နေသည့်သော စိတ်ဓာတ်ဖြင့် သီချင်းစာသား မပီမသ ဖြစ်ကောင်းဖြစ်နေမည့်ဆိုသော်ငြား မပြောင်ဝင်း၏ ဆွဲခေါ်မှုကြောင့် ရုပ်ပျက် ဆင်းပျက် ဖြစ်သွားခဲ့၏။


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ခင်ဗျာ။ အခုလို စုံတွဲသီချင်းကို အကောင်းဆုံးနဲ့ သေသေသပ်သပ် သီဆိုဖျော်ဖြေသွားတဲ့ ဆရာမောင်ပွေကြီး (ကတောင်း)နဲ့ ဆရာမမေပြောင်ဝင်းတို့ကို 'ခုတ်ထွင်တောင်ပံ မဂ္ဂဇင်း'က ဆရာကိုပဲကြော်နဲ့ ဆရာမလေးလေးခိတို့က ဂုဏ်ပြု လိုတဲ့အတွက် ဆရာမောင်ပွေကြီး(ကတောင်း)နဲ့ ဆရာမ မေပြောင်ဝင်းတို့ စင်ပေါ်မှာပဲ စောင့်စားရပ်တန့်နေကြပါခင်ဗျား"

အခမ်းအနားမှူး ပြောင်ပြောင်ကြောင်ဝင့်ပြီး ဘယ်တော့မှ မမော သည့် မောင်မောင်ခေါင်ပွင့်(ဝရော)၏ ကြေညာသံအဆုံးမှာတော့ ဆရာမ လေးလေးခိသည် အဖိုးတန် သစ်ခွများ စိုက်ထားသည့် ပန်းခြင်းကလေး တစ်ခြင်းကို ကိုင်ဆွဲကာ စင်ပေါ်တက်ပြီး ဆရာမ မေပြောင်ဝင်းအား ချီးမြှင့်၏။

"ရှိုး... ဖြောင်း.. ဖြောင်း... ဖြောင်း... ခွပ်... ပလပ်"

ဆရာမလေးလေးခိ ဆုချပြီး ပြန်ဆင်းတော့ ဆရာမ၏ ခင်ပွန်းသည် ဆရာကိုပဲကြော်က ပုဏ္ဏရိတ်ပန်းများ၊ ခေါင်ရန်းပန်းများ၊ စိန်ခြယ် အရိုင်းများ၊ လက်ခုပ်ပွင့်များ၊ ခွေးသေးပန်းများနှင့် အထူးစပါယ်ရှယ် ခွေထားသည့် ပန်းခွေကြီးအား သယ်မလေ၏။ တစ်ယောက်တည်း မနိုင်၍လားမသိ၊ ခုတ်ထွင်တောင်ပံမဂ္ဂဇင်းမှ ကဗျာအယ်ဒီတာ 'ဆရာမောင်ဝ လွန်း'နှင့် အမှုဆောင်အယ်ဒီတာ 'လေပြင်းမွန်း'တို့က ပန်းခွေကား ဝါးလုံး လျှိုထမ်းလျက် ကိုပဲကြော်နှင့်အတူ စင်ပေါ် လှမ်းတက်ခဲ့သည်။ ထို့နောက် ဆရာမောင်ပွေကြီး (ကတောင်း)၏ လည်ပင်းအား စွပ်ပေးလိုက်ရာ ပန်းခွေ၏ အလေးချိန်ကို မခံနိုင်၍ထင့်။ မောင်ပွေကြီးခမျာ စင်ပေါ်သို့ ဒိုင်းခနဲ ကျ၊ သုံးလေးပတ်လောက် လိမ့်ပြီးသည့်သကာလ စင်အောက်ရှိ မဟာပထဝီ မြေကြီးရှိရာသို့...

"ကောင်းကင်နှင့် မြေကြီး၊ ငါအားပေးလော့"

ဟု အော်ဟစ်ကာ သူ့ဇာတ်ကိုသူ သိမ်းသွားလေတော့၏။

အစီအစဉ်ကား တကယ့်ကို အပီအပြင်။

ပရိသတ်ကား တစ်ဦးတစ်ယောက်မှ ပွဲထွက်မသွား။ ထပ်ထပ်၍ သာ တိုးလာနေတော့၏။ အထူးသဖြင့် မီးကလေးမှိတ်တုတ်မှိတ်တုတ်နှင့် ကွမ်းယာသည်များ တိုးလာ၏။ ရောင်းချသော ကလေးမလေးတွေ ဆေးဆိုးပန်းရိုက် မျက်နှာကလေးတွေနှင့် လှတပတ။ ထိုအလှများကို ငေးမော၍ အတွေးတောကြီး တွေးတောနေသူကား ညအချိန်ကာလမှာပင် မျက်မှန် အနက်ကြီး တပ်ဆင်ထားသည့် ဘူးသီးပုံမောင်တေ ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com


သည်ဝေတီကြီးကား 'HIV ဂျာနယ်' ထုတ်ဝေပါက အယ်ဒီတာချုပ် လုပ်ရန် ခုကတည်းက ကွင်းဆင်းလေ့လာသူ ဖြစ်၏။

"သာယာလှပတဲ့ မင်္ဂလာညချမ်းပါ ခင်ဗျာ။ ခုတစ်ဖန် ပြိုင်ပွဲဝင် သီဆိုဖျော်ဖြေဖို့ အလှည့်ကျလာသူကတော့ အပျော်ချင်း ပြိုင်မယ့် (ဟုတ်ကဲ့) ကျော်ဖျင်းမှိုင် ဖြစ်ပါတယ်ခင်ဗျား"

"ရှီး... ဖြောင်း... ဖြောင်း... ဖြောင်း... ခွပ်... ပလပ်"

"အဲဒီမှာ ဆရာကျော်ဖျင်းမှိုင်က တစ်ခု တောင်းဆိုလာ ပါတယ်။ ကနဦး သူသီဆိုယှဉ်ပြိုင်ဖို့ စာရင်းပေးထားတဲ့ သီချင်း က 'တစ်ဝါဆို လူပျိုကြီး' ဖြစ်ပေမဲ့ အဲဒီ စီဒီခွေက လမ်းဘေး ဆင်ဆာမဲ့ တရားမဝင်ဆိုင်က ဝယ်လာမိတဲ့အတွက် ဖွင့်ဖို့ရာ အခက်အခဲ ရှိပါတယ်။ ဒါကြောင့် 'ရှာပုံတော်မင်းသားကြီး' သီချင်းကို ပြောင်းပြီး ပြိုင်ပွဲဝင်သွားပါမယ်တဲ့ ခင်ဗျား။

ဆရာကျော်ဖျင်းမှိုင် ခင်ဗျာ။ ပြိုင်ပွဲဝင်ရန် စင်မြင့်ပေါ်သို့ တက်ရောက်ဖို့အကြောင်း လေးစားစွာ ဖိတ်ခေါ်ပါတယ်"

ကျားကိုးစီး။ ခြသေ့်ကိုးကောင်၊ ဝံပုလွေတစ်ရာ့တစ်ကျိပ် စားမကုန်နိုင်သော ခန္ဓာကိုယ်ကြီးနှင့် ဆရာကျော်ဖျင်းမှိုင်သည် စင်ပေါ်သို့ လေးတိလေးကန် တစ်လှမ်းချင်း လှမ်းတက်သွားလေ၏။ ထိုမြင်ကွင်းကို တွေ့မြင်ကြရသူတွေက တစ်ယောက်တစ်ပေါက် ဝေဖန်ကြသော ဟူ၏။

"ဟ... ဒီဆရာ့ကိုကြည့်ရတာ လေးတိလေးကန်နဲ့ သွက်သွက် လက်လက် မရှိပါလား"

"အောင်မာ ... လူရှေ့သူရှေ့ရောက်ရင် လေးတိလေးကန် ယောင်ဆောင်နေတာ။ နောက်ကွယ်ကျ ဘယ်လောက်သွက် သလဲမသိဘဲနဲ့။ ဒီဆရာ သွက်လွန်လွန်းလို့ သိကြားမင်းက တောင် 'ဝမ်စွေ့.. ဝမ်စွေ့.. ဝမ်စွေ့' လုပ်ရတယ်ဆိုပဲ"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ကွ။ ကိုယ်တို့ဆိုင်က သိကြားမင်းထက် နှစ်ဆတောင် စွံတာလေ။ ဟီး... ဟီး.. ဟီး"

"ဟေ.. ဟုတ်လား။ ဒီလောက်စွံတာတောင်မှ ကိုယ့်ဆရာ က မဟီးသေးဘဲ 'ရှာပုံတော်မင်းသားကြီး' လုပ်ဦးမတဲ့လား။ အို ... အသင်လောက"


www.burmeseclassic.com

www.burmeseclassic.com



ဆရာကျော်ဖျင်းမှိုင်နှင့် ပတ်သက်၍ တီးတိုးတီးတိုး သဖန်းပိုးတွေ ပွစိတက်နေစဉ်မှာပင် စင်ပေါ်ရှိ ဆောင်းဘောက်မှ 'ဗေတိုးဗေ တပ်ဗေ ဂျိုဂျို' ဆိုသည့် မန္တလေးဒိုးဆစ်သံက မြူးကြွသွက်လက်စွာ ထွက် ပေါ်လာလေ၏။ ထိုတီးလုံးတီးကွက်နှင့်အတူ ဆရာကျော်ဖျင်းမှိုင်သည် အကွက်ကျကျ ယိမ်းထိုးရင်း နဂိုတည်းကပင် မှုန်တိမှုန်မွဲ ဖြစ်နေသည့် မျက်မှန်အောက်ဘက်ဆီမှ မျက်လုံးများကို မေးစင်းကာ...

"အို... ဘာတဲ့... ဟာ.. ဟ... ရှာပုံတော်မင်းသားကြီး
... ပွဲတကာလိုက် နွဲဦးမည်... ဘယ်နေ့မှာ ဘယ်သူ တိုက်တိုက်
... အရောက်လိုက်လို့ သောက်ရမည် ... ပေါင်းစု ထည့်ဖို့
ကြေးပိုက်ဆံ... ကိုယ်လေ... ရှောင်လို့ မထည့်ပေါင် အတည်
... သောက်ချက်က အလွန်ပဲပြင်းပါသည် ... ဗေတိုးဗေ
တပ်ဗေဂျိုဂျို"

"ဟေး.. မိတယ်ကွ။ ကျော်ဖျင်းမှိုင်တို့များ အဆိုက လည်းပိုင်ပ့ါ။ ပထမဆုကြီးကို သူပဲ ချိတ်လိမ့်မယ် ထင်တယ်"

"ဖြစ်နိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အကဲဖြတ် ဒိုင်ထဲမှာပါတဲ့ မာမိစိန်ဆိုတာ သူနဲ့ ဘာညာသာရကာကွ"

"ပိုင်သကွ။ ဒါထက် ကျော်ဖျင်းမှိုင် အဆိုကောင်းလိုက် ပုံများ နားထောင်တဲ့သူတွေတောင် သွားရည်ကျလောက်တယ်။ အံ့ရော... အံ့ရော။ ဒီလိုတော်လို့လည်း မောင်သင်းနွယ် (မြေမဆန့်)တို့၊ နိုင်ဝင်းပလီတို့ရဲ့ ဆရာဖြစ်နေတာနဲ့ တူတယ်"

"သေချာတာပေ့ါကွယ်။ ဟောဟိုမှာ ဖင်ကလေး လိမ်ကျစ် လိမ်ကျစ်နဲ့ ကင်မရာအစုတ်ကို လည်ပင်းသိုင်းပြီး ကင်မရာမီး တဖျတ်ဖျတ် လွှတ်နေတာ ဓာတ်ပုံဆရာဒလအောင်မင်း မဟုတ် လား"

"သေချာတာပေ့ါ။ ကင်မရာကို လူရှိန်အောင် မီးလွှတ်နေတာ။ အထဲမှာ ဖလင်လိပ်မရှိဘူး။ ဒီလိုနဲ့ ပွဲတကာ လုပ်စားနေတာ အရပ်က မြေမျိုလောက်ပြီ"

ပရိသတ်ကား တစ်ယောက်တစ်ပေါက်။ ပွဲခင်းတစ်နေရာရှိ ကွမ်းယာဆိုင်မှာတော့ ဘူးသီးပုံမောင်တေမိသည် ကွမ်းယာသည်မလေးနှင့် အလွမ်းသင့်ကာ သူ့ဂျာနယ်၌ မျက်နှာဖုံးတင်ပေးမည်ဖြစ်ကြောင်း မစား



www.burmeseclassic.com

www.burmeseclassic.com


ရထမန်းလုပ်လျက် ရေလာအောင် ပြောင်းပေးနေလေ၏။

"ဟုတ်ကဲ့... ခင်ဗျာ...

ဆရာကျော်ဗျင်းမှိုင်ရဲ့ အံ့မခန်းစရာ အနုပညာစွမ်းရည်ကို ပရိသတ်တွေ မြင်ရကြားရပြီး ဖြစ်ပါတယ်။ အဲဒီမှာ သူ့ကို ဂုဏ်ပြု လိုတဲ့ ကုန်ခြောက်ဆိုင်က အမျိုးသမီးကြီးတစ်ယောက်က ဆုတစ်ဆု ချီးမြှင့်မှာ ဖြစ်တယ်။ ဆုကတော့ ငရုတ်ဆီတစ်ပုလင်း ဖြစ်ပါတယ်"

"ပေား... ရှီး.. ဖြောင်း.. ဖြောင်း.. ဖြောင်း... ခွပ်... ပလပ်"

"ဟ ... ချတဲ့ဆုကလည်းကွာ ငရုတ်ဆီတစ်ပုလင်းတဲ့။ ဆရာကျော်ဗျင်းမှိုင်နဲ့ ဘာဆိုင်မှာမို့လို့လဲ"

"ဆိုင်ပါသော်ကောကွာ။ အိမ်အပြန် သန်လျင်ရောက်ရင် အကြွေးသောက်နေတဲ့ ဆိုင်မှာ အဲဒီ ငရုတ်ဆီပုလင်းပေးပြီး အရက်ထပ်သောက်မှာပေါ့ကွာ... ဟီဟိ"

ပရိသတ်တွေကား တစ်ယောက်တစ်ပေါက်ဖြင့် ဝေဖန်ချက်တွေ ပေးကြကုန်၏။ ဘူးသီးပုံမောင်တေမိကား လုစ်ခနဲ ပျောက်သွား၏။ ဆေး ဆိုးပန်းရိုက်မကလေးလည်း ထိုနည်းနှင်နှင်။ သူ့တပည့်နှစ်ယောက်မှာမူ ဆုန်းပင်တစ်ပင်၏ အရင်း၌ မှီရင်း ဖျော်စပ်အရည်တို့ကို ပိုက်ကလေးဖြင့် တစ်ယောက်တစ်စုပ် မှီဝဲလျက် ထမင်းခြောက်ကြော်ကို တကျွမ်းကျွမ်း ဝါးနေကြလေ၏။

"ရွှေပွဲလာ ညည့်ပရိတ်သတ်ကြီးခင်ဗျား...

ခုတစ်ဖန် အလှည့်ကျသူကတော့ 'ဂျလေဇီ မဂ္ဂဇင်း'က အဖွဲ့ဝင်အယ်ဒီတာ ဆရာမကလေး 'ခင်ပါလေရာ' ဖြစ်ပါတယ်။ ခင်ပါလေရာ ပြိုင်ပွဲဝင်သီဆိုမယ့် သီချင်းကတော့ ပရိသတ်တွေ သာမက နတ်ဝင်သည်တွေပါ မျိုးမျိုးကြွကြွ ခံစားနားဆင်ရမယ့် 'ပင်တိုင်စံ'သီချင်း ဖြစ်ပါတယ်။

ဆရာမခင်ပါလေရာ ခင်ဗျား...

ပြိုင်ပွဲဝင် သီဆိုဖို့ စင်မြင့်ပေါ်ကြွရောက်ပါရန် ဖိတ်ခေါ် အပ်ပါတယ် ခင်ဗျား"

"ပေား... ရှီး.. ဖြောင်း.. ဖြောင်း.. ဖြောင်း... ခွပ်... ပလပ်"


www.burmeseclassic.com

www.burmeseclassic.com



ခင်ပါလေရာက မိုက်ကို ဟန်ပါပါဖြင့် လှမ်းယူလိုက်ချိန်ဝယ် ဆောင်းဘောက်မှ 'ဗေထိုးဗုံ .. ဗေထိုးဗုံ ... ဗေထိုးဗေထိုးဗုံ' ဟူသည့် မြူးမြူးကြွကြွ တီးလုံးသံ ထွက်ပေါ်လာသည်။ ထိုမြူးကြွမှုအပေါ် ခင်ပါလေရာသည် ကိုယ်ကလေးကို ယိမ်းနွဲ့ရင်း...

"ပင်တိုင်သော် ဦး ဟူးဟူးဟူး... တစ်ကိုယ်ထူးမို့နွမ်းလျတယ်
... အဖော်မစုံသည်မို့ကွယ်.... ဖူးငုံချစ်ပန်း... လန်းလို့ ရယ်ရယ်
... ချူမယ့်သူကိုကွယ်... ရွှေငွေစည်းစိမ် ထိန်ထိန်ရှံလည့်...
အစဉ်အမြဲ... မရှင်ဘဲ... ညှိုးလျော်နွမ်းလျ... အခြေမလှနိုင်ဘူး
... ဟူးဟူး... ကွယ်"

"ဗေထိုးဗုံ... ဗေထိုးဗုံ.... ဗေထိုးဗေထိုးဗုံ"

အဆိုကလည်း ဘယ့်ကလောက်တောင် ပွဲမဝင်ခင် အပြင်မှာ ကျင်းပထားလေသည်မသိ။ နားထောင်ရသည်မှာ အဆင်ပြေ ငြိမ့်ညောင်းလှပါဘိ။ စာသားလေးတွေက နုရွသည်နှင့်အမျှ တီးလုံးတီးကွက်ကလည်း မြှူဆိုင်မြူးကြွနေချေ၏။

"ခုတော့ကွယ်... သမုဂြောနွယ်... တစ်ကိုယ်တည်းရယ်
.. ပိတုန်းရောင်ကြော့.. ကေသာလျော့ခွေ.. ဆန်းလို့ မတင့်နိုင်တယ်
.. ဘယ်အရာမှ အလိုမကျပါကွယ်.. ချစ်မေတ္တာ ရေစင်ဖျန်းမှ...
လန်းရပ့ါမယ်... ဆန်းရပ့ါမယ်.. ကိုရွှေလူ လှရယ်.. မြန်းကြွလို့
.. ချူလှည့်ပါလား.. ဟား ဟား.. ကွယ်"

"ဗေထိုးဗုံ... ဗေထိုးဗုံ.... ဗေထိုးဗေထိုးဗုံ"

တီးလုံးက မြူးမြူးကြွကြွ ကျော့နေစဉ် မမျှော်လင့်သော ဖြစ်ရပ်ကလေးတစ်ခုက ဗြုန်းဆို ပရိသတ်အာရုံအတွင်း ပြေးဝင်လာတော့၏။

"ဟာ.. "

"ဟင်..."

"ဟယ်... "



www.burmeseclassic.com

www.burmeseclassic.com


# ကာရာဒိုကော

# နောက်ဆက်တွဲ

# [၂]

www.burmeseclassic.com

www.burmeseclassic.com



"အလိုလေး... ဘယ်လို ဖြစ်ရပြန်တာတုံး"

"ဟော... ဟော... ခါးထောင်းမြှောင်အောင် ကျိုက်ရုံမက အင်္ကျီလည်း ချွတ်လိုက်ပြီ။ ထွီ.. နံရိုးကလည်း အပြိုင်းပြိုင်း၊ ချိုင်းမွေးတွေကလည်း အရိုင်းရိုင်း... "

"တော်တော်လည်း အရှက်နည်းပါးလှပါကလားကွယ်ရို့"

ထိုသို့ ဤသို့ ဝေဖန်သံများ ပေါ်ထွက်လာခြင်း အကြောင်းရင်း ကား နတ်ဆိုင်းအလား မြူးကြွလွှန်းပေထသော ဂီတစွမ်းအားကို မလွန် ဆန်နိုင်၍ထင့်၊ ခြေသလုံးပလွေရိုးရှင် ဆဋ္ဌဂံငါးစင်ရိုင်းတစ်ယောက် ပရိသတ်ကြားထဲမှ ခုန်ပျံကျော်လွှား ထိုးဖောက်သွားကာ လေးတိုင်စင်ကလေးပေါ်သို့ ပြေးတက် သွားပြီးသကာလ တစ်–ခါးတောင်မြှောင်အောင် ကျိုက်၏။ နှစ်–အပေါ် အင်္ကျီများ ဖြစ်သည့် ဂျင်းအင်္ကျီ၊ ရှပ်အင်္ကျီ၊ စွပ်ကျယ်တို့ကို တစ်ထပ်ပြီးတစ်ထပ် ချွတ်ကာ သူ့လူ ပန်းခွေလှိုင် ရှိနေမည့် နေရာသို့ ပစ်ပေး၏။ ဂျင်းအင်္ကျီကား ပန်းခွေလှိုင်ထံမရောက်။ ဘယ်သူ့ထံ ရောက်သွားသနည်းဆိုတော့ ကဗျာဆရာ တောင်စွန်းလှမ်းတောင်းထံ ရောက်သွား၏။ ထိုအခါ သူကောင့်သားသည် ဖျတ်ခနဲဆိုသလို ဂျင်းအင်္ကျီကို ကောက်လိပ်ကာ ၎င်း၏ပေါင်ခြံအောက် ဖိထားလိုက်၏။ အခွင့်သာ အခါပေး၍ ယင်းပစ္စည်းအား အချောင်ပိုင်ဆိုင် လိုက်ရပါက ပုဇွန်တောင် ဈေး၌ သွားရောင်းကာ ပင်လယ်ဘီအီးကို တစ်ဝကြီး တီးထည့်လိုက်မည် ဟု ကြံရွယ်ရင်း တံတွေးတွေပင် သီးလာလေတော့၏ ထားတော့။ ပြန်ဆက်ရလျှင် ဆဋ္ဌဂံ ငါးစင်ရိုင်းသည် သူ့အပေါ်အဝတ်တွေ ချွတ်ပြီး သည့်နောက် ပရိသတ်အား လက်နှစ်ဖက်မြှောက်၍ မင်းသားကျော်ဟိန်း ပို့စ်အတိုင်း 'လူသားအားလုံးကို လေးစားပါတယ်' လုပ်ပြလေရာ ၎င်း၏



www.burmeseclassic.com

www.burmeseclassic.com



ချိုးရေတွက်သော် ရနိုင်လောက်သည့် နံရိုးပတ္တလားဆံများအားလည်း ကောင်း၊ တောထနေသော ချိုင်းမွေးများအားလည်းကောင်း လှစ်ပြသလို ဖြစ်လေရာ လေးစားရာမရောက်ဘဲ စော်ကားရာပင် ရောက်နေလေတော့သည်။

သို့ရာတွင် စာနယ်ဇင်းပရိသတ်ကြီးကား အတော်ကလေးပင် ခန့်စတရား ပြည့်ဝလှပါ၏။ ဘယ်သူ ဘာအကျင့်ရှိသည်၊ ဘယ်လို ဇွဲ ဖောက်တတ်သည်၊ ဘယ်သို့ ချိုသွေးတတ်သည်၊ အဘယ်မျှ ခွာလိပ် တတ်သည်တို့ကို စာမျက်နှာတွေပေါ် ငယ်ကျိုးငယ်နာတွေဖော်လျက် အချင်းချင်း ဆော်ပလော်တီးကြရာမှ သိသိ သိသိကြီး ဖြစ်နေလေရာ အားလုံးအားလုံးမှာ နီးပလော်ဘလမ် ဖြစ်နေကြလေတော့၏။ ဆက်ရပေဦးမည်။ ဆဋ္ဌဂံငါးစင်ရှိုင်း သည် ထိုသို့ မဖွယ်မရာ အပေါ်ပိုင်းဗလာကျင်း နေသော ၎င်း၏ ခန္ဓာကိုယ် အထက်ပိုင်းအား ကိုးရိုးကားရား လုပ်ဆောင်ပြီးသည့်နောက် လက်ညှိုးလေး နှစ်ချောင်းကို မိုးပေါ် ကောက်ကောက်ပါအောင် မြှောက်မြှောက်ပြရင်း မျှူးကြွသော တေးသွားနှင့်အညီ နတ်ဝင်ပူးလေတော့၏။

"ဟာ ... အဲဒါ ဘာနတ်လဲ မသိဘူး။ ကကွက်ကလည်း ဆန်းပါဘိသနဲ့"

"မနဲ့လေးအစ်မ မနဲ့ကြီးများလား"

"နဲ့ကြီးတော့ မဖြစ်နိုင်ဘူး။ ထရမ်းပက်တို့၊ ဆိုက်ဆိုဖုံးတို့တော့ ဖြစ်ကောင်းဖြစ်နိုင်တယ်"

ပရိသတ်ကား တစ်ယောက်တစ်ပေါက် ဝေဖန်နေကြ၏။ စင်ပေါ်တွင်ကား ဂျလေဘီမဂ္ဂဇင်း၏ အဖွဲ့ဝင်အယ်ဒီတာ ဆရာမကလေး 'ခင်ပါ လေရာ'မှာ တေးသွားကြေညာပြီးသကာလ အဆိုဝင်ရမည့်နေရာ၌ မဝင်ရဲတော့။ ဘာကြောင့်ဆို ဆဋ္ဌဂံငါးစင်ရှိုင်းသည် နတ်ဝင်သည့်အလား လက်ညှိုးကလေး မိုးပေါ်ထိုးရုံမက တော့ဘဲ လေးတိုင်စင်၏ ကြမ်းပြင်၌ တဒိုင်းဒိုင်းဆိုသလို ကျွမ်းပတ်ပတ်လည် ထိုးနေလေတော့၏။ ဤ၌ ဆောင်းဘောက်မှ အခမ်းအနားမှူး မောင်မောင် ခေါင်ပွင့်(ဝရော)၏အသံ ထွက်ပေါ်လာလေတော့၏။

"ပွဲခင်း ထိန်းသိမ်းကြီးကြပ်ရေး ကော်မတီဝင်များခင်ဗျား။

ခုဆိုရင် ကျွန်တော်တို့ရဲ့ ပွဲကလေးကို အစီအစဉ်အတိုင်း မဟုတ်ဘဲ စာနယ်ဇင်းလောကကို အိုးမဲသုတ်ရုံမက လေးတိုင် စင်ကိုပါ ဖြိုချမယ့်သူတွေ ပေါ်ထွက်နေပါပြီ။ ဒီပုံအတိုင်းဆိုရင်ရှေ့ကို ဘယ်လိုမှ စခန်းဆက်လို့ မရနိုင်ဘူး ထင်ပါတယ်။ ကျွန်တော်တို့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



စာနယ်ဇင်း ကာရာအိုကေ စင်ပေါ်မှာ သမန်းရှုနေတဲ့ မျောက် တစ်ကောင် ရောက်နေပါတယ်။ အဲဒီအတွက် ပွဲခင်းပျက်မသွား ရလေအောင် အမြန်ဆုံးကြီးကြပ်ထိန်းသိမ်း နားရင်းအုပ်၊ ဖနောင့်ပေါက်ပေးပါရန် နူးညွတ်စွာ ပန်ကြားအပ်ပါသည်။

ဟုတ်ကဲ့ (ကျွန်တော်) ပြောင်ပြောင်ကြောင့်ဝင့်ပြီး မမောတဲ့ မောင်မောင်ခေါင်ပွင့်(ဝရော)ပါ ခင်ဗျား'''

ထိုသို့ ကြေညာသံ ထွက်ပေါ်လာပြီးသည့်သကာလ ပွဲခင်းထိန်းသိမ်းရေး ကော်မတီဝင် ဟုတ်မဟုတ် မသိ။ တုတ်တုတ်ခိုင်ခိုင်၊ ပုပုကွ ကွင်တိုတိုနှင့် လူတစ်ဦး စင်ပေါ်သို့ ရင်ကော့ကာ လှမ်းတက်သွား၏။

"ဟာ... အဲဒါ 'မလိုင်နှစ်ကြောင်ခိုးသူ'ပဲဟ"

"ဒီငတိ သူ့သီချင်းအလှည့် မရောက်သေးဘဲနဲ့ ဘာဖြစ်လို့ စင်ပေါ် တက်သွားရပါလိမ့်။ တော်တော်လည်း စည်းမျဉ်းကလ နား မသိတတ်သူပါလား"

"ဘာလုပ်မယ်မှန်း မသိဘဲနဲ့ အရမ်းအရမ်း ကောက်ချက် မချနဲ့ဦး"

ထိုအချိန်ဝယ် မလိုင်နှစ်ကြောင်ခိုးသူသည် ခင်ပါလေရာထံမှ မိုက်ကို လှမ်းယူလိုက်ပြီး...

"ညီမလေး ဘာမှ စိုးရိမ်ထိတ်လန့်မနေနဲ့။ အစ်ကိုကြီး တစ်ယောက်လုံး ရှိတယ်။ အစ်ကိုကြီးဟာ သာမန်မဟုတ်ဘူး။ ကုန်းဘောင်ခေတ်တုန်းက နာမည်ကျော် အငြိမ့်မင်းသမီး 'မဆင်ခိုး' ကနေ ဆင်းသက်လာတဲ့သူ။ အစ်ကိုကြီး နာမည် ကြောင်ခိုးသူတဲ့။ အခြေအနေပေးရင် ကြောင်တင်မကဘူး၊ ခွေး ပါ ခိုးချင်ခိုးဦးမယ့်သူ"

စင်ပေါ်မှနေ၍ ဒွာန်၊ ကရိုဏ်း၊ ပရိုက်၊ ပယတ်ကျနစွာ တစ်လုံးချင်း (အကယ်ဒမီမြတ်လေးစတိုင်အတိုင်း) ပြောနေသည့်အသံသည် ဆောင်းဘောက်မှတစ်ဆင့် ပွဲခင်းတစ်ခုလုံး လွှမ်းသွားလေ၏။

"ဟေ့... ပြဇာတ်ကနေတာလားဟေ့။ ဒါ နောက်မှပြော။ အခုဟာ ကာရာအိုကေ ပြိုင်ပွဲ လုပ်နေတာ"

"ဟုတ်တယ်... ဟုတ်တယ်။ ဆင်း... ဆင်း"

ပရိသတ်အသံတွေ ပေါ်ထွက်လာချေပြီ။ ထိုအသံတွေကို သူ ကောင့်သား ကြားရှာ၍ထင့်။

"လေးစားရပါတဲ့ ပရိသတ်ကြီးခင်ဗျား...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အခုလို စင်ပေါ်ကို ကြွားကြွားဝင့်ဝင့် ငွားငွား စွင့်စွင့်ကြီး တက်လာခဲ့ရခြင်းဟာ ကိုယ်ကျိုးအတွက် လုံးဝဆို လုံးဝ မဟုတ်ရပါဘူးခင်ဗျား... ။

ဟောဒီစင်ပေါ်က ကျွန်တော်တို့ရဲ့ ညီမငယ်လေးကို လာပြီး အားပေးနှစ်သိမ့်တာပါ။ ပြီးတော့ စင်ပေါ်ကို ကိုယ့်အလှည့် မဟုတ်ပါဘဲ လိုင်စင်မဲ့ တက်ရောက်ရမ်းကားနေတဲ့ ဆဋ္ဌဝံ ငါးစင်ရိုင်းကို ပယ်ပယ်နယ်နယ် တီးလွှတ်ဖို့ ဆုံးမဖို့ တက်လာခြင်း ဖြစ်ပါတယ် ခင်ဗျ''

''ဟေ့.. ဟုတ်လား။ ဒါဆိုရင် ရှိုး... ဝမ်းစမိုးဟေ့၊ ဝမ်းစမိုး''

''ဖြောင်း.. ဖြောင်း.. ဖြောင်း... ဖြောင်း''

''တီးပါတော့ဗျို့။ ချပါတော့ဗျို့။ နားပန်ကျင်းပါတော့ဗျို့။ ကုပ်ဆွဲပြီး ဖနောင့်နဲ့ ပေါက်ချပါတော့ဗျို့''

''ဟေး... ဝမ်းချိုင်းကွ.. ဝမ်းချိုင်း''

ပရိသတ်ကား စင်အောက်မှနေ၍ လက်ခုပ်သံတဖြောင်းဖြောင်း၊ လက်ခေါက်မှုတ်သံ တရှီရှီဖြင့် မြှောက်ထိုးပင့်ကော် လုပ်နေကြချေပြီ။

''စိတ်သာချအတည်၊ ဝိဇ္ဇာမ,မည် ဆိုသလို ကျွန်တော့်ရဲ့ လုပတဲ့ လက်သီးချက်တွေကို မကြာခင် မြင်ရပါစေ့မယ်။ တတ်နိုင်ရင် ကျွန်တော့်ကို 'ဝမ်းချိုင်း'လို့ ကင်ပွန်းတပ်မယ့်အစား 'မိုက်တိုင်ဆန်' ရယ်လို့ ပြောင်းလဲ ခေါ်ဝေါ်စေချင်ပါတယ် ခင်ဗျာ။

ကျွန်တော့်အကြောင်းလည်း သိကြမှာပေ့ါ။ ကိုယ့်ကို ဝေဖန် ထိုးနှက်တဲ့ ကလောင်ရှင်တစ်ယောက်ကို မဂ္ဂဇင်းတိုက်ထဲထိ ဝင်ထိုးခဲ့ဖူးတယ်ဆိုတာ''

''သိတယ် .. သိတယ်။ စကားဆက်မများနဲ့။ အလုပ်နဲ့ သက်သေပြ။ အလုပ်နဲ့ သက်သေပြပါတော့လားဟ''

သည်လို မြှောက်ပင့်ချက်တွေကြောင့် ကြောင်ခိုးသူလည်း ဆက်လက် အာဖန်တီးနေခြင်းကို ရပ်လျက် ခါးတောင်းမြှောင်အောင် ကျိုက်လိုက် ချေ၏။ ရာသီဥတုအခြေအနေကား ဘယ်လိုမှ သာယာဖွယ်ရာ အကြောင်းမှုကို သိ၍ထင့်။ ခင်ပါလေရာလည်း ကော့ကော့ ကော့ကော့ နှင့် ဘယ်သူ့ ဘယ်ဝါ ဆိုလာချမည် အနေအထားကိုမှ စောင့်စားမနေတော့ဘဲ စင်ပေါ်မှ တသုတ်ကရက် ဆင်းသွားရှာလေ၏။ ထိုစဉ် ကာရာအိုကေစက်ဆရာက



www.burmeseclassic.com

www.burmeseclassic.com


မိန့်မောင်းသံကို ဖွင့်ပေးလိုက်လေ၏။

"ဗေပေါင်ထိပေါင်ထိ.. ဗေပေါင်ထိပေါင်ထိ.. ဗေထိ... ဗေထိ ဗေပေါင် ထိပေါင်ထိ ဖေါင်... ထိးပေါင် ထိ..."

"ဟိုင်းယား... ကြောင်ခိုးသူတဲ့ကွနော်"

"လာလေ့... အရပ်လန့်တဲ့ ဆဋ္ဌဂံတဲ့ကွဟေ့"

"ဖြောင်း"

"ခွပ်"

"ဘုတ်"

"ဘုန်း"

"အမလေး.. သေနာ၊ ခွကြားကို ကန်တယ်"

"တောက်.. အားလားလား.. ဝါးဟားဟား... ကလိ ထိုးသဟ"

"ဆော်ဟေ့.. ချဟေ့၊ ပီပြင်သဟေ့။ နားရွက်ကိုနင်း လိုက်ဟ။ လျှာကို ဆောင့်ဆွဲလိုက်ပါလား"

ပွဲခင်းက လူများအားလုံးသည် ထိုင်နေရာမှထကာ ခုန်ခုန်ကြည့် ရှု အားပေး၏။ လက်သီးလက်မောင်း တန်းကြ၏။ စင်အနီးရှိသူတို့က ရေများဖြင့် စင်ပေါ်လှမ်းပက်ကြ၏။ ရေသန့်ဘူးများဖြင့် ပစ်ပေါက်ကြ၏။ စင်ပေါ်တွင် ကြောင်ခိုးသူနှင့် ဆဋ္ဌဂံငါးစင်ရိုင်းတို့မှာ ဆံတစ်ပင်လေ အဟပ်မခံနိုင်သည့် အလား တစ်ယောက်နှင့်တစ်ယောက် အတင်းကာရော နပန်းဖက်လုံးကြကုန်၏။

"ဂုန်း"

"ဟာ... စင်ပြိုပြီ၊ စင်ပြိုကျပြီဟေ့"

"မီးဗျို... မီး.. မီး... မီး"

"ဟာ... ဘယ်မှာလဲ။ ဘယ်မှာလဲ"

"ကန်သင်းရိုးစပ်က အကြော်တဲဟောင်းလေးမှာ"

လူအားလုံး မီးရောင်ရာ ပြေးထွက်သွားကြ၏။

"ဟယ်... တဲက ထွက်လာတာ ဘယ်သူများပါလိမ့်"

"ဟော... ဟော... ကွမ်းယာသည်မလေး"

"ဟာ... သူနောက်က ဘူး... ဘူးသီးပုံကောင်ကြီး"

"ငြိမ်းကြပါ... သတ်ကြပါဟ"

"ဖျန်းဟေ့... ဖျန်းဖျန်း"



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေက ပြောင်းဆန်ကုန်ကြပါချေ၏။ လူသားအားလုံးမှာ တကာယ့်တကာယ် အရေးနှင့်အကြောင်း ပေါ်လာကြတော့လည်း ညီညွတ်မှု အရှိကြသား။ စာနယ်ဇင်းလောကအား အိုးမဲသုတ်ကြသူများ ပေါင်းစု ညီညွတ်စွာဖြင့် မီးကို အနိုင်ယူခဲ့ကြချေ၏။

ကာရာအိုကေစင်လည်း ကြောင်ခိုးသူနှင့် ဆဌာဂံငါးစင်ရိုင်းတို့၏ လက်ချော်ကြိုးပိုင်း ဆင်နွှဲခြင်းကြောင့် ပျက်စီးခြင်းမက ပျက်စီးသွားရချေတော့၏။ ဒေါ်ဆွဲမိ၏ အကြော်တဲကလေးမှာလည်း ဘူးသီးပုံမောင်တေမိ မည်သို့မည်ပုံ လုပ်လိုက်သည် မသိ။ တဲတစ်ခြမ်း ပြာကျသွားရလေ၏။

အနှစ်ချုပ်လိုက်လေသော်...

ကျွန်ုပ်တို့၏ ဖိုင်နင်ဆာ စွပ်ပရားနှင့်တကွ အခြေအနေတွေ ရှုန်းရင်းဆန်ခတ် ဖြစ်သွားရလေအောင် ကမျှော့လွန်းမက ကမျှော့လွန်း ကြသော ငနဲသားတွေ အားလုံး သူ့ကိုဖော်၊ ငါ့ကို ဖော်ပြီးသည့်နောက် အမှုကိစ္စ ဖြေရှင်းကြရန် အလို့ငှာ ထိုည(တစ်နည်းအားဖြင့်) ကာရာအိုကေ ညက သက်ဆိုင်ရာရဲစခန်းသို့ ရောက်ရှိသွားခဲ့ကြပါသတည်း။



www.burmeseclassic.com

www.burmeseclassic.com


# ပေါ့ပေါ့ပါးပါး . . .

# ဗျား


www.burmeseclassic.com

www.burmeseclassic.com


"ဒီပုံအတိုင်း ဆိုရင်ဖြင့် ကျုပ်ရဲ့ မဖြစ်ညစ်ကျယ် ဂျာနယ်လေးဟာ လှုပ်လေမြုပ်လေတော့ ဖြစ်တော့မယ် ထင်တာပဲ ကိုရွှေတောသားနဲ့ ကိုပလာယာ။ အို... အာလ္လာအရှင်၊ ကျွန်ုပ်မောင်စွပ်ပရားအား ကယ်တင်စောင့်ရှောက်တော်မူပါ"

ဘာမှန်းညာမှန်းမသိ မဖြစ်ညစ်ကျယ်ဂျာနယ်ရုံးခန်းထဲသို့ ထုတ် ဝေသူစွပ်ပရားသည် မထင်မှတ်ပါဘဲနှင့် စောစောစီးစီး ရောက်ရှိပြီး သကာလ အထက်ပါအတိုင်း ကျက်သရေ ကင်းမဲ့လှစွာ ညည်းတွားနေ လေတော့၏။ သို့စဉ်ကြိုက် ကျွန်ုပ် ကိုရွှေတောသားလည်း ဖျတ်ခနဲ ဆိုသလို တပည့်ကျော် ပလာယာကို လှမ်းရှုလိုက်၏။ ချက်ဆို မိုက်မှာ ကပ်နေတတ်သော တပည့်ကျော် ပလာယာသည် ကျွန်ုပ်၏ အရိပ်အကဲ အား နားလည်သဘောပေါက်သည့်အလား မသိမသာ ခေါင်းတစ်ချက် ဆတ်ပြကာ စွပ်ပရားထံ မျက်နှာမူလိုက်လေ၏။

"ဂျာနယ်စောင်ရေ ကျတာကို ပြောတာလား စွပ်ပရား... အဲ .. ဆရာမိုးမြင့်အာကာယ်"

"သေချာတာပေါ့ ကိုပလာယာ။ အခုကြည့်။ ဟောဒီ ရုံးခန်းဆိုတာ လွတ်လွတ်လပ်လပ် ထိုင်လို့မရလောက်အောင်ကိုပဲ ဂျာနယ်အဟောင်းပုံတွေ ပြည့်နေတယ် မဟုတ်လား။ အဲ... ဒါတွေမြင်ရလေ ကျုပ်မှာ ဖျားချင်လေလေပဲ"

"မမြင်ချင်ဘူးဆိုရင်လည်း လွယ်ပါသော်ကော ဆရာမိုးမြင့်အာယာကံရယ်"

"လုပ်... လုပ်စမ်းပါ ကိုပလာယာရယ်။ ဘယ်လိုမမြင် အောင် လုပ်မှာလဲ"

"ဘော်တယ်ဆိုင် ပို့လိုက်ရင် ကိစ္စပြတ်ရောပေါ့။ အဲ.. စျေး


www.burmeseclassic.com

www.burmeseclassic.com



နည်းနည်း ပိုလိုချင်ရင်တော့ ပဲခူးက အစီခံလုံးရုံကို ပို့ပေါ့။ ဒါပဲ ရှိတယ်လေ"

"အေးဗျာ ... ကောင်းသလိုသာ ကြည့်လုပ်ကြပါတော့။ ရှေ့လျှောက် အခြေအနေ ဆိုးမလာအောင် ကြိုကြိုဖန်ကြစမ်း ပါဦးဗျာ။ လိုအပ်တာလည်း ပြောပေါ့။ ကိုင်း ... ကျုပ် ဘူးသီးပုံ မောင်တေမိနဲ့ ချိန်းထားတာလေးရှိလို့ လစ်လိုက်ဦးမယ်"

သို့ကလို သူပြောချင်တာ၊ ဆိုချင်တာ မှန်သမျှကို အိတ်သွန် ဖာမှောက် ပြောချပြီးခဲ့သည့်နောက် စွပ်ပရားလည်း တင်ကလေးကောက် ကောက် ကောက်ကောက်နှင့် ဥရောပဖာကြီးကိုဆွဲကာ ဂျာနယ်ရုံးခန်းမှ ဆင်းသွား လေတော့၏။

"အင်း ... ပြောသွားပုံလေးကတော့ သင်းပါရဲ့။ ဘာတဲ့ လိုအပ်တာလည်း ပြောပေါ့တဲ့။ ဟာ .. ဟ၊ ရယ်ချင်လိုက်တာ ဖတ်ဖတ်မော၊ ရင်ဘတ်နောက်ကကျော။ ဟော .. ဟော အပြော ရွှေမန်း အကချိုမိုင်မိုင်ဆိုတာ ဒါပဲကွ ပလာယာ"

"သေချာတာပေါ့ အာစရိရယ်။ ဝတီက ဘူးသီးပုံမောင်တေမိ နဲ့ ပေါင်းပြီး မဟုတ်ကဟုတ်က ကိစ္စတွေမှာတော့ ပစ္စယော ဟောတု လုပ်ပြီး၊ ဂျာနယ်အတွက် အင်တာဗျူးလုပ်ဖို့တို့၊ ပွဲတက်ဖို့ ဓာတ်ပုံရိုက်ဖို့တို့ စတဲ့ကိစ္စတွေမှာ ငွေအား ဘာအား အကူအညီ ပေးရမှာကို မသိချင်ယောင် ဆောင်နေတဲ့ သူကများ လိုအပ်တာ လည်း ပြောပေါ့တဲ့။ လုပ်ချသွားလိုက်တာများ ကာပရိုက်တာ မောင်ခွင်ကျော်လိုပဲ။ ပါးစပ်ကလေးသာ ကောင်းနေတာ။ လက်တွေ့ ကျတော့ ဘာမှလာတာမဟုတ်ဘူး"

"ကဲပါ .. ပလာယာရယ်။ သူလည်း သူ့အကြောင်းနဲ့သူပဲ နေမှာပေါ့ကွယ်။ တို့များသာ သူ့ဆန်စား ရဲမှဆိုသလို ကိုယ်လုပ် စံရာရှိတာလုပ်၊ ကိုယ့်တာဝန် ကိုယ်ကျေဖို့ပဲ လိုပါတယ်"

ကျွန်ုပ်၏ လေပြေထိုးလိုက်မှုကြောင့် တပည့်ကျော်ပလာယာ ခမျာ ငြိမ်ကျသွားပါလေတော့၏။ ထို့နောက် နှစ်ယောက်သား တိုင်ပင်ထားကြသည့် အလား သူ့စားပွဲ၊ ကိုယ့်စားပွဲ နေရာအသီးသီး ယူလိုက်ကြကာ ကိုယ့်အလုပ် ကိုယ်လုပ်နေမိကြပါချေ၏။

ʏ ʏ ʏ



www.burmeseclassic.com

www.burmeseclassic.com


"ဒုန်း.. ဒုန်း.. ဒုန်း.."

"ဟ... တယ်လည်းပြင်းတဲ့ ခြေသံပါပဲကလား ပလာယာ ရေ"

"ဟုတ်တယ် အာစရိ။ ကျွန်တော်တို့ ဂျာနယ်တိုက်ကို တက်လာတာ လူမဟုတ်ဘူး။ ဆင်များ ဖြစ်နေမလားမသိဘူး"

"အေးကွာ... ဆင်မဟုတ်လည်း တခြား ခွာသံ လျှာသံ ပြင်းတဲ့ သတ္တဝါတစ်ကောင်ကောင် ဖြစ်လိမ့်မယ် မှတ်တယ်။ ဟော... ဟော"

ပြော၍ဆို၍မှ မဆုံးခင် ဂျာနယ်ရုံးခန်းအတွင်းသို့ လှမ်းလင့်ဝင်လာသူကား ယိုင်တိယိုင်ထိုး ဖြစ်နေသည့် ဆရာမောင်ပွေကြီး(ကတောင်း) ဖြစ်လေ၏။ ၎င်းကား ဘယ်ဘုံဆိုင်မှာ မော်တော်ဆပ်လာခဲ့သည် မသိ။ ဂျာနယ်ခန်းတစ်ခုလုံး ချဥ်စူးစူး ရနံ့တွေ ထောင်းထောင်းထလျက် ရှိချေ၏။

"အေ့... အဲ့... ဝေါ့..."

မောင်ပွေကြီး(ကတောင်း)သည် ဘယ်သူ့မှ လူမထင်သော ပုံစံ မျက်နှာပေးဖြင့် ဦးကျောက်လုံး အိုက်တင်ဖမ်းကာ ပေစောင်းပေစောင်း ဖြင့် လွတ်နေသော ခုံတွင် ဝင်ထိုင်လိုက်၏။ စာပေတိုက်တစ်ခုသို့ စာသမား တစ်ယောက် ရောက်ရှိလာခြင်းသည် အဆန်းမဟုတ်။ မူးယစ်သောက်စား လာသဖြင့် နှင်ထုတ်ဖို့ကလည်း မဖြစ်။ သည်တော့ ဆရာသမား အနိုင် ကျင့်သမျှကို ကျွန်ုပ်တို့ ဆရာတပည့် နှစ်ယောက် အောင့်အည်းသည်းခံ ရပေဦးမည်။

"ဒလနဲ့ ပန်းဆိုးတန်းဟာ ဘဝရဲ့ လမ်းဆိုးကြမ်းပမာ တောက်... သိပ်ကောင်းတဲ့ကဗျာ။ ဒါကို ဘယ်သူရေးသလဲ။ ဘယ်သူရေးသလဲ။ ထိုင်ပြီးတော့ကို ဦးချပစ်လိုက်ချင်တယ်။ မျက်နှာငွေလ ရွှင်ဖျပ်ပျနှင့် ခင်မ ဝမ်းမြောက်ပါလေတော့ ဟုတ်လား။ တောက်... ကောင်းလိုက်တဲ့ ဦးပုည။

မော်ဒန်ဆိုတဲ့ အမှိုက်သရိုက်တွေကို မီးတိုက်ပစ်ရမယ်။ ပြာတွေကို ရေမျှောပစ်ရမယ်။ အို... ကောင်းကင်နဲ့ မြေကြီး ငါ့အားပေးလော့"

မောင်ပွေကြီး(ကတောင်း)ကား ဘယ်သူဘယ်ဝါ နားထောင်ထောင် မထောင်ထောင် အရေးလုပ်မည့်ပုံမရ။ သူပြောချင်ဆိုချင်သမျှကို ရေရားရေလွှတ် အတွတ်တွတ် ပြောဆိုလေတော့၏။ သည့်အတွက် အလုပ်ကိုယ်စီကို


www.burmeseclassic.com

www.burmeseclassic.com



ကုန်ရှုန်းလုပ်နေကြသော ကျွန်ုပ်တို့ ဆရာတပည့်နှစ်ယောက်အဖို့ နှာခေါင်း မချမ်းသာခြင်း၊ နားမချမ်းသာခြင်း၊ မျက်စိမချမ်းသာခြင်းတို့ ဖြစ်လေရကား နေရာတကာတွင် ဆရာ့အလိုက်ကို သိတတ်လွန်းလှစွာသော ပလာယာက . .

"ဗျို့ . . . ဆရာမောင်ပွေကြီး ဒါ ဘုံဆိုင်မဟုတ်ဘူးခင်ဗျ။ ကျာနယ်ရုံးခန်း . . . ကျာနယ်ရုံးခန်း"

"သိဒယ် . . သိဒယ်။ ကျုပ် ဒီလောက် အိုင်ကျူမနိမ့်ဘူး။ ခုလာတာ ငါ့စကားနွားရ ပြောချင်ရာပြော၊ ဆိုချင်ရာဆိုဖို့ လာတာ မဟုတ်ဘူး။ ကိစ္စရှိလို့ လာရဒါ။ ကိစ္စရှိလို့"

"ကိုင်း . . . ဒါဖြင့်ပြော၊ ဘာကိစ္စလဲ"

"ကိစ္စက ခင်ဗျားအာစရိ ကိုရွှေတောသားရယ်၊ ခင်ဗျားရယ် ကို ကျုပ် အင်တာဗျူးဖို့ လာတာ"

"အာ . . . အင်တာဗျူး ဟုတ်စ"

"ဟုတ်တယ်။ အင်တာဗျူးမလို့။ ဒီတာဝန်ကို ခုတ်ထွင် တောင်ပံမဂ္ဂဇင်းက လိုင်စင်ပေးထားတာ"

"အမဲဖျက်လိုင်စင်နဲ့ မှားနေဦးမယ် ဆရာသမား"

"ထပ်ထရီ . . . ဘယ်ကလာ မှားရမှာလဲ။ အဲဒီမဂ္ဂဇင်းမှာ 'ခေတ်ပြိုင်အရှုပ်ပုံလွှာများ' ဆိုတဲ့ ခေါင်းစဉ်နဲ့ တစ်လတစ်ကြိမ် လုပ်စားနေတယ်။ ဟဲ . . ဟဲ . . ဟဲ"

"အေးဗျာ။ ဒါဆိုလည်း တခြားကို သွားပြီး လုပ်စားပါ။ ကျွန်တော်တို့ ဆရာတပည့်ကို ချမ်းသာပေးပါ။ ဆရာ အင်တာဗျူးရလောက်အောင် ကျွန်တော်တို့ ဆရာတပည့်တွေမှာ အရည် အချင်း မပြည့်သေးပါဘူး"

"ဒီလိုလည်း ကိုယ့်ကိုယ်ကို မနှိမ့်ချနဲ့လေ"

"တကယ်ပြောတာပါ ဆရာကိုပွေကြီးရယ်။ ကျွန်တော်တို့ ဆရာမေးတဲ့ မေးခွန်းတွေကို မဖြေနိုင်တာ အမှန်ပါ"

"ဟာ . . . ဒါ ဘာခက်တာမှတ်လို့။ ကျုပ်ရဲ့ မေးခွန်းတွေက ကော်ပီတူ ကော်ပီပဲဥစ္စာ။ ဘာခက်တာမှတ်လို့။ စာပေနယ်ကို ဘယ်တုန်းက စဝင်သလဲ။ ဝတ္ထုနဲ့လား၊ ကဗျာနဲ့လား။ ကွန်နဲ့ မော်ဒန်သမားတွေရဲ့ ဗီဝိနိချုပ် အနားသတ်လားရာဂတိ မြင်ကွင်းကို ဘယ်အချိန်လောက်မှာများ ကျွန်တော်တို့ မြင်တွေ့နိုင်ပါသလဲ။



www.burmeseclassic.com

www.burmeseclassic.com


မလိုအပ်ဘဲ ချဲ့ထွင်ရေးသားပြီး စကားလုံးတွေ ဖောင်းပွလွန်းမက ဖောင်းပွ၊ တောင်ရောက်မြောက်ရောက် ရေးသားနေတဲ့ ကနေ့ဝတ္ထုတို တွေပေါ် အမြင်။ ဝတ္ထုတိုဆိုတာ ဘာလဲ။ အပြောစကားပြေနဲ့ ဝတ္ထုတိုရေးတာနဲ့ စာစကားပြေနဲ့ ဝတ္ထုတိုရေးတာ ဘယ်ဟာက ပိုကောင်းမယ် ထင်ပါသလဲ။ ပုံသဏ္ဌာန်နဲ့ အကြောင်းအရာ ဘယ်ဟာက ပိုအရေးကြီးသလဲ။ အဲဒီမေးခွန်းတွေပဲ မေးမှာပါ။ အဆုံးသတ်ကတော့ ကိုယ့်ကို လုပ်စားခွင့်ပေးနေတဲ့ မဂ္ဂဇင်းကို ဖားတဲ့အနေနဲ့ ကနေ့အောင်မြင်ကျော်ကြား လူကြိုက်များနေတဲ့ ခုတ်ထွင်တောင်ပံမဂ္ဂဇင်း ကို ဘယ်လိုမြင်ပါသလဲ၊ ဘာလဲ၊ ညာလဲပေါ့လေ"

"အဲဒီ ဘာလဲ၊ ညာလဲကိုတောင် မဖြေတတ်တာ ကိုပွေ ကြီးရဲ"

"တော်တော်လည်း ထူးချွန် ထက်မြက်ပေတာပဲ။ စာပေ လောကကို ဘယ်လိုနည်းနဲ့များ ဝင်လာသလဲ မသိဘူး"

"ဘယ်လိုနည်းနဲ့မှ မဟုတ်ဘူး။ (၃၃)လမ်းဘက် လျှောက် ရင်းနဲ့ ဝင်ခဲ့တာ"

"ကိုင်းပါ... ကိုပလာယာရယ်။ သိပ်လည်း တင်းမနေပါ နဲ့တော့။ ခင်ဗျားတို့ မဖြေတတ်ဘူးဆိုရင် ကိုယ့်ဘာသာကိုယ် လုပ်ကြံဖန်တီးပြီး ဖြေလိုက်ပါ့မယ်။ ဒီလောက်ကတော့ မောင်ပွေ ကြီး(ကတောင်း)အဖို့ မှိုင်နာ့ပါ"

"ကိုပွေကြီးရယ်... အဲသလိုမျိုး ဘယ်သူတွေကို လုပ်ခဲ့ ပြီးပြီလဲ"

"အဟိ ... သိပ်မများပါဘူး။ တစ်ယောက်တည်းကိုပါ။ အဲဒီအတွက် ကျုပ်ကိစ္စ ဂယက်ရိုက်ပြီး လှုပ်လှုပ်ခတ်ခတ် ဖြစ် သွားတယ်။ ကျုပ်လည်း နာမည်ကြီးသွားတယ်။ ဟဲ.. ဟဲ.. မနိပ်လား ကိုပလာယာ။ ပြောမယ့်သာ ပြောတာ မဟုတ်ဘူး။ ဒီအလုပ်ဟာ ကျုပ်အတွက် တော်တော်လေး ကိုက်တဲ့အလုပ်။ မေးခွန်းကို မိတ္တူဆွဲပြီးပေး။ သူတို့ဘာသာသူတို့ ဖြေလာတာကို ကျုပ်က ကျုပ်ကလောင်လေး အဆုံးမှာ တပ်လိုက်ရုံပဲ။ စာမူခလည်း စာအုပ်ရတော့လည်း ရောင်းစား။ ကဲ... မနိပ် လား"

အကြံသမား မောင်ပွေကြီး(ကတောင်း)က ကိုယ့်စကား ဘယ်ရောက်၍ ဘယ်ပေါက်နေသည် မသိ။ ငါ့စကား နွားရ လုပ်နေလေ၏။


www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း... ဘယ်လိုလဲ။ မေးခွန်းတွေ ထားခဲ့ရမလား"

"ဟာ... မထားခဲ့နဲ့။ မထားခဲ့နဲ့။ ပြန်ယူသွား"

"ဒါဖြင့် ကျုပ်ဘာသာကျုပ်ပဲ ကြည့်ကောင်းအောင် အဖြေတွေ ရေးချလိုက်ရမလား"

"မလုပ်နဲ့။ အဲသည်လိုလုပ်ရင် တရားစွဲမှာနော်။ ရှုတ်ရှုတ် ရှုတ်ရှုတ် လုပ်မယ်ဆိုရင် ခုကတည်းက ဂျာနယ်စာမျက်နှာကနေ သတိပေးတားမြစ်ပြီး ခင်ဗျားလုပ်ရပ်တွေကို ဖော်လိုက်မှာ နော်"

"အယ်... "

ပလာယာ၏ အခြေအမြစ်ကျကျ ပြောဆိုလိုက်သော စကားက မောင်ပွေကြီး(ကတောင်း)ကို ဘာမှ မလုပ်နိုင်အောင် ပါးစပ်အဟောင်း သား ဖြစ်သွားစေခဲ့သည်။ ထို့နောက်တွင်မှ ဝုန်းဆို ကုလားထိုင်မှ ထကာ ပြာကျသွားစေနိုင်လောက်သော မျက်ထောင့်နီကြီးဖြင့် ကျွန်ုပ်တို့ ဆရာ တပည့်နှစ်ယောက်အား မျက်စောင်းလှမ်းထိုးကာ ဆောင့်ဆောင့်အောင့် အောင့်နှင့် အခန်းမှ ထွက်ပြီး အောက်သို့ ဆင်းသည့်သကာလ...

"ဝရုန်း... ရုန်း... ဂလုံး... ဒိုင်း... အမလေး... သေပါပြီဗျို့"

ဆိုသည့် မချိမဆန့်အသံကြီးကို ကြားရလေရာ ကျွန်ုပ်တို့ ဆရာ တပည့်လည်း နေရာမှ ပြိုင်တူထလျက် သွားရောက် ရှုစားလေသည့် အခိုက် လှေကားပေါ်မှ တလိမ့်ခေါက်ကွေး ကျလျက် နဖူးပြင်တစ်ခုလုံး သွေးတွေ ရဲနေသည့် ဆရာမောင်ပွေကြီး(ကတောင်း)အား စိတ်မချမ်းသာ ဖွယ်ရာ တွေ့မြင်လိုက်ရပါသတည်း။

www.burmeseclassic.com

www.burmeseclassic.com


# ရစ်တတ်လေသူ

# လူ

# နှစ်ယောက်ရယ်...


www.burmeseclassic.com

www.burmeseclassic.com



**'လေအန်ကုန်း'** ဟူ၍ အမည်သညာ ရှိပေထသော အရပ်ဒေသကလေး၌ တနင်္ဂနွေနေ့မှအပ ကျန်(၆)ရက်တာကာလ၏ နံနက်ခင်းများ၀ယ် ကိုရွှေတောသားအပါအ၀င် စာပေသမားများသည် တစ်ဦးနှင့်တစ်ဦး သံယောဇဉ်တင်းစွာဖြင့် ဆုံစည်းလေ့ရှိကြ၏။ စာအကြောင်း၊ ပေအကြောင်းတွေ လေဖောင်ကြ၏။ ရေနွေးကြမ်းအိုးတွေကို တစ်အိုးပြီးတစ်အိုး ထည့်လဲမှာကြ၏။ ဆိုင်ရှင်ကား စာရေးဆရာ များအပေါ် နားလည်ခွင့်လွှတ်လျက် ငြိုငြင်ခြင်းမရှိဘဲ 'သောက်စမ်း၊ ပေါက်စမ်း' ဟူ၍ သဘောကောင်းထားရှိကာ ရေနွေးကြမ်းအိုးပူပူများကို ထည့်လဲချပေးလေ၏။

သည်ကနေ့ လေအန်ကုန်းရှိရာသို့ ကိုရွှေတောသား ရောက်ရှိချိန်မှာတော့ လူတွေက တော်တော်ကလေးကို စုံနေပါပြီကော။

'ကျော်ဗျင်းမိုင်' မည်သော အသားနီစပ်စပ်၊ ဒေါင်ကောင်းကောင်းနှင့် တစ်ဖက်က ၀မ်းစာရေးအတွက် ၀က်သိုးအငှားလိုက်ရင်း ဟာသစာတွေ ဂမ္ဘီရဝတ္ထုတွေ ရေးသားလျက်ရှိသည့် ဆရာသမားအား ဆိုင်အ၀တွင် မနုဿီဟရုပ်ကြီးအလား ကြောက်ခမန်းလိလိ တွေ့လိုက်ရ၏။ ဆရာသမားသည် ၎င်းနေထိုင်ရာ သန်လျင်မှ ဤလေအန်ကုန်းရှိရာသို့ လှုပ်လီလှုပ်လဲ့ ရောက်လာရင်း ဆိုင်တွင်းသို့မ၀င်ဘဲ ဆိုင်ပေါက်၀၌ ထိုင်လျက် လမ်းသွားလမ်းလာများ (အထူးသဖြင့်) အမျိုးသမီးထုကို ငေးငေးကြည့်လေရာ လက်ရှိရယူထားသော သိကြားမင်း ကြင်ရာနှစ်ထပ်ကိန်းကို ရိုက်ချိုးတော့မည်လောဟု ကိုရွှေတောသား တွေးမိပါသေး၏။ စားပွဲတွေမှာက လူစုံတက်စုံ။ သန်လျင်မှပင် ရောက်လာကြသည့် မောင်စွင့်ကား (ဘိုကလေး)၊ မောင်ပွေးရင့်၊ သန်လျင်ပြောင်မြောင်မှူး ကျည်ပွေ့အိမ်၊ ထွန်ကျူးတို့ကိုလည်းကောင်း၊ ဒလအရပ်မှ သမ္မန်ဖြင့်ကူးလာသည့် ၀ေဖန်ရေးဆရာ ဖြိုးပိန်ကိုလည်းကောင်း၊ သာကေတမှ မော်၀န်း



www.burmeseclassic.com

www.burmeseclassic.com


စီပလပ်ကို လည်းကောင်း၊ ဒေါပုံမှ ကော်ဇောသိမ်း(ဒေါပုံ)၊ အိုးခြမ်းခွံ(ရာမညာ)တို့ကိုလည်းကောင်း၊ မြောက်ဒဂုံမှ မောင်ခွင့်ရှောင်ကို လည်းကောင်း တွံတေးမှ ဘလာဖြူနှင့် မင်းတင်ပြောင်(တွံတေး)ကို လည်းကောင်း၊ ထောက်ကြန့်မှ မောင်ရန်စ(လယ်မနီး)နှင့် ဝေမိုးခေါင်ကို လည်းကောင်း၊ အင်းစိန်မှ မောင်ပြာယာကိုလည်းကောင်း၊ မရမ်းကုန်းမှ အောင်ပုရှိန်(ငကျွဲ)နှင့် ဗဟန်းမှ မောင်ရစ်(စကွဲငစိန်)ကိုလည်းကောင်း စာပေဗိမာန် စာကြည့်တိုက်မှ ကဗျာဆရာ ငွေမြင့်မှိုင်၊ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းမှ ကဗျာဆရာ 'ဝင်းဝေ ပြောင်'တို့ကိုလည်းကောင်း တစ်စုတစ်ဝေးကြီး တွေ့လိုက်ရလေရာ 'ဟိုက်ရှားဘား' ဟူ၍ပင် တ,ရမလို ဖြစ်သွားရလေတော့၏။

ဆိုင်ရှင်က ကိုရွှေတောသားတို့ လောကသားများအား လေမျိုး (၈၀)သမားတွေမှန်း သဘောပေါက်ထားသည်မို့ တစ်စုတစ်ဝေးတည်း ထိုင်ကြရန်၊ လေအန်ကြရန် စားပွဲအရှည်ကြီးဖြစ်အောင် ဆက်ပေးရှာပါ၏။ ထိုရောအခါဝယ် ကိုရွှေတောသားတို့ အပေါက်ဝတွင်ရှိနေသော ဆရာ ကျော်ဖျင်းမှိုင် ရောက်ချလာခဲ့သည်။

"ဘယ်လိုတုံး ဆရာကျော်ဖျင်းမှိုင်။ စောစောစီးစီး မှုန်နေ ပြီလား"

"ဘာကွ။ ဘယ်လို ပြောလိုက်တာလဲ တောသား။ မောင်ရင်နော် ... သန်လျင်အရက်ဆိုင်မှာ ကိုယ့်မိန်းမ နေ့တိုင်း အမြည်းရောင်းတဲ့ ဝက်သားတုတ်ထိုးတွေလို ပုံပျက်ပန်းပျက် ဖြစ်သွားချင်လို့လား"

"ဟာ ... မလုပ်လိုက်ပါနဲ့ ဆရာရယ်။ ကြောက်ပါတယ်။ ဆရာက အထဲမဝင်ဘဲ အပေါက်ဝမှ တစ်သီးတခြားကြီး ထိုင် နေတော့ အကြံအစည်တစ်ခုခု ရှိရမယ်ဆိုပြီး သဘောရိုးနဲ့ ပွင့်လင်းစွာ မေးမိတာပါဗျာ"

"အေး ... ဒီလိုဆိုလည်း ရှိစေတော့၊ ခွင့်လွှတ်တယ်။ ငါက အဲသလို ပြောင်ပြောတာမှ ကြိုက်တာ။ ချချင်ရင် ပြောင် သာချ။ ကွယ်ရာမှာ ဓာန်ရေးပြတာတို့ကို ရွံတယ်။ ဟွန်း... ဟွန်း.. ဟွန်း။ ငါ အဝမှာ ထိုင်နေတာက မနေ့တုန်းက သီလဝ ဦးကျော်သန်းနဲ့ ဆုံတော့ သူ့ဘာသာရေးမဂ္ဂဇင်း ဖြန့်တဲ့နေ့ဆိုပြီး ဒီနေ့ လေအန်ကုန်းမှာ စပွန်ဆာ လာလုပ်မယ်ကြားလို့ ထွက်မျှော်နေတာကွ သိရဲ့လား ဟော.. ဟော.. တွေ့လား။ လာနေပြီ.. လာနေပြီ"

ဆရာကျော်ဖျင်းမှိုင် ပြောသလိုပင် သီလဝဦးကျော်သန်းသည် သီလဝ


www.burmeseclassic.com

www.burmeseclassic.com



ဘာသာရေးမင်္ဂလာဖွင်းအသစ်များကို ယူဆောင်လာပြီး ဆိုင်တွင်းရှိ ဝိုင်းတော်သားအားလုံးကို တစ်ယောက်မကျန် မေတ္တာလက်ဆောင်ပေး၏။ ပြီးသည်နှင့် "ဆရာတို့ စားချင်ရာ၊ သောက်ချင်ရာတို့ကို မှာယူသုံးဆောင်ကြပါ။ ဒီနေ့ တစ်ဝိုင်းလုံးကို ကျွန်တော်ရှင်းပါရစေ"ဟူသည့် စကားကို ဆိုလာလေရာ ဝိုင်းတော်သားအားလုံး ချက်ချင်းဆိုသလို စားပွဲထိုးတွေ မျက်စိလည်အောင် မှာယူလေတော့၏။

"ပလိန်းနော်... ပလိန်း"

"စီးကရက်ချပေ့ာ... "

"တို့က ကျဆိမ့်၊ ဟိုက ပုံမှန်၊ သူက ပေါ့ဆိမ့်"

"မုန့်ဟင်းခါးကို ဘဲဥတစ်ခြမ်းထည့်မယ်"

"စူပါကွေကာလုပ်ပေ့ာ"

ဒကာတော် ရေမြေရှင် ပေါ်လာသည်မို့ 'အခွင့်သာခိုက်၊ မတွယ်လိုက်က၊ အမိုက်နှင့်ပြင် ရှိဦးမလား' ဟူ၍ သွက်လက်ချက်ချာစွာ မှာယူစားသောက်ရင်း သီလဝမင်္ဂလာဖွင်း ဆထက်ထမ်းပိုး အောင်မြင်ပါ စေကြောင်း ဆုတောင်းပေးလိုက်ကြချေ၏။ ဒကာတော် ဦးကျော်သန်းကား စေတနာ သန့်သန့်ဖြင့် ညှို့ခံကျွေးမွေးရ၍ ကြည်နူးရွှင်ပျမဆုံး။

"တောသားရေ... ခဏနော်။ ငါ ဖုန်းဆက်ချင်လို့"

နံဘေးတွင် ရှိနေသော မောင်ရစ်(စကွဲငစိန်)က သူ့ဘာသာသူ သူ့အလုပ်ကိစ္စအတွက် သူ့ဟန်းဖုန်းထုတ်ကာ ဆက်မည့်အရေးအတွက် ကိုရွှေတောသားအား ခွင့်ပြုချက် တောင်းနေလေ၏။ မောင်ရင်(စကွဲငစိန်) မှာ လူထုထုထဲ ရောက်နေပြီဆိုလျှင် ဘာရယ်ညာရယ်မဟုတ်။ လူရှိန်အောင်ဟု ဆိုကာ သူ့ဟန်းဖုန်းကို ထုတ်ထုတ် ဆက်လေ၏။ ဆက်လျှင်လည်း ရိုးရိုး ဆက်သည် မဟုတ်။ တစ်ဖက်သားကို ဖိနှိပ်တတ်ပါသေး၏။

"ဩော်... ကိုယ်အခု ဆက်နေတာလား 'ဂျေဒိုးနတ်'က လေ။ အေး ... အဲဒီက ဆက်နေတာ။ 'စင်ထရယ်'တို့ 'ဆီဒိုးနား' တို့ကိုတောင် ရောက်ခဲ့သေးတယ်။ အဲဒီမှာ မဆက်ဖြစ်လို့ ဟောဒီ ဂျေဒိုးနတ်ရောက်မှ ဆက်ရတာ။ နေကောင်းတယ် မဟုတ်လား။ ကိုယ်တော့ စမြင်းတုံးတွေခံပြီး ဝမ်းချုပ်သလို ဖြစ်နေသေးတယ်။ ဂျေဒိုးနတ်က ဆင်းပြီး 'အေအေဖာမယ်စီ' ကိုရောက်မှ ဝမ်းချုပ်ဆေး ဝယ်ပြီး ကိစ္စရှင်းရမယ်။ အိုကေ... အိုကေ... ဒါပဲနော်"



www.burmeseclassic.com

www.burmeseclassic.com


အဲသည်လိုမျိုး ဆင့်ပါးစပ်ကို အနာလုပ်တတ်၍ ကိုရွှေတောသားက တစ်ခါတစ်ခါ စာတွေထဲ ထည့်ထည့်ရေးတတ်လေရာ အတော်ကြီး ဆင်ခြင်သွားခဲ့ဖူးလေ၏။ ဟော... ယခု လာပြန်ပါချေပြီ။

"ဟလို.. ဟလို.. အေး.. ဟုတ်တယ်။ ငါ မောင်ရစ်ပါ။ မင်းတို့ ဝက်ခြံအတွက် သားတင်ဖို့ကိစ္စ ပူမနေနဲ့တော့။ ဟောဒီမှာ ငါ့မိတ်ဆွေ ဝက်သိုးပိုင်ရှင် ဆရာကျော်ဖျင်းမှိုင် ရောက်နေတယ်။ သူ့ဝက်သိုးကို သူက အကျအန ရှယ်မွေးထားတာ။ မျိုးအောင်ဖို့ရာ မပူနဲ့။ သခင်လိုပဲ စိတ်ချရတယ်။ နှုန်းကတော့ ထုံးစံအတိုင်းသာ ပေးလိုက် ကြားလား။ အိုကေနော်... အိုကေ"

မောင်ရစ်(စကွဲငစိန်)ကား ကိုရွှေတောသားတို့ လေအန်ကုန်းတွင် ဝိုင်းဖွဲ့ထိုင်လျက် စားရင်းသောက်ရင်းဖြင့် ဟန်းဖုန်းလေးတစ်ခုနှင့် အလုပ်ဖြစ်နေ၏။ သည်လိုမျိုး ဖြတ်ထိုးဉာဏ်ကောင်း၍ သွက်လက်ချက်ချာ၍ အကွက်ကောင်း၍ ကြံရည်ဖန်ရည် ထက်မြက်၍ ပေါင်းတတ်၊သင်းတတ်၊ ပေးတတ်၊ကမ်းတတ်၍ တိုက်နှင့်ကားနှင့် အသုံးအဆောင်တွေ ပြည့်စုံစွာနှင့် လူတစ်လုံးသူတစ်လုံး ဖြစ်နေခဲ့သည် မဟုတ်ပါလော။ ပြီးတော့ စာပေနယ်ပယ်၌ မောင်ရစ်(စကွဲငစိန်)မည်သော ကလောင်တစ်ချောင်းကိုလည်း ပိုင်ဆိုင်ထားပေသေးရာ အားကျစရာ ကောင်းသော ပုဂ္ဂိုလ်တစ်ဦးဟုလည်း ဆိုနိုင်ကောင်း၏။

ဝိုင်းတစ်ခုလုံးမှာတော့ စကားသံတွေက တသောသော တဝေါဝေါ။

"ဟာ... ဝိုင်းဖျက်မယ့်သူ လာနေပြီဟေ့"

ဝိုင်းထဲမှ တစ်ဦးက ပြောလိုက်လေရာ ကိုရွှေတောသားတို့လည်း ဖျတ်ခနဲဆိုသလို ဆိုင်ဝသို့ လှမ်းကြည့်မိကြလေ၏။ အယ်... မောင်မွေကြီး(ကတောင်း)ပါတကား။

၎င်းသည် မျက်နှာကို ရှစ်ခေါက်ချိုး ချိုးထား၏။ မျက်လုံးကို သာမန်ထက် တစ်ဆခွဲမျှ ပိုပြူးထား၏။ နှာခေါင်းကို ယုန်သတ္တဝါအလား တရှုံ့ရှုံ့လုပ်၏။ နှုတ်ခမ်းထောင့်စွန်းများသည် တစ်ခါတစ်ရံ 'ပစောက်'ပုံ သို့ ပြောင်း၏။ တစ်ခါတစ်ရံ၌ 'ဂငယ်'သဏ္ဌာန် ကုပ်ချင်ကုပ်သွားတတ်၏။ ၎င်းအား ကွယ်လွန်သူ အကယ်ဒမီဦးကျော်လုံး အိုက်တင်ကို ပုံတူ ကူးချထားလေ သတကား။ သည်အမူအရာ ထင်ဟပ်ပြီဆိုကတည်းက မောင်မွေကြီး(ကတောင်း) တစ်ယောက် မောနင်း 'ပက်'လာသည်မှာ ထင်ရှားပေစွ။ ဟော... ကြည့်။


www.burmeseclassic.com

www.burmeseclassic.com



အမူအရာသာမက အပြောအဆိုကပါ သက်သေခံလာကြပြီကော။

"ဟော့ . . . တောသား။ ဒလနဲ့ ပန်းဆိုးတန်းဟာ ဘ၀ရဲ့ လမ်းဆုံးကြမ်းပမာတဲ့ကွ မှတ်ထား။ ဒါဟာ ကဗျာဆန်တဲ့ စကား ပြောလို့ ခေါ်တယ်"

ဘယ်သူကမှလည်း မမေး၊ ဘယ်သူကမှလည်း စကားမစပါဘဲနှင့် မောင်ပွေကြီး(ကတောင်း)တစ်ယောက် ငါ့စကားနွားရ လုပ်ချနေပေပြီ။

"ဆရာပွေကြီး လက်ဖက်ရည် သောက်လေ"

ဒကာတော် ဦးကျော်သန်းက စေတနာအရင်းခံဖြင့် စကားဆိုသည်။ မောင်ပွေကြီးသည် နဖူးပြောင်ပြောင်နှင့် ဖွဲ့စည်းတည်ဆောက်ထားသည့် ဦးခေါင်းကို တွင်တွင်ခါယမ်း၏။

"လက်ဖက်ရည်နဲ့ မတည့်ဘူး။ အရက်ပဲ ထပ်ချမယ်။ တစ်ရာပေး"

စကားသံက ခပ်ပြတ်ပြတ်။ မျက်လုံးအကြည့်တွေက လူမိုက်အကြည့်။ သည်တော့လည်း အရက်ထပ်မသောက်ရေး စိတ်အာရုံပြောင်း စေရေးအတွက် ဝိုင်းထဲရှိ မောင်ခွင့်ရှောင်က စကားလမ်းကြောင်းကို ပြောင်းလိုက်သည်။

"ဒီတစ်လ ခုတ်ထွင်တောင်ပံမဂ္ဂဇင်း'ထဲက ကိုပွေကြီးရဲ့ 'ဆေးဆရာ'ဝတ္ထုတကယ်ကောင်းတယ်ဗျာ"

"ဟော . . . ဟုတ်သလား။ ပြောပါဦး . . . ဘာကောင်းတာလဲ"

"လူနာကို ငါးသလောက်ကင် ကျွေးတဲ့နေရာလေး ဖတ်နေရင်းက ထမင်းတောင် ဆာလာသလိုပဲ"

"ဟဲ . . ဟဲ . . ဟဲ . . . ဟုတ်တယ် ဟုတ်တယ်။ စကားပြေ ကောင်းဆိုတာ ဒါကိုခေါ်တာ"

"ဒါထက် အဲဒီဝတ္ထုကို လွန်ခဲ့တဲ့ နှစ်နှစ်လောက်တုန်းက မဂ္ဂဇင်းတစ်အုပ်မှာ ကျွန်တော် ဖတ်ခဲ့ဖူးသလိုပဲ"

"ဖတ်ဖူးရမယ်လေ . . . ဖတ်ဖူးရမှာပေါ့။ ကိုယ်က အခုဆို ဘာစကားပြေ အသစ်တွေကိုမှ မရေးတော့ဘူး။ အဲဒီ ရေးပြီးသား အဟောင်းတွေကိုပဲ ပြန်ပြန်ကူးပြီး ပို့နေတာ။ ခု မောင်ရင် ဖတ်ရတဲ့ ဆေးဆရာဝတ္ထုဟာ ရှစ်ခါတိတိ ပါပြီးသွားပြီ။ 'အမေ့ ဝတ္ထု'ဆို ဆယ့်ငါးခါ ပြည့်တော့မယ်"

"ဟိုက်ရှားဘား"



www.burmeseclassic.com

www.burmeseclassic.com



"ဟ... ဘာဖြစ်တာလဲ ကျော်ဗျင်းမှိုင်... ဘာဖြစ်တာ လဲ။ ဘာလဲ ငါ့ကို အရက်တိုက်မလို့လား။ မတိုက်နဲ့။ သေသွားမယ်.. ဟွန်း... ဟွန်း... ဟွန်း။ မင်းမတိုက်ခင် ငါ မင်းကို ခေတ်ပြိုင် အရုပ်ပုံလွှာများမှာ အင်တာဗျူးချင်တယ်။ မေးခွန်း မပေးတော့ဘူး။ ထွက်သွားတဲ့ စာအုပ်တွေထဲမှာပါတဲ့ မေးခွန်းတွေကို ကြည့်ပြီး ဖြေရုံပဲ။ အဲ... ဓာတ်ပုံလည်း တစ်ပုံပေးဦး"

"ဟေ့ကောင် ပွေကြီး။ ဒီမှာ ငါ့အံသွားတွေကို ကြည့်စမ်း။ တိုနေပြီ၊ တွေ့တယ် မဟုတ်လား။ ဒီမှာ မင်းထက် ပန်ကာကျ တဲ့သူဆိုတာ ငါပဲလို့ သဘောပေါက်။ မင့်ဘာသာမင်း တခြားလူကို သွားဗျူး၊ ငါ့လာမဗျူးနဲ့"

လေအန်ကုန်စကားဝိုင်းကား ဘာမဟုတ် ညာမဟုတ်နဲ့ ပျက် တော့မည် ထင်သည်။ ထိုအခိုက် ခြေတွင် ဖိနပ်မပါ။ လွယ်အိတ်အမြီး ပြတ်ကိုလွယ်လျက် စောင်းငန်းစောင်းငန်းနှင့် 'တောင်စွန်းလှမ်းတောင်း' ရောက်ချလာ၏။ သေားပတ်ဝန်းကျင်ကို နည်းနည်းကလေးမှ ဂရုစိုက်ဟန် မတူ။ သီချင်းကလေး တကြော်ကြော်နှင့်ပါတကား။

"တစ်ယောက်တစ်နယ်စီမှာနေ... ပိတောက်နဲ့ ချယ်ရီ ပမာလေ ... ကိုယ်နဲ့မင်းရဲ့ ဘဝလိုသာပေ... မနီးသေး... ခရီးဝေးကြပေမဲ့ ... တကယ်အရေးကြီးတော့ ... သွေးနီးခဲ့တာ အစဉ်သာပေ ... ချစ်သော မောမြေကလေ... နန်းချယ်ရီ သက်ထားချစ်ခွေရေ"

သီချင်းသားဆုံးသည်နှင့် ဘာလုပ်သည် မှတ်သနည်း။ ဘာမပြော ညာမပြောနှင့် စားပွဲပေါ်ရှိ စမူဆာ(၂)ခုအား ဆတ်ခနဲ လှမ်းယူကာ တကျွမ်းကျွမ်းနှင့် ဝါးတော့၏။ သည်လိုမျိုး ပေါက်မြောက်ပြီး ခထာခထာ လာလာလုပ်တတ်လွန်း၍ ဝိုင်းမှ လူများက သိပ်မကြည်။

"ဟေ့ကောင်... တောသား။ ငါ့မှာ ဖိနပ်မရှိဘူး။ အဲဒီ တော့ ဦးထုပ်တစ်လုံး ဝယ်ပေး"

စကားတွေက အဆက်မစပ်မရှိ။ သင်းလည်း မောင်ပွေကြီးကဲ့သို့ နည်းနည်းမက မှန်လာပုံရသည်။ သင်း၏ မယဉ်ကျေးသော အပြုအမူကို မောင်ပွေကြီးသည် ပြာကျသွားစေနိုင်သော မျက်လုံးများဖြင့် ပြူးကြည့်၏။

"ဟေ့ကောင်... လှမ်းတောင်း။ ကဗျာဆရာ အစုတ်ပလုတ်။ စည်းကျိုးဝါးကျိုးနဲ့ မင်းရေးတဲ့ကဗျာ တစ်ပုဒ်မှ အသုံး မကျဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ.. ဘာ.. ဘာပြောတယ် ကိုပွေကြီး။ ကျုပ်ကဗျာကို အသုံးမကျဘူးလို့ ပြောရအောင် ခင်ဗျားက ကဗျာရေးဖူးလို့လား။ ကဗျာအကြောင်းရော ဘယ်လောက် နားလည်လို့လဲ"

"အောင်မာ.. ရာရာစစ လာလာချည်သေးတော့။ ရယ်ချင်လိုက်တာ ဖတ်ဖတ်မော ရင်ဘတ်နောက်က ကျော။ ဒီမှာ လှမ်းတောင်း... မင်း 'တဂိုး'ကို သိလား"

"မသိဘူး"

"ယက်ဖ်တူရှင်ကို,ကိုရော"

"မသိဘူး"

"ရှယ်လီတို့ ဘိုင်ရွန်တို့ ဂျွန်ကီတို့ အိုမာခယမ်တို့ရော သိလား"

"မသိဘူး။ ခင်ဗျာ့ပထွေးတွေကို ကျုပ်မသိဘူး။ ကျုပ်က မြန်မာကဗျာဆရာ၊ မြန်မာကဗျာ စာဆိုတွေကိုပဲ သိတယ်"

"တော်တော်တုံးတဲ့ကောင်။ ဒါ့ကြောင့် မတိုးတက်တာ"

"ခင်ဗျားမှ ဖအေကျော်ပြီး ပထွေးလွမ်းနေတာ"

"ဟေ့ကောင်... မင်းဘာဖြစ်ချင်လဲ"

"ခင်ဗျားကကော ဘာဖြစ်ချင်လဲ.. ပြော.. ပြော"

အခြေအနေက တင်းမာလာသည်။ လေအန်ကုန်းမှာ သည်လိုမျိုး ရှုန်းရင်းဆန်ခတ် ဖြစ်သွားလို့က တကယ့်ကို ကျော်မကောင်း ကြားမကောင်း။ သည်တော့ ၎င်းတို့နှစ်ဦးကို အမြန်ဆုံးခွဲထုတ်မှ ဖြစ်တော့မည်။ ဤသို့ ဆရာဦးကျော်သန်းက ၎င်းတို့အား တစ်ယောက်ငါးရာစီ ပေးလိုက်၏။ ပြီးတော့ ဆိုင်ရှင်မရိပ်မိအောင် တစ်ယောက်ချင်းကို လှူချင်း ခွဲထုတ်ကာ လှူချင်းခွဲစေလိုက်၏။

တော်ပါသေးရဲ့။

ဆိုင်ထဲက ထွက်သွားကြပေလို့။ ဒါပေသည့် အပြင်မှာ တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင်ပြီး ဆွဲလားရမ်းလား လုပ်ကြလျှင် အခက်။ သည်တော့လည်း မသိမသာဆိုသလို အကဲခတ်ရန် သွက်သွက်လက်လက်ရှိသော မောင်ခွင့်ရှောင်ကို တာဝန်ပေးလိုက်သည်။

"ဘယ်လိုလဲဟေ့"

ဘယ်လိုလဲဆိုတော့ အံ့ဩစရာပဲ ဆရာတို့ရေ။ (၁၅)လမ်းကြားက ခွက်ပုန်းဆိုင်မှာ နှစ်ယောက်သား လည်ပင်းဖက်ပြီး



www.burmeseclassic.com

www.burmeseclassic.com


ခွက်လှည့်သောက်နေကြတယ် ဆရာ"

"ဟေ"

"ဟုတ်တယ်။ သောက်ပြီးရင် ဒီလာပြီး ရစ်ဦးမှာ သေချာ တယ်။ ဒီတော့ အာရုံမနောက်ရအောင် ကျွန်တော်တို့အားလုံး လက်စ ဖြတ်ကြရင် ကောင်းမယ်"

သို့ဖြင့် ကျသင့်ငွေကို ဆရာဦးကျော်သန်းမှ ရှင်းပြီးသကာလ ကိုရွှေတောသားတို့ ဝိုင်းသူဝိုင်းသားအပေါင်းတို့မှာ ကိုယ်သွားရမည့် နေရာသို့ အသီးသီး ခွဲထွက်သွားကြပါလေတော့သတည်း။


www.burmeseclassic.com

www.burmeseclassic.com



# ပျော်ရွှင်ထူးကဲ

# မွေးနေ့ပွဲ

(အစ)

www.burmeseclassic.com

www.burmeseclassic.com



## တစ်နေ့သ၌

ဘူးသီးပုံဂျာနယ် အယ်ဒီတာပြုတ် ကျွန်ုပ်မောင်တေမိထံသို့ ဖိတ်စာတစ်စောင် ရောက်ရှိလာလေ၏။ သည့်အတွက် ကျွန်ုပ်မောင်တေမိမှာ 'ဝမ်းသာလွန်းလို့... မျက်ရည်များတောင် လည်ရှာတယ်.. သည်း... သက်ပိုင်ညှာဦးရယ်'ဟူသော သီချင်းသွားကို ဟစ်ကြွေးရင်း ထကာရမလို ဖြစ်သွားတော့၏။

အကြောင်းကား ကျွန်ုပ် မောင်တေမိတစ်ယောက် ကောင်းကောင်းကြီး လုပ်စားခွင့် ရနေသော ဘူးသီးပုံဂျာနယ်မှ ကန်အထုတ်ခံရပြီးသည့်နောက်ပိုင်း မည်သည့် တန်ခိုးရှိန်ဇော် အာနုဘော်မျှ လင်းလက်တော်မမူတော့ရုံမက ဘာပွဲညာပွဲ သာရကာပွဲတွေကလည်း ဖုတ်လေသည့် ငါးပိရှိလေသည့် မထင်ဘဲ ဖိတ်ကြားခြင်း မရှိတော့။ ဟိုးတလောက ဂျာနယ်လစ်စူပါပွဲကြီးကလည်း ၎င်း၏ မွေးနေ့ပွဲ လုပ်သွားသည်ကိုပင် မဖိတ်ခဲ့။ သည့်အတွက် ကျွန်ုပ် မောင်တေမိအဖို့ အတော်ကလေးကို ခံစားနေရသည်ဟု ဆိုရပါချိမ့်။

ဩော်.. လောကဓံများ တယ်ကြောက်စရာကောင်း။

လုပ်ပိုင်ခွင့် ရှိနေစဉ်သမယနှင့် လုပ်ပိုင်ခွင့်များ ကင်းမဲ့သည့်သမယ အင်မတီအင်မတန် ကွာခြားလှပါဘိတောင်း။

လုပ်ပိုင်ခွင့် ရှိနေစဉ်ကဆိုလျှင် ဟိုကလည်း ဆရာမောင်တေမိ၊ သည်ကလည်း ဆရာမောင်တေမိနှင့် အခေါ်အပြောတွေ၊ အကမ်းအလှမ်းတွေ ညှက်မှညက်။ ဖိတ်စာတွေက တလူလူ။ စာနယ်ဇင်းပွဲတွေ၊ တေးစီးရီးမိတ်ဆက်ပွဲတွေမှာဆိုလျှင် ကျွန်ုပ် မောင်တေမိအား မိတ်ဆက်စကားမပြောမဖြစ် ပြောစေစမြဲ။ ကျွန်ုပ် မောင်တေမိမှ မပြောဘူးဆိုလျှင် ကျင်းပသောပွဲသည် ဘာမျှအဓိပ္ပာယ်မရှိတော့သည့်အလား။ အစားအသောက်တွေကလည်း အလျှံပယ်။ လက်ဆောင်ပစ္စည်းတွေကလည်း တစ်ပွေ့တစ် ပိုက်။

www.burmeseclassic.com



ဟော . . . ခုလိုမျိုး လုပ်ပိုင်ခွင့် ကင်းမဲ့သည့် သမယ ရောက်လေသောအခါ အံ့ဩဖွယ်ကောင်းလောက်အောင် အခြေအနေတွေက ပြောင်းလဲသွားပါတော့၏။ ဘယ်သူကမှလည်း ဆေးဖော်ကြောဖက် သိပ်မလုပ်ကြတော့။ မလုပ်ဆို တကယ့်ကို အရှင်းကြီး။ ထိုရောအခါဝယ် ကျွန်ုပ် မောင်တေမိအဖို့ သောင်ပြင်မှာ ဖောင်တင်ရရှာသည့်အလား။ နွေကလည်း ခေါင်ခေါင်၊ ပူလောင်အိုက်စပ်၊ အအေးဓာတ် ကင်းမဲ့သည့် အလား။

သည်လိုမျိုး သွေ့ခြောက်နေသည့် သမယဝယ် မမျှော်လင့်ဘဲ ဖိတ်စာတစ်စောင် ဆိုက်ရောက်လာသည်ဆိုတော့ ကျွန်ုပ် မောင်တေမိ အဖို့ မတုန်လှုပ်ဘဲ နေနိုင်မှာတဲ့လား။ ဝမ်းမမြောက်ဘဲ နေနိုင်မှာတဲ့လား။

Y Y Y

"ဟယ်"

ဖိတ်စာကို သေသေချာချာ ဖတ်ရှုရလေတော့ ကိုယ့်မျက်စိကို ကိုယ်မယုံနိုင်လောက်အောင် ဖြစ်သွားရလေတော့၏။ ကျားသားမိုးကြိုး။

ကျွန်ုပ်နှင့် ကာလတစ်လျှောက်လုံး တဖောင်းဖေးနှင့် မျက်ချေး ပမာ ဖြစ်ခဲ့ရလေသော ကိုရွှေတောသားဆိုသည့် ငတိက သူ့မွေးနေ့ အတွက် ဖိတ်ကြားလိုက်သော ဖိတ်စာပင်တည်း။

*"ဆရာမောင်တေမိခင်ဗျား . . .*

*ကျွန်တော် အယ်ဒီတာပြုတ် မဖြစ်ခင် တွေ့ဆုံချင်လှပါ၍ . . . "*

ဟူသောစကားချီးကလေးကို ရှေ့မှခံလျက် ၎င်း၏ဘယ်နှနှစ်မြောက်မှန်း မသိရလေသော မွေးနေ့ ဖိတ်စာကလေး ဖြစ်၏။ ကျင်းပမည့်နေရာကို ဖတ်လိုက်ရတော့ ကျွန်ုပ် မောင်တေမိ၏ မျက်ခုံးနှစ်ဖက်မှာ အလိုလိုပင့်လျက်သား ဖြစ်သွားရလေ၏။ နေရာကား ၎င်း၏ ထုတ်ဝေသူ စွပ်ပရားပိုင်ဆိုင်သည့် မီးသွေးကိုဒေါင် ဟောင်း၌တည်း။ ကျင်းပမည့်နေ့ရက်က အမြဲလိုလို ဟောလီးဒေးလျက်ရှိသည့် ကျွန်ုပ်အဖို့ သွားနိုင်သည့် နေ့ရက်ဖြစ်၏။ အချိန်ကလည်း ပြဿနာမရှိ။ သို့သော်ငြား ဖိတ်စာမှာ ကွန့်ထား၊ ညွှန့်ထားသည်များကတော့ စဝေဝေ့ထွင်ထား သည်လား၊ တကယ်ပဲ အရပ်ကူပါ လူဝိုင်းပါ ဖြစ်နေသည်လား မပြောတတ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ မွေးနေ့ပွဲသို့ ကြွရောက်လာကြသူများ ပျော်ပျော်ပါးပါး မြိန်ရေရှက်ရေ စားသောက်နိုင်ကြရန် အထူးအစီအစဉ် တစ်ရပ်ရှိပါသည်။

ယင်းမှာ အခြားမဟုတ်ပါ။ ကြွရောက်လာကြမည့် မိတ်ဆွေ ဆရာသမားတို့အနေဖြင့် မိမိတို့ တတ်နိုင်ရာ အစားအသောက်များကို တစ်နိုင်တစ်ပိုင်ဆိုသလို ယူလာရမည် ဖြစ်ပါသည်။ ပန်းကန်ခွက်ယောက်တွေ ဆွဲလာပါက ပို၍သာ၍ အဆင်ပြေပါလိမ့်မည်။ သို့မဟုတ်ပါက ပိန်းရွက်များ၊ ငှက်ပျောရွက်များခင်း၍ စားရပါလိမ့်မည်။ မွေးနေ့ပွဲ ကျင်းပရာ မီးသွေးကိုဒေါင်ဟောင်း၏ အကျယ်အဝန်းကို ခန့်မှန်း၍ လူဦးရေ ကန့်သတ်ကာ ဖိတ်စာ နံပါတ်အတိအကျဖြင့် ဖိတ်ကြားပါသည်။ (မွေးနေ့လက်ဆောင် ပေးရန်မလိုပါ။)

မိတ်ဆွေအနေဖြင့် ဖိတ်စာနှင့်တကွ ကြွရောက်စေလိုပါသည်။ အကြိုအပို့မှာ ကိုယ့်အစီအစဉ်နှင့်ကိုယ် ဖြစ်ပါသည်။ ကြွရောက်လာသူတိုင်းအား ဗလာမပါ ကံစမ်းမဲ ဖောက်ပါမည်။

ပျော်ရွှင်စွာ ဆုံတွေ့နိုင်ရန်
စောင့်စားလျက်
ကိုရွှေတောသား

ဖိတ်စာရှင်ကား တကယ့်လူလည်ကြီးသား ပီသလှပါပေ့။ ငါးကြင်းဆီနှင့် ငါးကြင်းကြော်မည့် လူစားဆိုသည်မှာ ကိုရွှေတောသားမှ ကိုရွှေတောသားအစစ် ဖြစ်၏။ မည်သို့ပင်ဖြစ်စေ မွေးနေ့အတွက် လုပ်ပုံကိုင်ပုံတွေက ဘယ်မွေးနေ့ပွဲတွေနှင့်မှ မတူ ထူးခြားလှချေ၏။ ထိုပြင်တစ်ဝ မဟာရန်သူသဖွယ် မျက်မာန်တင်းခဲ့လေသော ကျွန်ုပ် မောင်တေမိအပေါ် ယခုကဲ့သို့ တခုတ်တရ၊ တလေးတစား၊ ဂရုတစိုက်၊ သေသေချာချာ ဖိတ်စာနံပါတ်နှင့်တကွ ဖိတ်ကြားလေတော့ ကျွန်ုပ် မောင်တေမိအဖို့ အားအားလျားလျား ရှိနေပါလျက်နှင့် သွားရောက်မတက်ဘဲ နေခဲ့ပါလျှင် သမိုင်းအပြင် အုတ်ကျင်းပါ ရိုင်းရလေတော့မည်။

သည့်အတွက် မပျက်မကွက် ဆက်ဆက်တက်ရောက်ဖို့ရန်သို့ ဌာ ဆုံးဖြတ်ချက် ချလိုက်ပါတော့၏။

Y Y Y



www.burmeseclassic.com

www.burmeseclassic.com



ဩော် ... ဘာလိုလိုနှင့် မွေးနေ့ပွဲကျင်းပမည့်ရက်သို့ ကျရောက်လာခဲ့ပါပကော။

သည့်အတွက် ကျွန်ုပ်မောင်တေမိသည် မွေးနေ့ပွဲသို့ အချိန်မီရောက်ရှိနိုင်ရန် မနက်ကတည်းကပင် ပြင်ဆင်စရာရှိသည်တို့ကို ပြင်ဆင်ခဲ့လေသည်။ အိမ်မှာက ဇနီးသည် ဒေစီဘုတ်ဆုံမရှိ။ ၎င်း၏ မိခင်ရှိရာ ပါးဘလောက်သောက်သို့ ခေတ္တ သွားရောက်နေချိန်ဖြစ်၍ အိမ်မှာ ကျွန်ုပ်တစ်ဦးတည်း ဖြစ်ကာ ကိုယ်တိုင် ချက်ပြုတ်စားသောက်နေရသော သမယဖြစ်လေ၏။

ထိုရောအခါဝယ် မွေးနေ့ပွဲ ရှိရာသို့ ယူဆောင်သွားမည့် အစားအသောက်ကို အလွယ်တကူပင် ဘဲဥပြုတ်နှစ်လုံးကို စီစဥ်လိုက်ပြီး ကျွတ်ကျွတ်အိတ်ထဲ ထည့်လိုက်၏။ ပန်းကန်ခွက်ယောက်ကိုမူ စီစဥ်မနေတော့။ ချစ်တီးထမင်းဆိုင်တွေ၌ ဖက်ဖြင့် စားသောအလေ့ကို ရရှိပြီးဖြစ် လေရကား ကျွန်ုပ် မောင်တေမိအဖို့ ၎က်ပျောရွက်မကလို့ ပိန်းရွက်နှင့်ပဲ ခင်းခင်းအကြောင်းမဟုတ်ကပြီ။ ကျွန်ုပ် မောင်တေမိကား ရောမပြည်ရောက်လျှင် ရောမလို ကျင့်တတ်သူ ဖြစ်ချေ၏။

သည်လိုနှင့် မွေးနေ့ပွဲအတွက် စားစရာဖြစ်သော ဘဲဥပြုတ်နှစ်လုံးကို ကိုင်စွဲလျက် ဝတ်ကောင်းစားလှ ဝတ်ဆင်ကာ နေကာမျက်မှန်ကြီးတပ်၍ မွေးနေ့ပွဲ ကျင်းပရာသို့ သွားရေးလာရေးမှာ ကိုယ့်အစီအစဥ်နှင့် ကိုယ်ဆို၍ ဘတ်စကားမှတ်တိုင်သို့ ယွန်းရလေတော့၏။

"ဗျို့... အာစရိ"

"ဟယ်... ငါးစင်ရိုင်း"

"ဘယ်တုံး... အာစရိ"

"မွေးနေ့ပွဲလေကွာ။ ကိုရွှေတောသားရဲ့ မွေးနေ့"

"ဟယ်... အဲဒီပုဂ္ဂိုလ်က အာစရိကို ဖိတ်တယ် ဟုတ် လား"

"အေးကွ ... ဖိတ်တာမှ တလေးတစားနဲ့ကို ဖိတ်တာ။ လောကကြီး ဘာတွေ ဖြစ်ကုန်ကြတယ် မသိဘူး။ ဒီတော့ ငါလည်း အထူးအဆန်းဆိုပြီး ဖိတ်စာပါ အစီအစဥ်အတိုင်း သွားမလို့။ ဒါထက် မင်းကော"

"ကျွန်တော်လည်း အဲဒီပွဲကို သွားမလို့ အာစရိရဲ့။ အဲဒီပွဲ စားဖို့ စမူဆာရယ်၊ မုန့်လင်မယားရယ် သွားပြီးဝယ်ရာက အလှည့်အာစရိကို



www.burmeseclassic.com

www.burmeseclassic.com


လှမ်းတွေ့လိုက်လို့။ ဒါထက် အာစရိ ကားငှားလာသလား”

“ဘယ်ငှားနိုင်မှာလဲ ငါးစင်ရိုင်းရယ်။ ဒါ့ကြောင့် ငါးဆယ်ကား စီးပြီး လစ်မလို့”

“ဒါဆို ကျွန်တော်နဲ့ လိုက်ခဲ့ အာစရိ။ ကားပါတယ်”

“ဟော... ဟုတ်လား”

တပည့်ဖြစ်သူ ဆဋ္ဌဂံငါးစင်ရိုင်း၏ စကားကြောင့် ကျွန်ုပ် မောင်တေမိလည်း လွန်စွာမှ ဝမ်းသာအားရ ဖြစ်သွားပါလေ၏။ ထို့ကြောင့်ပင် ၎င်းဦးဆောင်ရာနောက်သို့ အထုပ်ဆွဲလျက် ခပ်သွက်သွက်ကလေး လိုက်ပါသွားလေတော့၏။ ကျွန်ုပ် မောင်တေမိတို့နှင့် ခပ်လှမ်းလှမ်း၌ ပုံကျစျေး ရှိ၏။ ထိုစျေး၏ နံဘေးဝယ် အမှိုက်ကားတစ်စီးသည် စျေးမှ ပစ်ထားသော အမှိုက်များ ဟင်းသီးဟင်းရွက်များ၊ သားငါး အကြွင်း အကျန်များကို သိမ်းဆည်းလျက် ရှိ၏။ အနံ့အသက်တွေက တလှောင်းလှောင်း၊ တထောင်းထောင်းနှင့် ဆိုးရွားလှပါဘိတော့။

“ကိုင်း... အာစရိ တက်”

“ဟော... ”

ကျွန်ုပ် မောင်တေမိအဖို့ များစွာ အံ့အားသင့်ရလေတော့၏။ အကြောင်းကား ၎င်းတက်ထိုင်သောကားသည် ကကကဲ့သို့ အငှားကား မဟုတ်ဘဲ အမှိုက်သိမ်းကား၏ ရှေ့ခန်းဖြစ်သောကြောင့်တည်း။

“ဟာကွာ.. မင်းဟာက”

“မင်းဟာက လုပ်မနေနဲ့ အာစရိ။ ဒါ ကျွန်တော့်သူငယ်ချင်း မောင်းတဲ့ ကား။ စပ်ဖျော်ရှောက်ပေါင်းတစ်လုံး ပေးမယ်ဆိုပြီး စည်းရုံးထားတာ။ သူ့ကား အမှိုက်သွားသွန်မယ့်နေရာနဲ့ အခု မွေးနေ့ပွဲ ကျင်းပမယ့် မီးသွေးဂိုဒေါင်ဟောင်းဆိုတာ ကပ်လျက်ပဲ အာစရိ။ နီး... ပလော်ဘာလမ်၊ အားလုံး အိုကေ.. ကွက်တိ”

ထိုသို့ထိုပုံ ဗေလုဝအိုက်တင်ဖြင့် ရှင်းပြလေရာ ကျွန်ုပ်မောင်တေမိလည်း ဘာမျှ ပြန်မပြောတော့ဘဲ အမှိုက်သိမ်းကား၏ ခေါင်းခန်းသို့ တက်လိုက်ရပါတော့သတည်း။


www.burmeseclassic.com

www.burmeseclassic.com


# ပျော်ရွှင်ထူးကဲ

# မွေးနေ့ပွဲ

# (အလယ်)


www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် မောင်တေမိနှင့် တပည့်ကျော် ဆဌဂံ ငါးစင်ရိုင်း တို့ကို တခမ်းတနား သယ်ဆောင်လာသော အနှံ့အသက်တွေ တလှောင်းလှောင်း၊ တထောင်းထောင်း ထနေသည့် အမှိုက်ကားအိုကြီးသည် ဆိုးရွားလှသော ကျင်းငယ်များ၊ ချိုင့်ဝှမ်းများအား တဒုံးဒုံး တဒိုင်းဒိုင်း၊ တဂျိုင်းဂျိုင်း တဂျုံးဂျုံး မြည်သံတွေပေးလျက် ခုန်ပေါက်ဖြတ်သန်းလာခဲ့ရာ မကြာမီမှာပင် သာကေတ အမှိုက်ပုံအနီးသို့ ရောက်ရှိလေတော့၏။

သာကေတအမှိုက်ပုံနှင့် ခပ်လှမ်းလှမ်းမှာတော့ မဖြစ်ညစ်ကျယ် အနုယ်ထုတ်ဝေသူ စွပ်ပရား၏ မီးသွေးဂိုဒေါင်ဟောင်းကြီးသည် ကိုယ်ရောင် ကိုယ်ဝါ မည်းမှောင်စွာနှင့် ထီးထီးကြီး တည်ရှိနေ၏။

"ကိုင်း.. အာစရိ၊ ကျွန်တော့်ရဲ့ တစ်ချက်ခုတ် နှစ်ချက်ပြတ် အစီအစဉ်က မနိပ်လား"

နိပ် မနိပ်တော့ မသိ။ ဝတ်ကောင်းစားလှများ ဝတ်ဆင်ထား သည့် ကျွန်ုပ် မောင်တေမိ၏ ခန္ဓာကိုယ်ပေါ်သို့ အမှိုက်သိမ်းကားဆီမှ ဘင်းသီးဟင်းရွက်ပုပ်နံ့များ၊ သားငါးအကြွင်းအကျန်တို့၏ အညှီနံ့၊ အသိုး နံ့ အပုပ်နံ့များ လာရောက်စွဲကပ်နေပါမူ မွှေးနေ့ပွဲကြီးသည် ပျက်ကောင်း ပျက်လိမ့်မည် ထင်ပါချို့။

"ဟော့ကောင်... ငါးစင်ရိုင်း မဆင်းသေးဘူးလား"

"ဟာ... ဘာလို့ ဆင်းရမှာလဲ အာစရိရဲ့။ ကားကို မွှေးနေ့ပွဲ ကျင်းပမယ့်နေရာအထိ လိုက်ပို့ဖို့ ပြောထားတာ။ ကျွန်တော်တို့ ဆရာတပည့်နှစ်ယောက်ကို ရောက်အောင်ပို့ပြီးမှ အမှိုက်ပုံကိုပြန်ပြီး အမှိုက်သွန်မှာ။ ဟုတ်တယ်နော် သယ်ရင်း"



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါတယ် သယ်ရင်းရယ်"

ဆဋ္ဌဂံငါးစင်ရိုင်းနှင့် ကားဒရိုင်ဘာ ဒွန်မှူးတို့မှာ အတိုင်အဖောက် ညီနေကြ၏။ မောင်တေမိကား ၎င်းတို့နှုတ်ဖျားမှ ခုန်ပေါက်ထွက်ကျလာသည့် 'သယ်ရင်း'ဆိုသော ဝေါဟာရ စကားလုံးအတွက် အနက်ကို ဖော်မရအဲ ဖြစ်နေသည်။ သည်တော့လည်း 'ပညာရှာ ပမာသူဖုန်းစား'ဆို သကဲ့သို့ တပည့်ကျော်အား မေးမြန်းရပါတော့သည်။

"သယ်ရင်းဆိုတာ 'သူငယ်ချင်း'ဆိုတဲ့ စကားလုံးကို အနှစ်ချုပ်လိုက်တာ အာစရိရဲ့။ အာစရိကိုတောင် နောင်ဆို 'အာစရိ' လို့ မခေါ်ဘဲ 'အာစိ'လို့ အနှစ်ချုပ်ရမယ်။ ဟုတ်တယ်နော် သယ်ရင်း"

"မှန်တာပေါ့ သယ်ရင်းရဲ့"

"ဒါဖြင့် မင်းတို့ 'ညီလေး'ဆိုတာကိုကော ဘယ်လို အနှစ်ချုပ်ခေါ်မလဲ"

"ဟား... လွယ်ပါတယ် အာစရိရဲ့။ 'ညီလေး'ဆို 'ညေး' လို့ ခေါ်တာပေါ့"

ဆဋ္ဌဂံ ငါးစင်ရိုင်းကား အတော့်ကို မဟုတ်မဟပ် ထွင်တတ်သူပေတည်း။ ဉာဏ်နီဉာဏ်နက်တို့သည် ဦးနှောက်အတွင်းမှသာမက ခြေသလုံးပလွေရိုးအတွင်းမှလည်း ထွက်လာကြလေသည်လား မပြော တတ်။

"ဟော... ရောက်ပြီ အာစိ"

ကားဒရိုင်ဘာဒွန်မှူးက 'ကွီ'ခနဲ ဘရိတ်ဖမ်းနင်းလိုက်ရာ ဟန်ချက်ပျက်မသွားရလေအောင် မနည်းပင် ထိန်းလိုက်ရပါ၏။ ပြီးတော့ ဆရာတပည့်နှစ်ယောက် ကားပေါ်မှ ဆင်းလိုက်ကြချေ၏။ ကျွန်ုပ် မောင်တေမိတို့ ဆရာတပည့်နှစ်ယောက် မဟာပထဝီမြေပြင်ပေါ်သို့ ဘေးမသီရန်မခ ခြေချနိုင်ပြီဆိုတော့မှပင် အမောင်ဒရိုင်ဘာ ဒွန်မှူးလည်း အမှိုက်ပုံကြီးဘက်သို့ ကားဦးခေါင်းကို လှည့်လိုက်ရင်း ကျွန်ုပ်တို့ ဆရာတပည့်အား နှုတ်ဆက်သွားပါလေတော့၏။

"ဘိုင့်ဘိုင် အာစိ၊ ချဲရီးယို သယ်ရင်း' ဆိုပါကလား။

Y Y Y



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် မောင်တေမိတို့ ဆရာတပည့်နှစ်ယောက် အစားအသောက်တွေ ထည့်ထားသော ကျွတ်ကျွတ်အိတ်ကိုယ်စီနှင့် မွှေးနေ့ မင်္ဂလာကျင်းပရာ မီးသွေးဂိုဒေါင်ဟောင်းကြီးသို့ လှမ်းဝင်လိုက်ကြသည်။

"ဟာ... ကြွကြပါ... ကြွကြပါ။ အထဲဝင်ကြပါ ဆရာ တို့"

အသံရှင်ကား အခြားမဟုတ်။ မီးကျိုးမောင်းပျက် ကင်မရာဂီလာနကို လည်ပင်း၌ အမဲရိုးဆွဲထားသည့်အလား အရပ်ပုတုတု၊ မျက်ခုံးထူထူ၊ တင်ကလေး လိမ်ကျစ်ကျစ်နဲ့ ခေတ်ပုံသတင်းထောက် ဒလကျောက်လုံးဖြစ်လေ၏။

"ဟော့လူ... ခင်ဗျားက ညှော်ကြိုလား"

"မဟုတ်ဘူး သတင်းလာယူရင်း ခေတ်ပုံရိုက်မှာ။ ပြီးတော့ တစ်ပုံကို ငါးရာနဲ့ရွှေးဆိုပြီး ရိုက်စားလုပ်မလို့"

စင်စစ် ၎င်းသည် 'ဒလကျောက်လုံး'မဟုတ်ဘဲ 'လဒကျောက် လုံး' ဖြစ်ဖို့ ကောင်း၏၊ နေရာတကာ ဝါးရဖို့၊ တီးရဖို့လောက်သာ ချောင်း နေသူဖြစ်၏။ ၎င်းနှင့် ကျွန်ုပ်မောင်တေမိ၏ မိတ်ဆွေကြီး အောင်မင်း (ဒလ)မှာ ဖအေတူ မအေကွဲ (တကယ်လည်း မအေတွေ ကွဲပါ၏။ စကား ချပ်) ညီအစ်ကို တော်လေ၏။ ၎င်းတို့ ညီအစ်ကိုသည် နှစ်ပဲတစ်ပြားနှင့် အချိုအချောင် သမထားသော ကင်မရာစုတ်ဖြင့် စတိုင်ထုတ်လေ့လည်း ရှိကြ၏။ ၎င်းတို့ ရိုက်ကူး၍ ထွက်လာသော ပုံတွေကား နားရွက်ပြတ်တာ ပြတ်၊ ခေါင်းမပါတာ မပါ၊ ကိုယ်တစ်ခြမ်းပျောက်တာက ပျောက်ဖြင့် အံ့လောက်ဖွယ်ရာချည်း ပါတကား။

ကြွရောက်လာကြသော ညှော်ပရိသတ်တွေကား တဖွဲဖွဲ။

ညှော်ခံခန်းမအဝ၌ စာရေးဆရာမလေး ကျည်ပွေ့အိမ်၊ ဘလာဖြူနှင့် မိုးပြိုဒယ်လ်တို့သည် ညှော်ပရိသတ်တွေ ယူလာကြသော အစားအသောက်ထုပ်တွေကို သိမ်းဆည်းလေ၏။ ၎င်းတို့ သိမ်းဆည်းသမျှကို ကဗျာဆရာ တောင်စွန်းလှမ်းတောင်းက စစ်ဆေး၏။ ဖောက်ခွဲပစ္စည်း ပါမပါ ကြည့်ရှု၏။ နှာခေါင်းဖြင့် နမ်းရှုံ့ကြည့်၏။ လူအလစ်တွင် စားကောင်းသောက်ဖွယ်ရာတို့ကို ဆတ်ခနဲ နှိုက်ကာ ကောက်ဝါး၏။ ထိုရောအခါ ဝယ် ၎င်း၏ စူပါဘိုက်ဇာဖြစ်သော မောင်ပွေ့ကြီး(ကတောင်း)က အံ့တကြိတ်ကြိတ်ဖြင့် ကြိမ်းဝါးလေတော့၏။

"ဟော့ကောင်... လှမ်းတောင်း။ မင်း အဲ့ဒါဟာ ဘာဇာ



www.burmeseclassic.com

www.burmeseclassic.com



လုပ်တာလဲ။ မင်း တောင်စွန်းကို ပေါင်ကျွမ်းပြီး ရောက်သွားချင်သလား။ စားဦးစားဖျားကို အဲသလိုလုပ်ရသလား။ ပြီးရင် စားခွက်ကို ဟိုဒင်းနဲ့ ပန်းဦးမယ်။ တောက် ... ။ မင်း အဲသလို လုပ်နေတာကို ဟောဟိုမှာတွေ့လား။ ဓာတ်ပုံဒလကျောက်လုံး ချောင်းနေတယ်။ အလစ်အငိုက်မှာ ဓာတ်ပုံရိုက်ပြီး ပွဲကြီးဆီ သွားရောင်းလိုက်လို့က သူ့ရဲ့ 'ဂျွန်အဖေ' စာမျက်နှာမှာ ပါသွားမယ် ဟင်း.. ဟင်း.. ဟင်း။ တင်းလာပြီကွ။ တင်းလာပြီ"

"ဟာ... ကျွန်တော် တကယ်မသိလို့ပါ ကိုပွေကြီးရာ။ ရော့ရော့ .. ဒါလေး... ပါးချောင်လေးထဲ ငုံထားလိုက်... ငုံထားလိုက်"

သို့ဆိုလျက် ၎င်း၏ ညစ်ထပ်ထပ် ခါးပုံစအတွင်းမှ ထန်းလျက် နှစ်လုံးကို လှမ်းပေးရာ မောင်ပွေကြီးလည်း ဘုမသိ ဘမသိဖြင့် ပါးချောင်တွင်းသို့ ပစ်သွင်းလိုက်သော ဟူ၏။ ကျွန်ုပ်တို့ ဆရာတပည့်သည် ဝါးဖျာကြမ်းအစုတ်များ ခင်းထားရာ တစ်နေရာတွင် ထိုင်လိုက်ကြပြီး မြို့မေတ္တာခံယူလေ့ရှိသည့် ကိုရွှေတောသား၏ ခမ်းနားကြီးကျယ်လှစွာသော မွေးနေ့ပွဲမြင်ကွင်းအား ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေမိကြလေ၏။ ခန်းမ အတွင်းသို့ ဝင်လာသူတွေကား တသဲသဲ။

အကယ်ဒမီ တစ်သီကြီး ရရှိသွားခဲ့ဖူးသည့် 'ခေါင်းတုံးမ ယူလိုက်' ရုပ်ရှင်ဇာတ်ကားကြီး၏ ဝတ္ထုကို ရေးသားခဲ့သော ရှေ့နေစာရေး ဆရာချစ်ကိုကိုညှသည် နွားကျောင်းသားဦးထုပ်ကို ဆောင်း၍ ကျွတ် ကျွတ်အိတ်နှင့် ထည့်ထားသော မြေပဲပြုတ်များကို အပေါက်ဝမှ စာရေး ဆရာမလေးများကို အပ်၏။ ထိုသို့ အစားအသောက်ပစ္စည်း အပ်လေတိုင်း မုဒ့်သူ စာရေးဆရာမလေး ကညွန့်ပွေ့အိမ်က စတမ်းပက်၍ ရာဘာတံဆိပ် ကလေးကို ဖိကာ ကာယကံရှင်၏ လက်ခုံ၌ နှိပ်ပေးလေ့ရှိ၏။ Thank You ဆိုသည့် စာတန်းလေးပါတကား။ ဘယ်လည်း အိုင်ဒီယာ ကောင်းပေ ထသော ကိုရွှေတောသားပါပေတကား။

"ဟောဟိုမှာ လက်တစ်ဖက်က အထုပ်ဆွဲ၊ ကျန်လက် တစ်ဖက်က ဖုန်းပြောရင်း ဝင်လာတဲ့သူကို တွေ့လားအာစိ"

"အေး ... တွေ့တယ်၊ တွေ့တယ်။ ဘယ်သူများပါလိမ့်။ ရုပ်ကတော့ တော်တော့်ကို ဆိုးတယ်။ ဟို မောင်ပွေကြီး (ကတော့ လောက်တောင် သနရှုပ မရှိဘူး။ ပြီးတော့လည်းကွာ၊ ကားကြီး တစ်ခုလုံးရဲ့ အရေးကို သူတစ်ယောက်တည်း ဒိုင်ခံဖြေရှင်း



www.burmeseclassic.com

www.burmeseclassic.com


ပေးနေရတဲ့ပုံမျိုး။ မျက်နှာကိုက ခပ်တင်းတင်းနဲ့”

“အဲဒါ မောင်ရစ်(စကွဲ့ငစိန်)ဆိုတာပေါ့။ ဒါပေမဲ့ အာစိ ထင်သလို မဟုတ်ပါဘူးဗျာ။ လေအန်ကုန်းမှာ သူ ဖုန်းဆက်တာကို ဘေးနားကနေ တအံ့တသြ နားထောင်ပေးတဲ့သူ။ သူ့ကို ‘ဟိုက် ... ဘော့စ် ... ဘောစိ’လို့ ခေါ်တဲ့သူဆို လက်ဖက်ရည်တောင် မကာဘူး။ ဟိုဟာဝယ်ပေး ဒီဟာဝယ်ပေးနဲ့”

“ဩော်... ဩော်”

လူတွေကား ဝင်လာမစဲ တသဲသဲတည်း။

“ဟော ... ဆာမူရိုင်းကေနဲ့ ဖီးကွက်မျက်မှန်တပ်ပြီး ခေါင်းကလေးတရမ်းရမ်းနဲ့ သူက ဘယ်သူလဲကွ ငါးစင်ရိုင်းရဲ့”

“အဲဒါ မုဆိုးဝတ္ထုတွေနဲ့ စူပါဖြစ်နေတဲ့ စာရေးဆရာ ကိုဖိုက်လေ ... ကိုဖိုက်”

“ဩော် ... သိပြီ သိပြီ။ သူ့ဝတ္ထုတွေထဲမှာ သားကောင်ပစ်တာက နည်းနည်း။ ဝီစကီသောက်တာက များများ”

“ဟား ... အာစိ။ ဒီစကား ဒီမှာတင် တိတ်တော့။ သူကြားသွားရင် မလွယ်ဘူး။ ဒီပုဂ္ဂိုလ်ရဲ့ လွယ်အိတ်ထဲမှာ လိုင်စင်ရ လေးခွ ပါလာတယ်။ မတော် လှမ်းပစ်လိုက်ရင် ကားခနဲ ဖြစ်သွားမှာနော် အာစိ”

“ဟော ... ဟုတ်လား။ ဘွာ .. ဘွာတေးပါကွ .. နော် .. နော်။ ဘာပဲပြောပြော ဒီပုဂ္ဂိုလ်ပါလာတဲ့ အစားသောက်တွေဆိုရင် နိပ်မှာပဲ”

“ကျွန်တော် လှမ်းကြည့်တာတော့ ပုတ်သင်ညိုကင်တွေပဲ အာစိ”

“ဟော့ ... ဟောဟိုမှာ အဝါရောင်ဝမ်းဆက်နဲ့ အာလူးကြော်ထုပ်တွေ အပ်နေတာ ဘယ်သူလဲ”

“နေဦး... မှန်း။ ကြည့်လိုက်ဦးမယ်။ ဩော်... သိပြီ သိပြီ။ စာရေးဆရာမ အပျော်တမ်းတေးသံရှင် ဇလုံခွက်သယ် တို့နားမှာနေတဲ့ စာရေးဆရာမ မယ်ဇလီဖူး(မြန်မာစာ)လေ အာစရိရဲ့”

“အေးကွယ် ... ငါလည်း စာပေလောကနဲ့ တော်တော်လေး အဆက်ပြတ်သလို ဖြစ်နေပြီ”

“ကိစ္စမရှိပါဘူး အာစိရယ်။ တပည့်တစ်ယောက်လုံးရှိ နေတဲ့ဥစ္စာ


www.burmeseclassic.com

www.burmeseclassic.com


ဘာမှမပူနဲ့။ နိုးပလော်ဘာလမ်"

ထိုအခိုက်မှာပင် အလွန်တရာ လေးလံလှစွာသော လွယ်အိတ်ကြီးကို လွယ်လျက် ကြဲစည်းများဆွဲချလာသည့် ပုဂ္ဂိုလ်တစ်ယောက် ဝင်လာ၏။

"ဟော့... အဲဒီပုဂ္ဂိုလ်ဟာ ဘယ်သူလဲ"

"အဲဒါ 'မှူခင်းပူဖောင်း'တို့၊ 'ဂမ္ဘီရဆင်နင်း'တို့ရဲ့ တာဝန်ခံ အယ်ဒီတာ မောင်ငြိမ်းတူ(မို့ပင်ကောက်)ဆိုတာပေါ့ အာစီ"

"ဗိုက်အိုးကြီးက မနည်းဘူးနော်။ အင်မတန် သောက်လုံး ကြီးမယ့်ပုံပဲ"

"အလကားရမှ သောက်လုံးကြီးတာပါ အာစရိရဲ့။ သူ့ ဘာသာသူ တစ်ယောက်တည်း တွယ်ရတော့မယ့် အနေအထားဆိုရင် ဝီစကီ နှစ်ပက်နဲ့ ဗယာကြော်တစ်ခုပဲ။ သိပ်စည်းကမ်းကြီးတဲ့ ပုဂ္ဂိုလ်ကြီး ဆရာရဲ့။ သူ့မှာပါလာတဲ့ ကြဲစည်းဆိုတာဟာ မဟုတ်မှလွဲရော။ သန်လျင်က ဆရာတက်လူမော်ရဲ့ ကြခင်းကို သွားအနိုင်ကျင့်ပြီး ယူတာပဲ ဖြစ်မယ်"

တပည့်ကျော် ဆဋ္ဌဂံငါးစင်ရိုင်းကား ဂျာနယ်လစ်ပီသလှပါဘိ။ ဟိုနေရာဆိုလည်း စပ်စပ် စပ်စပ်၊ သည်နေရာဆိုလည်း စပ်စပ် စပ်စပ်နှင့်။ အင်မတိ အင်မတန်ပါလေရော ဖြစ်ပေသည်တကား။

"ဟော.. အခုဝင်လာတာ မာမီစိန်"

"ဟောဟိုမှာ ခေါင်းတုံးပြောင်ပြောင်နဲ့ ဝင်လာတာ ဇာတ်ညွှန်း ရေးဆရာ မြင့်မူးမူးမြင့်"

"အဲ.. သူ့ဘေးက ဂျာနယ်လစ်ပွကြီး"

"ဟော ... ဟိုအုပ်စုက သောကြာအုပ်စု။ အဲဒီမှာ မထုံ တတ်သေးပုံစံနဲ့က ကာတွန်းဖိုးကြာ၊ သူ့နံဘေးက ပုပုကွကွနဲ့ လူက ပီတာကဇော်အိုး။ ဟို... ဗိုက်ပူပူနဲ့ ဝင်းဦးအိုက်တင် ဖမ်းနေတဲ့လူက အယ်ဒီတာမောင်တွက်"

ဆိုခဲ့သလိုပင် ကျွန်ုပ်မောင်တေမိက ဘာမျှမမေးရပါဘဲနှင့် ဆဋ္ဌံ ငါးစင်ရိုင်းသည် ကျွန်ုပ်အပေါ် လုံးကြီးလာလာတင်နေ၏။ ထိုခဏ ဂိုထောင်၏ အဆုံး၌ လေးတိုင်စင် စတိတ်ခုံဆီမှ အသံဗလံတွေ စတင်ပေါ်ထွက်လာခဲ့လေ သတည်း။



www.burmeseclassic.com

www.burmeseclassic.com


# ပျော်ရွှင်ထူးကဲ

# မွေးနေ့ပွဲ

# (အဆုံး)


www.burmeseclassic.com

www.burmeseclassic.com



**အသံတွေက** တကယ့်ကို ငြိမ့်ငြိမ့်ညောင်းညောင်း။

"တစ်သောင်းဇမ္ဗူပေါ် ... တောင်းဆုခြွေကာရည်မျှော် ... စည်းစိမ်ဥစ္စာများ ကြွယ်ဝတိုးတက်စေသား ... များဝေနေ စပါးနဲ့ဆန်ရေ အထွေထွေ ... ကောင်းမှုကုသိုလ်များ ... ထပ်မနားပြုလို့ ငွေမရှား ... စိန်ရွှေရတနာ .. နိုင်းကြည့်လည်း လွှမ်းကာ ... အချိန်ကုဋေကုဋာ အတိုင်းမသိဘဲ ချမ်းသာ ... စမ်းပါ ... လက်ပါတက်ဆဲ ပုလဲမြဆပွား ကျောက်သံပတ္တမြား .. ဆင့်ဆင့်ထား ... လိုတိုင်းတ၍ ရစေသား ... "

လေးတိုင်စင် စတိတ်ခုံပေါ်မှာတော့ အရပ်ကလန်ကလားနှင့် ပုဂ္ဂိုလ်တစ်ယောက်သည် ကာရာအိုကေ ဟဲရင်း ၎င်း၏ အသံဝါဝါကြီးဖြင့် ကျွန်ုပ်အပါအဝင် မွေးနေ့ပွဲကြွလာ မိတ်သဟာအပေါင်းတို့အား နှိပ်စက် (အဲ) ညှဉ်းခံနေလေ၏။

"ဘယ်သူဆိုနေတာလဲ မှတ်တယ်။ လက်စသတ်တော့ မောင်ပန်းနွယ်(အောင်လံ)ပါလား ဟရို့။ အသံကသာ မကောင်း တာ၊ ရုပ်ကျတော့လည်း မလှရှာဘူး"

"သူ့ရှေ့ သွားမပြောနဲ့ အာစီ။ သည်ပုဂ္ဂိုလ်ကြားသွားရင် ဗီဒီယိုတွေ၊ ဘာတွေ ရိုက်ချင်ရိုက်နေမှာ"

"ရိုက်ပါစေကွာ။ ဒီလိုမျိုး 'ပိုး'ငနဲ၊ 'ကြိုး'ငနဲတွေကို ဒါရိုက် တာ ဗိုင်မ်းတို့က စောင့်နေတာ။ ကိုင်း ... ကိုင်း။ ထိုင်စရာ နေရာလေး ရှာလိုက်ကြဦးစို့"

"ရှာမနေနဲ့ အာစီ။ ထိုင်ဖို့ရာ ဘာကုလားထိုင်မှ မရှိဘူး။



www.burmeseclassic.com

www.burmeseclassic.com


မြေကြီးပေါ် ဖိနပ်ခုထိုင်။ ဒါပဲ ရှိတယ်"

"ဟာကွာ ... ကိုရွှေတောသားဆိုတဲ့ ဝတ္ထုက အင်မတန် ခွက်ကျတာပဲ။ သူ့မွေးနေ့ပွဲက ငါးကြွင်းဆီနဲ့ ငါးကြွင်းကြော် တာချည်းပါပဲလား"

"ကြော်ပါစေ အာစိရယ်။ အာစိလို အယ်ဒီတာပြုတ်မဖြစ် ခင် ကြော်ရတဲ့ဥစ္စာ ခွင့်လွှတ်လိုက်စမ်းပါခင်ဗျ"

"အေးပါကွယ် အေးပါ... အေးပါ"

သို့ဖြင့် ကျွန်ုပ်တို့ ဆရာတပည့်လည်း မီးသွေးမှုန်တို့ ကျဲပြန့် ထားသည့် မြေကမ္ဘာပေါ်ဝယ် စီးလာသည့် ဖိနပ်များကို ချွတ်လျက် ဖင်ခုထိုင် လိုက်ကြလေ၏။

"အား"

"ဟ... ဘာဖြစ်တာလဲ ငါးစင်ရိုင်း"

"ခင်းထားတဲ့ ဖိနပ်ကိုကျော်ပြီး ထိုင်လိုက်တာ မီးသွေးခဲ အချွန် ဖင်စူးသွားလို့ အာစရိရဲ့"

ငါးစင်ရိုင်းတို့များ နမော်နမဲ့နိုင်သည့်နေရာ၌ တကယ့်ကို စံတင်ရ လောက်ပါ၏။ ထိုစဉ်ခဏ အသံသေတ္တာဆောင်းဘောက်မှ အသံတစ်သံ ထွက်ပေါ်လာ၏။

"မွေးနေ့မင်္ဂလာပွဲကို ကြွရောက်ချီးမြှင့်လာကြတဲ့ မိတ်သင်္ဂဟ အပေါင်းတို့ခင်ဗျား။ ဆရာမောင်ပန်းနွယ်(အောင်လံ)ရဲ့ သီဆို ဖျော်ဖြေမှု ပြီးတဲ့နောက် ခုတစ်ဖန် အလှည့်ကျလာသူကတော့ ကျွန်တော်တို့ 'ဂီတကင်ဆာ' တေးဂီတ'အဖွဲ့ရဲ့ ပင်တိုင်တေးသံရှင် ဆရာ 'သူ့ဗလငေါ်စွံ' ဖြစ်ပါတယ်။ သူဖျော်ဖြေမယ့် သီချင်းကတော့ သူကိုယ်တိုင် ခံစားစပ်ဆို သီဖွဲ့ ကွန့်ညွှန့်ထား တဲ့ 'ငါ့အချစ်တွေ နည်းနေသေးတယ်'ပဲ ဖြစ်ပါတယ်။ နားသောတကြဲ (အဲ ... ) ဆင်တော်မူကြပါ ခင်ဗျား"

"ဟာကောင်ရ ... သူ့ဗလငေါ်စွံက အချစ်တွေ တော်တော် လောဘကြီးပါကလား"

"ကြီးဆို သူ့ခန္ဓာကိုယ် တည်ဆောက်ထားတာကိုလည်း ကြည့်ပါဦး"

"ဟယ်... ဟုတ်ပါရဲ့။ ကျားကိုးစီး စားမကုန်တဲ့ခန္ဓာကြီး"


www.burmeseclassic.com

www.burmeseclassic.com



မှန်၏။ သူ့ဗလဂေါ်စွံမည်သော ဆရာသမားသည် ကြီးမားတုတ်ခိုင်လှစွာသော ခန္ဓာကိုယ်ပိုင်ရှင် ဖြစ်၏။ သို့သော်ငြား လေးတိုင်စင်ပေါ်သို့ လှမ်းတက်သည့်အခါမှာတော့ လှုပ်လီလှုပ်လဲ့နှင့် နုတ်ကတော်ပင် ဆလံသရမည့်စတိုင်။ ဟုတ်လေသည်။ မဟုတ်လေသည်တော့မသိ။ ၎င်းသည် စာနယ်ဇင်းလောက၌ အားလုံး၏ ဖြူခြင်းကို ခံရသူဖြစ်၏။ ကျွန်ုပ်မောင်တောမိနှင့်မူ မရင်းနှီးသေး။ အကယ်တန္တု ရင်းနှီးမှုရှိပါက ၎င်းထံမှ ကျွန်ုပ်လိုအပ်သော ဆေးကောင်းဝါးကောင်းများကို တိုးတိုးတိတ်တိတ် တောင်းခံမိမှာ သေချာ၏။ ဟော.. သူသီချင်းစဆိုပါချေပြီ၊ အံမာ.. ရုပ်ကသာမလာတာ။ အသံက တကယ့်ကိုအကောင်း။

"နည်းနည်းလေးချစ်တာ... ချစ်မဝ... များများကြီး ချစ်ချင်
သေးသပ... အီစကို ချစ်မယ့်အချစ်ကို... အားရဂုဏ်ယူ ကြွားဝင့်
လိုက်မယ်... (ချစ်တီး.. ချစ်တီး.. ချစ်တီး) ဟို ကောင်မလေး
... ဒီကောင်မလေး ... တို့ကတော့ ဂေါ်မှာပဲကွယ့် တကယ့်ကို
အားမရ.. လည်သလို ဝါးမဗျ... ဟာ.. ဟ.. ဟာဟ... "

သူ့ဟာနှင့်သူကတော့ ဟန်ချက်ညီညီ ပီပြင်ပါလေစွ။ စင်ပေါ်စတက်စဉ်က လှုပ်လီလှုပ်လဲ့ ဖြစ်သော်ငြား သီချင်းစျာန်ဝင်သွားလေသောအခါ၌မူ စင်ပေါ်ဝယ် ဝုန်းဒိုင်းကြဲပါလေတော့၏။ တီးလုံးကြော့နေစဉ်ခါးတောင်းမြှောင်အောင် ကျိုက်၏။ လက်မောင်းကြွက်သားတွေကို ညွှစ်ညွှစ်ပြ၏။ နားရွက်ဆွဲ ထိုင်ထလုပ်ပြ၏။ အောက်ဘက်ရှိ ပရိသတ်ကားလက်လုပ်သံ တဖြောင်းဖြောင်း။ သို့စဉ်ကြိုက် မွေးနေ့ပွဲလာ ပရိသတ်တစ်ဦးဖြစ်သော ဆရာမ ဝဝလှိုင်က ၎င်း၏ ဟန်းဘက်အိတ်ကို နှိုက်ကာငါးကျပ်တန် အစုတ်တစ်ရွက်ကို ဆွဲထုတ်၏။ ပြီးနောက် စင်ပေါ်၌ ကနားစီးလျက်ရှိသော သူ့ဗလဂေါ်စွံအား သွားရောက်ချီးမြှင့်လေရာ...

"ဟာ"

"ဂျွတ်.. ဂျွတ်.. ဝရုန်း... ဂျွမ်း"

"ဟယ်... စင်ပြိုပြီ... စင်ပြိုပြီ"

"ဟ ... လုပ်ကြပါဦး။ ဟိုဆရာသမား မြေမျိုသွားပလား မသိဘူး"

"ဆရာမ ဝဝလှိုင်ကိုလည်း ဆွဲထုတ်ကြပါဦး"

"စင်က ဆောက်ထားတာ ယဲ့ယဲ့ကလေး"

"ဟုတ်ပါရဲ့။ လူ့တစ်ကိုယ်တည်းတောင် မနည်းတောင့်ခံ



www.burmeseclassic.com

www.burmeseclassic.com



ထားရတာ။ ခုလိုမျိုး နှစ်ယောက်ရဲ့ဒဏ် ဆိုတော့ ကျွမ်းထိုး မှောက်ခုံ ဖြစ်တော့တာပဲပေါ့"

ထိုခဏ အခင်းဖြစ်ရာ နေရာသို့ မောင်ရစ်(စကွဲငစိန်) ရောက်လာ၏။ ရောက်ရောက်ချင်း လူရှိန်အောင် ဟန်းဖုန်းကို ထုတ်လိုက်လေ၏။ ဆက်တော့ ဆက်သေး။

"ဟလို... အိုင်ဆေး။ ကျွန်တော် ဘာကူညီရမလဲ ပြောပါ။ ကျွန်တော့်မှာ ဖုန်းပါပါတယ်။ ဘယ်ကို ဆက်ပေးရမလဲ ပြောပါ။ နာရေးကူညီမှုအသင်းက နှစ်ဖွဲ့ရှိပါတယ်"

"ဟာ... ဒီလူ ဘာတွေ လာပြောနေပါလိမ့်။ ဘယ်သူမှ ဘာမှ မဖြစ်ဘူး။ ပွန်းရုံပဲ့ရုံတင်လေး။ ဟိုမှာ တွေ့တယ် မဟုတ်လား။ ဆရာဝန်စာရေးဆရာမ ဒေါက်တာခင်ရန်ရှင်းကိုယ်တိုင် ကုပေးနေတာ"

"ဩော်... ဟုတ်ပါရဲ့။ ဆိုး... ဆောရီးနော်"

မောင်ရစ်(စကွဲငစိန်)လည်း မျက်နှာမရဘဲ ခပ်ကုပ်ကုပ်ကလေး ပြန်လှည့်သွားကာ တစ်နေရာသို့အရောက်ဝယ် ဖိနပ်ချွတ်လျက် ဖင်ခုထိုင်ရင်း တစ်နေရာရာကို ဖုန်းဆက်နေလေတော့၏။

"ဟော... ဟော.. ဟိုမှာ အာစီ၊ လာပြီ... လာပြီ"

"ဟ... ဘယ်သူ လာတာတုံး ငါးစင်ရိုင်းရဲ့"

"မွေးနေ့ရှင် ကိုရွှေတောသားနဲ့ သူ့တပည့် ပလာယာတို့ လေ"

"ဟေ... ဟုတ်ပါရဲ့ကွယ်"

အားကျဖွယ်ကောင်းပါဘိ။ ပလာယာသည် မုန့်စိမ်းပေါင်းဗန်းကြီးကို ခေါင်းပေါ်ရွက်ကာ ကျွန်ုပ်မောင်တေမိတို့ ရှိနေသော ဂိုဒေါင်တွင်းသို့ တစ်လှမ်းချင်း ဝင်လာသကဲ့သို့ ၎င်း၏နောက်မှ ၎င်း၏ အာစရိဖြစ်သော ခြစ်ညစ်ကျယ်ကျာနည်၏ အယ်ဒီတာချုပ် ကိုရွှေတောသားသည် တစ်လှမ်းချင်း လိုက်ပါလာလေ၏။ လက်ခုပ်သံတွေကား တဖြောင်းဖြောင်းနှင့်။ အများက ဩဘာပေးနေပါလျက် ကျွန်ုပ် မောင်တေမိအနေဖြင့် အသိကျိုးကျင် ပြုနေပါက ရိုင်းပျရာ ကျသွားလေမည်မို့ ကျွန်ုပ်လည်း လက်နှစ်ဖက်ကို နောင်ကျိုန်ချိုင်းမိလေတော့သတည်း။

Y Y Y



www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်တွေ ဝိုင်းဝိုင်းလည်နေသည့်ကြားမှာတော့ ဘယ်သူ့ထံမှ သမလာလေသည်မသိ။ မုန့်စိမ်းပေါင်း တောင်ပို့ကြီးသည် ထီးထီးမားမား ပလာအား အချက်ပြလိုက်လေရာ မုန့်စိမ်းပေါင်းပေါ်ဝယ် စိုက်ထူထားသော ဖယောင်းတိုင်တို့သည် မီးထွန်းညှိပြီးသား ဖြစ်သွားတော့သည်။ ထိုနောက် ကိုရွှေတောသားသည် ၎င်း၏ အိတ်ကပ်ထဲမှ ဖလက်လှီးသည့် ဓားကို ဆွဲထုတ်လိုက်၏။ ပြီး.. ဖယောင်းတိုင်မီးများကို မှုတ်လေ၏။

"ဟက်ပီးဘတ်ဒေး... တူးယူ၊ ဟက်ပီဘက်ဒေး.. တူးယူ"

"ဟက်ပီးဘတ်ဒေး... တူးယူ၊ ဟက်ပီဘက်ဒေး.. တူးယူ"

ပရိသတ်အပေါင်းက ဘိုဆန်ဆန်ဝိုင်း၍ ကောင်းချီးပေးနေစဉ် မှာပင် ကိုရွှေတောသားလည်း ဖလက်လှီးဓားဖြင့် မုန့်စိမ်းပေါင်းအား ခွဲချလိုက်လေတော့၏။

"ဖြောင်း.. ဖြောင်း.. ဖြောင်း.. ဖြောင်း"

လက်ခုပ်သံတွေ ညံမစဲတော့။

"အခုလို ကျွန်တော့်မွေးနေ့ပွဲကို မအားလပ်တဲ့ကြားထဲက ခုလိုမျိုး အရေးတယူနဲ့ လာရောက် အသိအမှတ်ပြု ချီးမြှင့်ပေးကြတာ အင်မတန်မှ ဝမ်းသာလှိုက်လှဲ ပီတိဖြစ်ရပါတယ်။ ကျေးဇူးလည်း အထူးတင်ပါတယ်။

BURMESE CLASSIC

ခုချိန်ကစပြီး ကျွန်တော်နဲ့အတူ ပျော်ပျော်ရွှင်ရွှင် ကိုယ်ပါလာတဲ့ အစားအသောက်တွေ စုစည်းထားရာဆီသွားလို့ အားပါးတရ သုံးဆောင်ကြပါ။ ကျွန်တော်ကိုယ်တိုင် မဖြစ်ညစ်ကျယ် ဂျာနယ် ထုတ်ဝေသူ စွပ်ပရား ချီးမြှင့်လိုက်တဲ့ Myanmar Cake ခေါ် မုန့်စိမ်းပေါင်းကို တစ်ဦးချင်းစီ လိုက်ခွဲ့ပါရစေခင်ဗျာ"

"ဟေး... ရှီး.. ဖြောင်းဖြောင်းဖြောင်း"

လက်ခုပ်သံတွေ သောသောညံသွား၏။ အားလုံးသည် ပျော် နေကြ၏။ အထူးသဖြင့် ကာလရှည်ကြာစွာ တဖောင်းဖေးနှင့် မျက်ချေး သဖွယ် ဖြစ်နေခဲ့သော ကျွန်ုပ်မောင်တေမိနှင့် ကိုရွှေတောသားတို့သည် ယခုအချိန်မှစ၍ ညီညွတ်သွားကြလေရာ ခဏခဏ မကြာမကြာ တီးမှုကို မြင်ပြင်းကတ်နေသော ပရိသတ်တို့အနေဖြင့် ဘဝင်ကျသွားလေသည်လော မသိ။ ဖွဲ့နှံစွာမှ ဝမ်းသာအယ်လဲ ဖြစ်ကြကုန်လေ၏။ ပလာယာနှင့် ဆဌဂံ ငါးစင်ရှိုင်းတို့သည် တစ်ဦးလက်ကိုတစ်ဦး ဆုပ်ကိုင်လျက် ရော့ခ်အင်ရိုး ကခွဲနေကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုရွှေတောသားမှ ကျွန်ုပ်မောင်တေမိအား မုန့်စိမ်းပေါင်းကို ကျွေး၏။ ကျွန်ုပ်လည်း ၎င်းအား ဘဲဥပြုတ်တစ်လုံးကို ခွံ့လိုက်၏။

"ဟေး.. ဖြောင်း.. ဖြောင်း.. ဖြောင်း.. ဖြောင်း"

ပရိသတ်၏ အားပေးသံ၊ လက်ခုပ်လက်ဝါးတီးသံတို့သည် မီးသွေးဂိုဒေါင် တစ်ခုလုံးအား သိမ့်သိမ့်ခါစေတော့၏။ ကျွန်ုပ်တို့နှစ်ယောက်သား အမုန်းသင်ပုန်းတွေ ချေလျက် ဖက်လဲတကင်း ပြုလိုက်ကြချိန်ဝယ် ဓာတ်ပုံဆရာ ဒလကျောက်လုံးသည် ကင်မရာ တဖျတ်ဖျတ် ရိုက်တော့၏။

ပျော်ကြလွန်း၍ထင့်။

တောင်စွန်းလှမ်းတောင်းနှင့် မောင်ပွေကြီး(ကတောင်း)တို့သည် လက်နှစ်ဖက် ခါးထောက်လျက် အင်္ဂလိပ်ကြက်ဖ ဘိုကြက်ဖအကကို ကကြလေ၏။ စာရေးဆရာမ ကျည်ပွေ့အိမ်၊ ဘလာဖြူ၊ မိုးပြဒယ်၊ ခင်ရန်ရှင်း၊ အိုးခြမ်းခွံ(ရာမည)၊ လက်ညှိုးရှင်း၊ ဝဝလှိုင်၊ ဖလုံခွက်သယ်၊ မယ်ဇလီဖူး(မြန်မာစာ)တို့ကလည်း အားကျမခံ ကြက်ဖခွပ်ကြကုန်၏။ ရှေ့နေစာရေးဆရာ ချစ်ကိုကိုညှလည်း ၎င်း၏ နွားကျောင်းသားဦးထုပ်ကို ဂိုးလ်ဖင်းဂါးပုံစံဖြင့် မိုးပေါ်ပစ်တင်လိုက်၏။ ထိုရောအခါ မုဆိုးစာရေး ဆရာ ကိုဖိုက်က ဝီစကီပြား လေး မော့နေရာမှ ဆတ်ခနဲ လေးခွထုတ်ပြီး ဦးထုပ်ကို လှမ်းပစ်ထည့်လိုက်၏။

"ဟေး.. ဝေး.. ဝေး"

ပျော်ပျော်ရွှင်ရွှင် မွေးနေ့ပွဲကလေးပါတည်း။

ကျွန်ုပ်နှင့် ကိုရွှေတောသားတို့ ပခုံးချင်းဖက်၊ အပြုံးချင်းယှက် နေချိန်ဝယ် အားလုံးသည် လက်ခုပ်သံ တဖြောင်းဖြောင်းဖြင့်...

"ခဏခဏ မကြာမကြာ ချစ်ကြပါစေ"

"ခဏခဏ မကြာမကြာ ချစ်ကြပါစေ"

"ခဏခဏ မကြာမကြာ ချစ်ကြပါစေ"

ဟူ၍ ဘွဝက်ညံ့အောင် ဟစ်ကြွေးနေကြပါသတည်း။

**အားလုံး *ကြည်ရွှင်ရယ်မောကြပါစေ* ...**

မြို့မေတ္တာခံယူမယ့်

**ကိုရွှေတောသား**

www.burmeseclassic.com